www.burmeseclassic.com



www.burmeseclassic.com

# မင်းမြတ်သူရ

## ချောက်ချောက်ချားချား

စာမူခွင့်ပြုချက်အမှတ်
၄၀၁၄၀၂၁၂၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၀၇၀၀၀၁၁

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

မင်းမြတ်သူရ
ချောက်ချောက်ချားချား/မင်းမြတ်သူရ၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၆၀- စာ၊ ၁၂×၁၈ စင်တီ။
(၁) ချောက်ချောက်ချားချား

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com







# မင်းမြတ်သူရ




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ငွေခင်သည် ကားကိုတစ်နေကုန် မောင်းလာသဖြင့် ပင်ပန်းနွမ်းနယ်နေလေ၏။ သူမသည် နေ့လယ်စာကိုပင် ကောင်းစွာမစားရသေးဘဲ လမ်း၌အလွယ်တကူ ဝယ်ယူ၍ရသော ကောက်ညှင်းထုပ်များကို ဝယ်ယူစားသောက်ခဲ့၏။

သူမမောင်းနှင်လာသော ဝော့ဆောဂင် ကားနက်ကြီးကို ဆီအပြည့်ဖြည့်၍ မရပ်မနား မောင်းနှင်လာခြင်းဖြစ်၏။

ယခု ကားထဲ၌ပင် ဆီများစွာ ကျန်ရှိတော့ပုံမရချေ။

ငွေခင်သည် ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ကားကို ရပ်၍ နားခိုနေချင်မိ၏။

ညှို့မှိုင်းဝေးကွာသောအရပ်သို့ ရောက်နေသဖြင့် သူမ နောက်သို့ အလွယ်တကူလိုက်ရန် မဖြစ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူမ နားမည်ဆိုလျှင် နားလို့ရနေပေပြီ။

သူမဘဝ၌ ယခုအချိန်လောက် စွန့်စားခန်းဖွင့်ရသည့် အချိန်မရှိ။

မည်သို့ပင်ဖြစ်စေ သူမ၏အကြံအစည် အောင်မြင်ခဲ့လျှင် ဘဝ၌ အရာရာပြောင်းလဲသွားပေပြီ။

စွန့်စားရကျိုးနပ်ပေပြီ။

ငွေခင်သည် ကားမောင်းရင်း အိပ်ငိုက်ချင်သလို ဖြစ်လာ၏။

မြို့များတစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်လာခဲ့၏။ မည်သည့်အရပ်သို့ ရောက်နေသည်ကို သတိမထားမိတော့။

ညနေစောင်းအချိန်၌ မြို့တစ်မြို့သို့ သူမ၏ကား ကျော်ဖြတ်သွား၏။

ထိုမြို့၏အမည်ကို ဖတ်ရှုကြည့်သော်လည်း သဲကွဲစွာ မမြင်လိုက်မိ။

ငွေခင်သည် လမ်းခွဲတစ်ခုသို့ ရောက်သောအခါ မှားယွင်းပြီး လမ်းသွယ်တစ်ခုထဲသို့ ချိုးချလိုက်၏။





သူမသည် စတုံးဘာကာ ကားနက်ကြီးကို အတန်ကြာအောင် မောင်းနှင်ပြီး လမ်းမှားသွားကြောင်း သတိထားလိုက်မိ၏။

သို့သော် နောက်ကြောင်းပြန်လှည့်ရန် ကျဉ်းမြောင်းသောကြောင့် ကားကိုဆက်၍မောင်းနှင်လာခဲ့၏။

ကားသည် တောအုပ်တစ်ခုအတွင်းသို့ တရွေ့ရွေ့ ဝင်ရောက်သွားနေလေ၏။

ငွေခင်သည် လမ်းကျယ်ပြီး ကားကွေ့နိုင်သော နေရာသို့ရောက်လျှင် ကားကိုပြန်ကွေ့ရန်ကြံ၏။

အတန်ကြာအောင် မောင်းနှင်ပြီးနောက် ကားကွေ့နိုင်ရန် ကျယ်ပြန့်သော မြေကွက်လပ်၏အဆုံး၌ တောခေါင်ခေါင်၌ ရှေးကျသော အိမ်ကြီးတစ်လုံးကို အံ့ဩဖွယ် မြင်တွေ့လိုက်ရ၏။

ရှေးဟောင်းအိမ်ကြီးသည် ဥရောပဆန်ဆန် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီးတစ်လုံးဖြစ်၏။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအိမ်ကြီး၏ မနီးမဝေး၌ အခန်းငယ်လေးများပါသော တန်းလျားသဏ္ဌာန် အဆောက်အဦတစ်ခုကို တွေ့ရ၏။

ထိုအဆောက်အဦ၏ရှေ့၌ ထောင်းမွှမ်းနေသော ဆိုင်းဘုတ်၌ "မြယမုံတည်းခိုရိပ်သာ" ဟူသော အမည်ကို ရေးထိုးထားသဖြင့် ငွေခင်သည် မိမိမျက်လုံးကိုပင် မယုံနိုင်အောင် ဖြစ်သွားပြီး ...

တောခေါင်ခေါင်ကြီးမှာ တည်းခိုရိပ်သာရှိပါလား။

ဒီနေရာကို ဘယ်သူတွေလာပြီး တည်းမှာလဲဟု ရေရွတ်ရင်း တစ်ခုတစ်ရာကို တွေးမိသွားပြီး ...

ဒီနေရာမှာ တစ်ဗဟ် ဆယ်ရက်လောက် နေအောင်းနေထိုင်ရင် ငါ့ရန်သူတွေ မျက်ခြည်ပြတ်သွားပြီ။

သူတို့ ငါ့နောက်ကို မလိုက်နိုင်တော့ဘူး။

ဟု တွေးလိုက်မိလေ၏။ ငွေခင်သည် မြယမုံတည်းခိုဆောင်ဟူသော အဆောက်အဦကိုကြည့်၍ လူသူအရိပ်အယောင်ကို မမြင်ရသဖြင့် ညမှောင်ရိသမ်းဖြစ်နေသော ပတ်ဝန်းကျင်ကိုကြည့်ကာ ...





"ဒီနေရာမှာ လူနေရဲ့လားမသိဘူး၊ နာနာဘာဝတွေများ ငါ့မျက်စိကို လှည့်စားထားတာလား"

ဟုတွေးရင်း ကြက်သီးတဖြန်းဖြန်း ထသွားမိ၏။

သို့သော် ငွေခင်သည် သတ္တိကောင်းသော မိန်းကလေးဖြစ်သဖြင့် ကြောက်ရွံ့ခြင်းမရှိဘဲ တည်းခိုအိမ်၌ လူရှိမရှိသိရန် အသံပြုလိုက်၏။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ငွေခင်သည် အတန်ကြာသည်အထိ မည်သူမျှ ထွက်မလာသဖြင့် ထပ်မံ၍ အသံပြုလိုက်ပြန်၏။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ဒီနေရာမှာ ဘယ်သူမှ မရှိကြဘူးလား၊ ကျွန်မ ဧည့်သည်တစ်ယောက်ပါ"

ငွေခင်သည် တည်းခိုအိမ်၏ တံခါးများကို ပိတ်ထားသောကြောင့် လူရှိမည် မထင်သဖြင့် ရဲတိုက်ဆန်ဆန် အိမ်ကြီးထံသို့ လျှောက်လှမ်းသွားလေ၏။

ထိုစဉ် အိမ်ကြီးဘက်မှ လူတစ်ဦးလျှောက်လှမ်းလာကြောင်း တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် လူလတ်ပိုင်းအရွယ်ရှိပြီး မိမိနှင့်မတော်သော အညိုရောင်ဘောင်းဘီပွကြီးနှင့် ကွက်ကျားအင်္ကျီကို ဝတ်ဆင်ထား၏။ ငွေခင်၏အနီးသို့ ရောက်သောအခါ ထိုသူက အံ့သြစွာကြည့်၍ ...

"ဘာကိစ္စရှိလို့လဲဗျ၊ ကျုပ်ဘာအကူအညီပေးရမှာလဲ"

ဟု မေးမြန်းလိုက်၏။ ငွေခင်သည် ထိုသူ၏အမူအရာကို မသိမသာ အကဲခတ်လိုက်ရာ အကြောင်းကြောင်း လူတစ်ဦး၏ အမူအရာရှိကြောင်း တွေ့လိုက်ရ၏။ ငွေခင်က ...

"ဒီနေရာမှာ ကျွန်မ တည်းခိုလို့ ရနိုင်မလား"

ဟု မေးမြန်းလိုက်လေ၏။ ကြောင်စီစီနိုင်သောလူသည် ငွေခင်၏စကားကြောင့် အလွန်စိတ်လှုပ်ရှားသော အမူအရာဖြင့် ...

"အံ့သြစရာကောင်းလိုက်တာ၊ ကျုပ်များကိုတောင် ကျုပ်မယုံနိုင်ဘူး၊ ဒီနေရာကို တည်းခိုဖို့ လူမလာတာ တစ်နှစ်နီးပါး ရှိပြီဗျ"





ဟု ပြောလေရာ ငွေခင်သည် ဤနေရာ၌ တည်းခိုလို့ မရနိုင်ဟု ယူဆကာ စိတ်ပျက်လက်ပျက် ဖြစ်သွားလေ၏။ ပြီးမှ တိတိကျကျ သိလိုသဖြင့် ...

"ဒါဆိုရင် ကျွန်မ ဒီမှာ တည်းလို့မရနိုင်ဘူးပေါ့ ဒုက္ခပါပဲရှင်"

ဟု ပြောလေ၏။ ထိုအခါ ကြောင်စီစီနိုင်သောလူက ကမန်းကတန်း လက်ကာ၍ ...

"အို ... ဘာဖြစ်လို့ မရနိုင်ရမှာလဲ၊ သိပ်ရတာပေါ့၊ တည်းခိုခန်းကို ရှားရှားပါးပါး ဧည့်သည်ရောက်လာပြီးမှ တည်းလို့မရဘူးဆိုရင် ကျုပ်အမေက ဆူပူကြိမ်းမောင်းလို့ ဆုံးမှာမဟုတ်တော့ဘူး"

ဟု ပြောလေ၏။ ငွေခင်သည် ဤနေရာ၌ တည်းခိုလို့ရနိုင်သည် ဆိုသဖြင့် စိတ်သက်သာရာ ရသွားလေ၏။

သူမပင်ပန်းနွမ်းနယ်လွန်းသဖြင့် အနားယူချင်လှပြီဖြစ်၏။ ထို့ကြောင့် တည်းခိုခန်းများဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်ပြီး တံခါးများကို သော့ခတ်ထားသဖြင့် ...



www.burmeseclassic.com

"ရှင်က ဒီတည်းခိုခန်းရဲ့ပိုင်ရှင်ပေါ့၊ တံခါးတွေအားလုံး သော့ခတ်ထားတယ်နော်"

ဟု မေးမြန်းလိုက်ရာ ကြောင်စိစိနိုင်သောလူက ရဲတိုက်စောင့်ဆန် အိမ်ကြီးဘက်သို့ မသိမသာ မျက်လုံးစွေကြည့်၍...

"ဒီတည်းခိုခန်းရဲ့ ပိုင်ရှင်က ကျုပ်အမေဗျ၊ ဟဲ ဟဲ ... အမေပိုင်တဲ့ တည်းခိုခန်းဆိုတော့ ကျုပ်လည်း ပိုင်တာပေါ့ ဗျာ၊ ကျုပ်က ပိုင်ရှင်လည်း ပိုင်ရှင်၊ အလုပ်သမားလည်း အလုပ်သမားပဲဗျ"

ဟု ပြောလိုက်လေ၏။ ငွေခင်သည် တည်းခိုခန်း၌ အလုပ်သမားမရှိကြောင်း ရိပ်စားမိသွားလေ၏။

အလုပ်သမားမရှိသဖြင့် တည်းခိုရန် အဆင်ပြေပါ့ မလားမသိ။

"ရှင့်ရဲ့အခန်းတွေ ကောင်းမှကောင်းသေးရဲ့လား၊ လူနေ လို့မှ ရရဲ့လား"

ဟု မေးမြန်းလိုက်ရာ ကြောင်စိစိလူက ရယ်မော၍...





"ဟဲ ဟဲ ... ဒီအတွက်တော့ မပူနဲ့၊ ကျုပ်အမေရဲ့ခေတ်က တည်းခိုခန်းဖွင့်ပြီး ညစ်ပတ်ပေရေနေရင် လုံးဝမကြိုက်ဘူး ဗျ၊ အမေဆူမှာစိုးလို့ အခန်းတွေကို လူမလာပေမယ့် နေ့စဉ်သန့်ရှင်းရေး လုပ်ထားရတယ်၊ ဟဲ ဟဲ ... ဒါပေမဲ့ အခန်းအားလုံးတော့ မဟုတ်ပါဘူး၊ နေ့စဉ်အခန်း(၂)ခန်းပဲ သန့်ရှင်းရေးလုပ်ထားတယ်၊ ကျန်တဲ့အခန်းနှစ်ခန်းကတော့ လူနေလို့မရအောင် ပျက်စီးနေပြီဗျ၊ တစ်နှစ်နေလို့ လူတစ်ယောက်မှ လာမတည်းတဲ့အခန်းတွေကို အလုပ်သမားထား ပြီး ပြင်ဆင်နေရင် ကျုပ်တို့ ရူးရုံပဲရှိတော့တာပဲ၊ မဟုတ် ဘူးလား"

ဟု ပြောဆောရာ ငွေခင်သည် အကြောင်ကြောင်နိုင် သောလူကို စကားဆက်၍ မပြောလိုတော့သဖြင့် ...

"ဒါဆိုရင် ရှင့်ရဲ့တံခါးတွေကို ဖွင့်ပေးပါဦး၊ ကျွန်မနား ချင်လှပြီ၊ ရေလည်းချိုးချင်နေပြီ၊ ရေတော့ရှိပါတယ်နော်"

ဟု မေးမြန်းလိုက်၏။ ကြောင်စိစိလူက ခေါင်းညိတ် ၍ ...

www.burmeseclassic.com



"ဒါအတွက်တော့ မပူပါနဲ့ဗျာ၊ ကျုပ်တို့အခန်းတွေက တောခေါင်ခေါင်မှာ ရှိပေမယ့် မြို့ပေါ်မှာရှိတဲ့ အခန်းတွေလို ပြည့်စုံပါတယ်၊ ကျုပ်တို့ဆီမှာ အားနည်းချက်တစ်ခု ရှိတာက စားရေးသောက်ရေးပဲဗျ၊ မြို့နဲ့ဝေးတဲ့နေရာမှာဆိုတော့ အစားအသောက် စုံစုံလင်လင် မရနိုင်ဘူး။ ကျုပ်တို့သွားအမိစားသလို စားမယ်ဆိုရင်တော့ စီစဉ်ပေးနိုင်ပါတယ်"

ဟု ပြောလေ၏။ ငွေခင်က ကြောင်စီစီလူကိုကြည့်၍ ...

"ကျွန်မ နားလည်ပါတယ်ရှင်၊ မြို့ပေါ်မှာလိုတော့ အစားအသောက်ကောင်းကောင်း ဘယ်ရနိုင်မှာလဲ၊ ရှင်တို့သွားအမိစားသလိုပဲ စီစဉ်ပေးပါ၊ အစားအသောက်အတွက် ကျွန်မ ပိုက်ဆံသပ်သပ်ပေးပါ့မယ်၊ ဒါနဲ့ တည်းခိုခကို တစ်နေ့ ဘယ်လောက်ယူသလဲ"





ဟု မေးမြန်းလိုက်ရာ ကြောင်စီစီလူသည် ခုတိုက်ဆန်ဆန်အိမ်ကြီးဘက်သို့ လှည့်ကြည့်၍ ငွေခင်ကို အားတုံ့အားနာဟန်ဖြင့်ကြည့်ကာ ...

"တည်းခိုခအတွက်တော့ အားနာပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်အမေရဲ့ စည်းကမ်း ဖြစ်နေလို့ပါ၊ တစ်နေ့ကို ၇၅ ကျပ်ကျပါတယ်၊ တည်းခိုခ နည်းနည်းများတဲ့အတွက် ထမင်းဖိုးမပေးပါနဲ့ဗျာ၊ ကျုပ်တို့ဆီက ကျွေးပါ့မယ်"

ဟု ပြောလေ၏။ ငွေခင်သည် တောခေါင်ခေါင်၌ ဖွင့်သော တည်းခိုခန်းခသည် မြို့ကြီးများ၌ဖွင့်သော တည်းခိုခန်းခကဲ့သို့ ဈေးကြီးကြောင်း သတိပြုမိလိုက်၏။

သို့သော် တည်းခိုခန်းခ စည်းမျဉ်း ဈေးများသောကာမူ မိမိအတွက် ရန်သူများလက်မှ လွတ်မြောက်ရန် အရေးကြီးနေသဖြင့် ငြင်းဆန်နိုင်ခြင်းမရှိဘဲ လက်ခံလိုက်လေ၏။

ကြောင်စီစီလူသည် တည်းခိုခန်းခ ဈေးများသဖြင့် အားနာကြောင်း နှစ်ကြိမ် သုံးကြိမ် ထပ်တောင်းပန်နေသဖြင့် ငွေခင်က စကားဖြတ်ကာ သော့ယူရန် စေနိုင်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကြောင်စီစီလူသည် သော့ယူရန် အိမ်ကြီးဆီသို့ ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့၏။

ထိုသူသည် ခဏကြာလျှင် သော့ယူလာပြီး ထောင့်ဘက်ဆုံးအခန်းကို ရှေ့မှဦးစောင်၍ ဖွင့်လေ၏။ ကြောင်စီစီလူက သော့ဖွင့်ရင်း ငွေခင်ဘက်သို့လှည့်ကာ ...

"ကျုပ်ဆီက အခန်းတွေထဲမှာ ဒီအခန်းက အကောင်းဆုံးဗျ၊ နံနက်တုန်းက သန့်ရှင်းရေးတစ်ခါ လုပ်ထားသေးတယ်၊ အိပ်ရာခင်းနဲ့ စောင်တွေလည်း အသစ်လဲထားတယ်၊ ဗီရိုထဲမှာလည်း ပရုတ်လုံးထည့်ထားတယ်၊ ရေချိုးခန်းလည်း ဆေးထားပြီးသားဗျ၊ လိုတာရှိရင် ကျွန်တော့်ကိုခေါ်ပေါ့ဗျာ"

ဟု ပြောလေ၏။ ငွေခင်သည် အရေးအကြောင်းဖြစ်လျှင် ထိုသူကို မည်သို့ခေါ်ရမှန်း မသိသဖြင့် ...

"ရှင့်ကို ဘယ်လိုခေါ်ရမှာလဲ"

မေးမြန်းလေ၏။ ကြောင်စီစီလူက ထိုအချက်ကို သတိရသွားဟန်ဖြင့် ...





"သြော် ... ခင်များကိုပြဖို့ မေ့နေတယ်၊ တည်းနိုဆောင်တွေရှေ့က သစ်ပင်မှာ ခေါင်းလောင်းကြီးတစ်ချောင်းဆွဲထားတယ်၊ ကြိုးဆွဲလိုက်လို့ ခေါင်းလောင်းသံ ကြားရင် ကျုပ်ရောက်လာမှာပါ"

ဟု ပြောလေ၏။ အခန်းတံခါးဖွင့်ပြီးသောအခါ ငွေခင်သည် အခန်းထဲသို့ မျက်လုံးဝေ့ကြည့်လိုက်ရာ တော့ခေါင်ခေါင်၌ ဖွင့်လှစ်ထားသော်လည်း အလွန်သန့်ရှင်းသပ်ရပ်ကြောင်း တွေ့ရ၏။

အိပ်ရာပေါ်ရှိ ခေါင်းအုံးစွပ်နှင့် စောင်များအားလုံး သန့်ရှင်းစင်ကြယ်နေလေ၏။

ငွေခင်သည် ရေချိုးခန်းသို့ သွားရောက်ကြည့်ရှုလေရာ မယုံနိုင်ဖွယ်ကောင်းလောက်အောင် သန့်ရှင်းသပ်ရပ်ကြောင်း တွေ့ရ၏။

ရေချိုးခန်းထဲ၌ ငွေခင် အနှစ်သက်ဆုံးမှာ ပန်းကနုတ်များနှင့် တန်ဆာဆင်ထားသော ကိုယ်လုံးပေါ်မှန်ကြီးပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် တစ်နေကုန် ကားမောင်းလာသော ကြောင့် ပင်ပန်းနွမ်းနယ်လွန်းလှသဖြင့် အဝတ်အစားများကို ချွတ်ကာ ရေကိုတဝကြီး ချိုးလိုက်လေ၏။

ငွေခင်သည် အေးမြသောရေကို ချိုးခွင့်ရသဖြင့် ပင်ပန်းနွမ်းနယ်မှုများ အတော်အတန် ပြေပျောက်သွားလေ၏။

ပြီးနောက်တွင်မူ ရေချိုးခန်းထဲတွင် အသင့်တွေ့ရသော မွေးပွတဘက်ကြီးဖြင့် ကိုယ်ခန္ဓာကိုပတ်၍ ထွက်ခဲ့၏။

အိပ်ခန်းထဲရှိ ခုတင်ကြီးကို မြင်သောအခါ အဝတ်အစားကိုပင် မလဲနိုင်တော့ဘဲ မွေးပွတဘက်ကြီးကိုပတ်ကာ အိပ်ရာပေါ်သို့ ခုန်တက်လိုက်၏။

ညစာမစားမီ အချိန်ရသလောက် အနားယူမည်ဟု တွေးကာ ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်လေ၏။

ငွေခင်သည် ခုတင်ပေါ်တွင်လှဲရင်း သူမ၏ယောက်ျား ဦးတိုင်းအုပ်၏မျက်နှာကို မြင်ယောင်ကာ ဒေါသတကြီး တက် ခေါက်လိုက်ပြီး ...





"လူယုတ်မာကြီး ... ရှင် အခု ဘာတတ်နိုင်သေးလဲ၊ ရှင် ကျွန်မကို အနိုင်ကျင့်လို့ မရတော့ဘူး၊ ကျွန်မမှာ စည်းစိမ် ဥစ္စာနဲ့ ပြည့်စုံနေပြီ၊ ရှင့်ဆီကို ဘယ်တော့မှ ပြန်မလာတော့ ဘူး"

ဟု ကြုံးဝါးလိုက်လေ၏။ ငွေခင်သည် ထိုသို့ကြုံး ဝါးရင်း ကားပေါ်တွင်ပါလာသော ငွေထုပ်ကြီးကို စိုးရိမ်စောင်း ဖြစ်မိ၏။

ယခု မိမိရောက်ရှိနေသော တည်းခိုခန်းသည် တော ခေါင်ခေါင်ကြီး၌ ရှိသဖြင့် သူမ၏အသက်ကို အချုပ်ချယ်ပြီး ကားပေါ်ရှိ ငွေထုပ်ကြီးကို မသမာသူက လုယက်ယူငင်သွားနိုင် သည်ကို တွေးမိ၏။

ထိုသို့တွေးရင် မိမိ အစိုးရိမ်ပိုသွားကြောင်းလည်း ရိပ်စားမိလိုက်ပြီး ...

"ငါဘာသာ အစိုးရိမ်ပိုသွားတာပါ၊ ကားထဲမှာ ငွေထုပ်ကြီး ရှိနေတာ ငါကလွဲလို့ ဘယ်သူသိနိုင်မှာလဲ၊ အရေးကြီးတာ



www.burmeseclassic.com

www.burmeseclassic.com



က ပိပိရိရိ နေရပိုင်ဖို့ပဲ၊ အခုလောက်ဆိုရင် လူယုတ်မာကြီးရဲ့တပည့်တွေဟာ ငါ့ကို အသေရရ၊ အရှင်ရရ လိုက်ရှာနေမှာ သေချာတယ်"

ဟု တစ်ကိုယ်တည်း တွေးလိုက်မိလေ၏။

ငွေခင်သည် သူမ၏ယောက်ျား ဦးတိုင်းအုပ်၏ငွေများကို ခိုးယူပြီး ထွက်ပြေးခဲ့ခြင်းဖြစ်၏။

ငွေခင်သည် အိပ်ရာပေါ်တွင်လှဲရင်း သူမ၏ဆိုးဝါးလှသော ဘဝနောက်ကြောင်းများကို ပြန်လည် စဉ်းစားမိလေ၏။

ဦးတိုင်းအုပ်သည် ဆီစက်၊ ဆန်စက်များနှင့် ကျောက်အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်၏။

သူမ၏ဖခင် ဦးလှဝသည် ဦးတိုင်းအုပ် ထံတွင် မန်နေဂျာအလုပ်ကို သစ္စာရှိစွာ လုပ်ကိုင်ခဲ့၏။

နောက်ဆုံးတွင် ဦးတိုင်းအုပ်ပိုင် ကျောက်စိမ်းများကို နယ်စပ်ရှိ တရုတ်ကုန်သည်များထံသို့ သွားရောက်ရောင်းချ





ရင်း လမ်းခရီး၌ ဓားပြတိုက်ခံရပြီး ကျောက်စိမ်းများ ဆုံးရှုံးသွားခဲ့၏။

ဦးလှဝကိုယ်တိုင်လည်း ဓားပြများ၏ နှိပ်စက်မှုကြောင့် မသေရုံတမယ် ခံစားပြီး ပြန်လည်ရောက်ရှိလာ၏။

ဦးတိုင်းအုပ်သည် လွန်စွာတန်ဖိုးကြီးသော ကျောက်စိမ်းများ ဆုံးရှုံးသွားကြောင်း သိရသောအခါ ဓားပြတိုက်သွားသည်ဟု မယုံကြည်ပဲ ဦးလှဝကို သစ္စာဖောက်သည်ဟု စွပ်စွဲခဲ့လေ၏။

ဦးလှဝသည် ဦးတိုင်းအုပ်၏ လုပ်ငန်းများကို နှစ်ပေါင်းများစွာ ရိုးရိုးသားသား လုပ်ကိုင်လာသူ ဖြစ်သဖြင့် အမှန်တကယ် ဓားပြတိုက်သွားခြင်းဖြစ်ကြောင်း အကြိမ်ကြိမ်အဖန်ဖန် ရှင်းပြလေ၏။

သို့သော် လောဘအိုးကြီး ဦးတိုင်းအုပ်သည် ဦးလှဝ၏ဖြေရှင်းမှုကို နားဝင်ခြင်းမရှိဘဲ လိမ်ညာကောက်ကျစ်၍ ယူဆောင်ထားသော ကျောက်စိမ်းတုံးများ ပြန်ပေးရန်သာ တောင်းဆိုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်သည် ဦးတိုင်းအုပ်၏ စွပ်စွဲချက်ကြောင့် ရင်ထုမနာဖြစ်ပြီး အိပ်ရာထဲသို့ လဲလေတော့၏။

ဤကဲ့သို့ ဖခင်ဖြစ်သူ မနာမကျန်း ဖြစ်နေသော်လည်း ဦးတိုင်းအုပ်၏တပည့်များသည် အိမ်သို့ မကြာခဏလာရောက်၍ ဖခင်လိမ်လည်ရယူထားသော ကျောက်စိမ်းများ ပြန်မပေးလျှင် အိမ်ကိုပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

ငွေခင့်ကို မိသားစုနေထိုင်သောအိမ်သည် ဦးတိုင်းအုပ်ထံမှ ချေးယူထားသောငွေဖြင့် ဝယ်ယူထားခြင်းဖြစ်၏။

ဖခင်၏ရောဂါဝေဒနာ ပိုမို၍ သည်းထန်လေ၏။

ငွေခင်တို့မိသားစုသည် ဦးတိုင်းအုပ်၏ ပယောဂကြောင့် စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် နေထိုင်ခဲ့ရလေ၏။

နောက်ဆုံး၌ အိပ်ရာထဲတွင် လဲနေသော ဖခင်၏ဝေဒနာကို မကြည့်ရက်သော မိခင်သည် သမီးဖြစ်သူကို လက်ဆွဲကာ ဦးတိုင်းအုပ်၏အိမ်ကြီးဆီသို့ ထွက်ခဲ့လေ၏။





ဦးတိုင်းအုပ်နှင့် တွေ့ဆုံသောအခါ မိခင်က ဖခင်ဦးလှဝသည် ဦးတိုင်းအုပ်အပေါ် အလွန်သစ္စာစောင့်သိသူဖြစ်ကြောင်း ကျောက်စိမ်းများကို အမှန်တကယ် ဓားပြတိုက်သွားခြင်းဖြစ်ကြောင်း အကြိမ်ကြိမ် အဖန်ဖန် ရှင်းပြပြီး နောက်တစ်ကြိမ်အိမ်သို့ လူမိုက်များ စေလွှတ်ပြီး ခြိမ်းခြောက်ခြင်းမပြုရန် တောင်းဆိုလေ၏။

ငွေခင်တို့အိမ်၏ ဂရန်ကိုလည်း ဦးတိုင်းအုပ်၏လက်ထဲသို့ ထည့်ပေးလိုက်၏။

ထိုအချိန်၌ ဦးတိုင်းအုပ်သည် မိခင်၏ပြောစကားများကို နားဝင်ဟန်မရှိဘဲ ငွေခင်၏လှပသော ကိုယ်နေဟန်ကိုသာ စူးစူးရဲရဲ ကြည့်ရှုနေလေ၏။

လုံးကြီးပေါက်လှ ငွေခင်သည် မျစ်စို့ပေါက်သဖွယ် နုနုထွားထွား ရှိလှ၏။ မျက်လုံးအစုံမှာလည်း ညို့ငင်အားကောင်းလှ၏။

ငွေခင်သည် သူမ၏ကိုယ်လုံးကို တပ်မက်စွာ ကြည့်ရှုနေသော ဦးတိုင်းအုပ်ကြောင့် ရှက်သွေးဖြာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိခင်၏ တောင်းပန်စကားများကို နားထောင်၍ ဦးတိုင်းအုပ်က ...

"ခင်ဗျားရဲ့ယောကျ်ားက ကျုပ်အပေါ် သစ္စာရှိကောင်းရှိမယ်၊ ဒါပေမဲ့ ဒီတစ်ကြိမ် ဆုံးရှုံးသွားတာ သိပ်များတယ်ဗျ၊ ကျုပ်ရဲ့ပစ္စည်းတွေထဲက အကောင်းဆုံးတွေပဲ၊ ဦးလူဝရဲ့တာဝန်မကျေပွန်လို့ အရေးယူရတာပဲ၊ ဒါကြောင့် ကျုပ်တစ်ပတ်စဉ်းစားမယ်၊ ခင်ဗျားရဲ့ဂရန်ကို ပြန်ယူသွားပါ၊ တစ်ပတ်ပြည့်တဲ့နေ့မှာ ခင်ဗျားတစ်ယောက်တည်း ကျုပ်ဆီကို ပြန်လာခဲ့ပါ၊ ဒီတစ်ပတ်အတွင်းတော့ ကျုပ်တပည့်တွေ ခင်ဗျားတို့အိမ်ကို ရောက်မလာစေရဘူး"

ဟု ပြောကာ ငွေခင်တို့ သားအမိကို ပြန်လွှတ်လိုက်လေ၏။

ငွေခင်၏မိခင်သည် တစ်ပတ်လုံးလုံး ဘုရားရှိခိုးပြီး ဆုတောင်းနေလေ၏။





တစ်ပတ်ပြည့်သောအခါ ဦးတိုင်းအုပ်သည် မိခင်ကို လက်ခံတွေ့ဆုံ၍ လေးနက်သော အမူအရာဖြင့် ...

"ဦးလူဝကြောင့် ကျုပ်ရဲ့ဥစ္စာစီးပွားတွေ အများကြီး ဆုံးရှုံးသွားခဲ့တယ်၊ ပထမတော့ ဆုံးရှုံးသွားတဲ့ တန်ဖိုးတွေ များပြားလွန်းတဲ့အတွက် ကျုပ် အတော်စိတ်ဆိုးခဲ့တယ်၊ ကျုပ်ကို သစ္စာဖောက်သွားတယ်လို့ပဲ ထင်မြင်ခဲ့တယ်၊ ဒါပေမဲ့ ဟိုးအရင်ကတည်းက ကျုပ်လုပ်ငန်းတွေကို ရိုးရိုးသားသား လုပ်ကိုင်ပေးတာကိုထောက်ပြီး ကျုပ် သူ့အပေါ် ပြေငြိမ်းပေးလို့ရတယ်၊ ဒါပေမဲ့ ဒီလိုပြေငြိမ်းဖို့အတွက် ခင်ဗျားတို့က ကျုပ်ကို တစ်ခုပြန်ပေးဆပ်ရမယ်"

ဟု ပြောလေရာ မိခင်သည် ဦးတိုင်းအုပ်ကို နားမလည်ဟန်ဖြင့်ကြည့်၍ ...

"ကျွန်မတို့က ဆင်းရဲပါတယ် သူဌေးရယ်၊ သူဌေးကိုဘာများပြန်ပြီး ပေးနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ ဦးတိုင်းအုပ်က မိခင်ကို စူးစူး ရဲရဲကြည့်၍ ...

"ခင်ဗျားတို့မှာ ပေးဆပ်စရာရှိတယ်ဆိုတာ ကျုပ်လွန်ခဲ့တဲ့ အပတ်က သိမြင်သွားခဲ့တယ်၊ ကျုပ် ရှင်းရှင်းပဲပြောမယ်၊ ခင်ဗျားရဲ့သမီးလေးကို ကျုပ် မြင်မြင်ချင်း မေတ္တာရှိခဲ့တယ်၊ ကျုပ်ဟာ ဒီနေ့အထိ အိမ်ထောင်မရှိသေးပဲ လူပျိုကြီးဆိုတော့ ငွေခင့်ကို မိသားဖသားပီပီ တောင်းရမ်းပြီး လက်ထပ်ချင်တယ်၊ ခင်ဗျားတို့က ကျုပ်နဲ့ ငွေခင်နဲ့ကိစ္စကို လက်ခံပေးမယ်ဆိုရင် ကျုပ်က ခင်ဗျားယောကျ်ားအပေါ် မှာထားတဲ့ အပြစ်တွေကို မေ့ပစ်နိုင်တယ်၊ နောက်ပြီးတော့ ခင်ဗျားတို့မိသားစု စားရေးဝတ်ရေး အဆင်ပြေအောင် ကျုပ် ငွေကြေးထောက်ပံ့ပေးမယ်၊ ခင်ဗျားယောကျ်ားစိတ် ထိခိုက်ပြီး အိပ်ရာထဲ လဲနေပြီ မဟုတ်လား၊ သူ့ကိုဆေးကု ပေးဖို့ ငွေတွေ ဘာတွေ လိုမှာပေါ့"





ဟု ပြောလိုက်လေ၏။ မိခင်သည် ဦးတိုင်းအုပ်ထံမှ မထင်မှတ်သောစကားကို ကြားရသဖြင့် အလွန်စိတ်ထိခိုက်ပြီး အိမ်သို့ပြန်လာခဲ့လေ၏။ အဘယ်ကြောင့်ဆိုသော် ဦးတိုင်းအုပ်သည် အသက် ၅၀ ရှိသည့်တိုင် တစ်ကိုယ်တည်း လူပျိုကြီးလုပ်နေသည် ဆိုသော်လည်း မိန်းမမူ အလွန်ပွေသည်ဟု ကြားဖူး၏။

ဦးတိုင်းအုပ်သည် မြို့တကာလည်၍ မကောင်းသော မိန်းမများနှင့် ပျော်ပါးလေ့ရှိသည်ဟု သိရ၏။

ယခု ဦးတိုင်းအုပ်ကဲ့သို့ အကျင့်စာရိတ္တဆိုးဝါးလှသော လူတစ်ယောက်နှင့် သမီးဖြစ်သူအား ပေးစားရန် မည်သို့မျှ မဖြစ်နိုင်ချေ။

သမီးကလည်း ဦးတိုင်းအုပ်ကဲ့သို့ သက်ကြားအိုကြီးကို လက်ထပ်လိုမည် မထင်ချေ။

ဦးတိုင်းအုပ်သည် အကျင့်စာရိတ္တ ကောင်းမွန်သည်ဆိုလျှင် အဖေအရွယ် ဖြစ်နေသည့်တိုင် သမီးနှင့် ပေးစားနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဦးတိုင်းအုပ်ကဲ့သို့ မိန်းမမှုအလွန်ရှုပ်လှသော လူတစ်ဦး၏လက်သို့ သမီးဖြစ်သူအား မည်သည့်မိဘက ထည့်ရက်မည်နည်း။

မိခင်သည် မျက်စိမျက်နှာပျက်ပြီး အိမ်သို့ ပြန်လာလေရာ ငွေခင်သည် ဦးတိုင်းအုပ်ထံမှ အခြေအနေကို သိလိုစောဖြင့် မေးမြန်းလေ၏။

သို့သော် မိခင်ဖြစ်သူက ဖြေလိုဟန်မရှိဘဲ ...

"အဆင်မပြေပါဘူး သမီးရယ်၊ အမေတို့တော့ ခက်တာပဲ"

ဟု ပြောလေ၏။ ငွေခင်ကလည်း သိချင်လှသဖြင့် အတန်တန် မေးမြန်းပြန်၏။ မိခင်ကလည်း ငွေခင့်ကို မပြောရက်သဖြင့် ...

"မသိချင်ပါနဲ့ သမီးရယ်၊ ဦးတိုင်းအုပ်က အတော်မကောင်းတဲ့လူပဲ"

ဟူ၍သာ ဖြေလေ၏။





ငွေခင်သည် မိဘများ၏ အကျပ်အတည်းကို နားလည်စာနာတတ်သူဖြစ်၍ မိခင်၏အကျပ်အတည်းကို မရ,ရအောင်မေးမြန်း၏။

ထိုအခါမှပင် မိခင်က ရင်နင့်ကြေကွဲစွာဖြင့် သမီးဖြစ်သူအား ဖွင့်ပြောလိုက်၏။

ငွေခင်သည် ဦးတိုင်းအုပ်၏ဆန္ဒသဘောထားကို သိရှိပြီးနောက် ရင်ထဲတွင် အလွန်ပူလောင်သွား၏။

ငွေခင်၌ မောင်ဖေငယ် ဆိုသော ချစ်သူတစ်ဦးရှိ၏။ မောင်ဖေငယ်သည် မြို့လယ်ဈေး၌ ဖိနပ်ဆိုင်လေးတစ်ဆိုင်ရှိ၏။

မောင်ဖေငယ်သည် ရောဂါသည်မိခင်ကြီးကို လုပ်ကျွေးပြုစုရသူဖြစ်၏။ ၎င်း၌ ညီငယ်ညီမငယ်လေးများလည်းရှိ၏။ မည်သို့ပင်ဖြစ်စေ ငွေခင်သည် မိဘနစ်ပါးကို စာနာတတ်သူဖြစ်သဖြင့် ဟန်ဆောင်လိုက်ပြီး ...

"အော် ... ဦးတိုင်းအုပ်လို သူဌေးကြီးက သမီးကို လိုချင်တယ်တဲ့လား၊ ဦးတိုင်းအုပ်သာ လိုချင်ရင် သမီးထက်သာတဲ့လူတွေကို ခေါင်းခေါက်ပြီး ရွေးလို့ရတာပဲ"

www.burmeseclassic.com



ဟု ပြောလေရာ မိခင်ဖြစ်သူက ငွေခင်၏မျက်နှာကို နားမလည်ဟန်ဖြင့်ကြည့်၍ ...

"ဘာပဲဖြစ်ဖြစ် သူဌေးက မိန်းကလေးတွေနဲ့ ရှုပ်ပွေတယ်လို့ သတင်းကြားဖူးတယ်၊ ဒီလိုလူမျိုးနဲ့ ငါ့သမီး နုနုထွတ်ထွတ်လေးကို ဘယ်တော့မှ သဘောမတူနိုင်ပါဘူး"

ဟုပြောလေ၏။ ငွေခင်သည် မိခင်၏မေတ္တာစေတနာကို နားလည်သော်လည်း ဖခင်၏သေရေးရှင်ရေးက အရေးကြီးနေသဖြင့် ...

"ဘာပဲဖြစ်ဖြစ် အမေရယ်၊ သမီးတို့မှာ ထွက်ပေါက်ဆိုလို့ ဒါတစ်ခုပဲရှိတယ်၊ သမီးစဉ်းစားပါမယ် အမေ၊ ဦးတိုင်းအုပ်က အသက်ကြီးပေမယ့် သူဟာ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံတယ်၊ သူလိုလူမျိုးကို သမီး ရွေးချယ်လိုက်မယ်ဆိုရင် အမေတို့တစ်သက်လုံး စိတ်မဆင်းရဲတော့ဘူး"

ဟု ဆိုကာ အိမ်ခန်းထဲသို့ ဝင်ရောက်ခဲ့လေ၏။ အိပ်ခန်းထဲသို့ ရောက်သောအခါမှပင် ခေါင်းအုံးပေါ်တွင် မျက်နှာ





ကပ်၍ ဝမ်းပန်းတနည်းရှိုက်ငိုလိုက်၏။ သူမ၏ချစ်သူ မောင်ပေငယ်နှင့် ခွဲခွာရတော့ပေမည်။ ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပေစွ။

ငွေခင်သည် တစ်ပတ်ပြည့်သောအခါ ဦးတိုင်းအုပ်၏ဆန္ဒကို လိုက်လျောမည်ဖြစ်ကြောင်း ပြောလေရာ မိခင်သည်သမီးကို အံ့သြဟန်ဖြင့်ကြည့်၍ ...

"စဉ်းစားပါဦး သမီးရယ်၊ သမီးနဲ့ သူဌေးဟာ အသက်ချင်းလည်းကွာတယ်၊ သူဌေးနဲ့ပတ်သက်တဲ့ သတင်းတွေလည်း သမီး ကြားဖူးမှာပေါ့"

ဟု ပြောလေရာ ငွေခင်က ထိုကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ သဘောမထားဟန်ဖြင့် ...

"အမေရယ်၊ ဒါအရေးမဟုတ်ပါဘူး၊ ဒီနေ့ခေတ်မှာ ငွေကြေးချမ်းသာတဲ့ ယောက်ျားတွေဟာ မိန်းမနဲ့မကင်းကြပါဘူး၊ အမေတို့အမြင်မှာ ဦးတိုင်းအုပ်က ဆိုးချင်ဆိုးမယ်၊ သမီးတို့ ခေတ်လူငယ်တွေ အမြင်မှာတော့ ဒီနေ့ခေတ် သူဌေးသူကြွယ်တွေအကြောင်း နားလည်ပြီးသားပဲတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းအုပ်ရဲ့အကျင့်ဆိုးတွေကို ခွင့်လွှတ်ပေးရပါမယ်၊ သူက လုပ်ကြီးဘဝနဲ့ ရှုပ်ပွေပေမယ့် အိမ်ထောင်ကျတဲ့အခါ ခြေငြိမ်သွားရင် သွားနိုင်တာပဲ၊ ဦးတိုင်းအုပ်က သမီးထက် အသက်ကြီးတယ် ဆိုပေမယ့် ရွယ်တူယောက်ျားတွေထက် သမီးဘဝကို အများကြီး ပြည့်စုံကြွယ်ဝအောင်ထားနိုင်တယ်၊ လောကမှာ အရေးကြီးတာက အေးအေးချမ်းချမ်း နေရဖို့ပဲ မဟုတ်လား၊ သမီးက ဦးတိုင်းအုပ်ကိုလက်ခံလိုက်ရင် အမြတ်တွေအများကြီး ထွက်ပါတယ်၊ သူ့ကိုသာ လက်ခံလိုက်ရင် တင့်တောင်းတင့်တယ် နေရမယ်၊ အဖေရဲ့ကျန်းမာရေး ကောင်းအောင်လည်း ကုသနိုင်မယ်၊ အမေတို့လည်း ရှေ့ဆက်ပြီး အေးအေးချမ်းချမ်းနေရမယ်၊ ဒါကြောင့် ဦးတိုင်းအုပ်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ရတာပါ"

ဟု ပြောလေရာ မိခင်ဖြစ်သူသည် သမီး၏စကားကြောင့် ဝေ့ဝေ့ဝါ ဖြစ်သွားလေ၏။ သမီးဖြစ်သူ ဟန်ဆောင်နေ





ခြင်းကို မသိချေ၊ ငွေခင်သည် မိဘနှစ်ပါးအတွက် နှလုံးသားကိုစတေးလိုက်ရသဖြင့် ရင်ထဲတွင် နာကျင်ကြေကွဲရလေ၏။

သူမ၏ချစ်သူ မောင်ဖေငယ်ကို လွန်စွာချစ်မြတ်နိုးသော်လည်း မိဘများအတွက် နှလုံးသားခံစားချက်ကို စတေးရပေတော့မည်။

နောက်ဆုံးတွင်မူ မိခင်သည် သမီးဖြစ်သူ၏ လိုလိုလားလား တောင်းဆိုမှုကြောင့် ဦးတိုင်းအုပ်ထံသို့ သွားရောက်ပြီး မင်္ဂလာပွဲလုပ်ရန် မိဘများအနေဖြင့် သဘောတူညီကြောင်း၊ သမီးဖြစ်သူကလည်း ကြည်ဖြူစွာ လက်ခံကြောင်း ပြောလေရာ နှုတ်ခမ်းမြက်နကြိုက်ကြီး ဦးတိုင်းအုပ်သည် လွန်စွာသဘောကျနပ်သွားလေ၏။

ထိုအခါ ငွေခင်သည် သူမ၏ချစ်သူ မောင်ဖေငယ်အား ခွဲခွာရမည့်အကြောင်းကို ပြောပြလိုက်လေ၏။

"တောက် ... သစ္စာမရှိတဲ့မိန်းမ၊ ငါလို ဆင်းရဲနွမ်းပါးတဲ့ ဖိနပ်သည်တစ်ယောက်ကို စွန့်ခွာပြီး သူဌေးကတော်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ပေါ့၊ မင်းတို့မိန်းမတွေ သစ္စာမဲ့လှချည်လား၊ ငွေတွေ ဂုဏ်တွေကို မက်မောလှချည်လား၊ လောကမှာ ငွေထက်အရေးကြီးတဲ့သူတွေ အများကြီးရှိတယ်ကွ၊ ငါလို ရိုးသားဖြောင့်မတ်တဲ့ သစ္စာရှင်ကို ပစ်ပြီးတော့ သက်ကြားအိုကြီးကို ယူတော့မယ်ပေါ့၊ ဒီလူကြီးဟာ ငွေတွေဂုဏ်တွေ ရှိပေမယ့် စာရိတ္တမကောင်းတဲ့လူကြီးဆိုတာ မင်း မသိတာ အံ့ပါရဲ့ကွာ"

ဟု ဒေါသတကြီး ပြောဆိုနေလေ၏။ ငွေခင်သည် ဖခင်ဖြစ်သူ၏ ဂုဏ်သိက္ခာကို ငဲ့ကွက်၍ ချစ်သူကို အပြစ်မှန်အတိုင်း မပြောဘဲနေခဲ့၏။

ငွေခင်က ဝမ်းနည်းလွန်းသဖြင့် မျက်ရည်များ တသွင်သွင်စီးကျနေလေ၏။

ငွေခင်က ရှိုက်ငို၍ ...

"ရှင်ပြောချင်သလိုပြောတော့၊ ကျွန်မမှာ အပြစ်ရှိတဲ့လူဆိုတော့ ခံရတော့မှာပဲ"





ဟု ပြောဆိုရင်း ချစ်သူ၏အရှေ့မှ ပြေးထွက်ခဲ့လေတော့၏။

တစ်ပတ်ခန့်ကြာသောအခါ ငွေခင်၏ချစ်သူ မောင်ဖေငယ်ထံမှ ငွေခင်နှင့် နောက်ဆုံးအကြိမ်အနေဖြင့် တွေ့ဆုံလိုကြောင်း အကြောင်းကြားစာ ရောက်ရှိလာ၏။

ငွေခင်သည် ချစ်သူချိန်းဆိုရာ မြို့တစ်ဖက်ကမ်းရှိ မီနီတောသို့ လှေငယ်လေးတစ်စီးဖြင့် သွားရောက်ခဲ့လေ၏။

တစ်ဖက်ကမ်း၌ မောင်ဖေငယ်သည် ငွေခင်ကို အသင့်စောင့်ကြိုနေပြီး လက်ကမ်းပေးကာ ...

"လာမလာပါ့မလားလို့ စိုးရိမ်လိုက်ရတာ ငွေခင်ရယ်"

ဟု ပြောလေရာ ငွေခင်က မောင်ဖေငယ်၏မျက်နှာကိုကြည့်၍ ...

"ကိုဖေငယ် နောက်ဆုံးတွေ့ချင်လို့ချိန်းတာ ကျွန်မ မလာဘဲ ဘယ်ရှိပါ့မလဲ"

ဟု ပြန်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖေငယ်သည် ငွေခင်အား ဓနိတောအလယ်ရှိ တဲအိမ်ကလေးသို့ ခေါ်ဆောင်သွားလေ၏။

တဲအိမ်ထဲ၌ မည်သူမျှမရှိသဖြင့် မေးမြန်းကြည့်ရာ မောင်ဖေငယ်က တဲပိုင်ရှင်ကို ပိုက်ဆံအနည်းငယ်ပေး၍ နှင်ထုတ်ထားသည်ဆို၏။

တဲအတွင်းသို့ ရောက်သောအခါ မောင်ဖေငယ်က ...

"ကိုယ် အားလုံးသိပြီးပြီး ငွေခင်၊ ငွေခင် သက်ကြားအိုကြီးကို လက်ထပ်ဖို့ သဘောတူတာ ငွေခင့်အဖေရဲ့အကျပ်အတည်းကြောင့် မဟုတ်လား၊ ဒီအကြောင်းတွေကို သက်ကြားအိုကြီးရဲ့တပည့်တစ်ယောက်ဆီက ကိုယ်သိပြီးပါပြီ၊ ဒါကြောင့် ငွေခင်ကို အပြစ်မပြောရက်တော့ပါဘူး၊ ကျုပ်အားလုံးကို ခွင့်လွှတ်တယ်"

ဟု ပြောလေ၏။

ငွေခင်သည် မောင်ဖေငယ်၏ ရင်ခွင်ထဲသို့ တိုးဝင်၍ တအင့်အင့် ရှိုက်ငိုလိုက်၏။





ထို့နောက် မောင်ဖေငယ်က ငွေခင့်ပါးကို နမ်းလိုက်ပြီး ကိုယ်ခန္ဓာကို ဖျာပေါ်သို့ တွန်းလှဲလိုက်ရာ ငွေခင်သည် ထိတ်လန့်ပြီး "မလုပ်နဲ့"ဟု တားဆီးလေ၏။ သို့သော် ကိုဖေငယ်သည် သရဲစီးနေသူကဲ့သို့ ကြောက်မက်ဖွယ် အမူအရာနှင့် ငွေခင်ကို ချုပ်ကိုင်လိုက်ပြီး ...

"ကိုယ့်ချစ်သူရဲ့ အပျိုစင်ဘဝကို သက်ကြားအိုကြီးလက်မှာ မအပ်စေချင်ဘူး၊ ဒီလူကြီးနဲ့ မတန်ဘူး"

ဟု ပြောကာ ငွေခင်၏နှုတ်ခမ်းကို စုပ်နမ်းကာ အလိုမတူဘဲ အဓမ္မကျူးလွန်လေတော့၏။

ဤသို့ဖြင့် ငွေခင်သည် မောင်ဖေငယ်၏ ရူးသွပ်မှုကြောင့် သူမ၏အပျိုစင်ဘဝကို ဆုံးရှုံးရရှာ၏။

ငွေခင်သည် ထိုနေ့မှစ၍ မောင်ဖေငယ်နှင့် တွေ့ဆုံခြင်းမရှိတော့ချေ။

သူမသည် မကြာမီ အိမ်ထောင်ရှင်တစ်ဦး ဖြစ်တော့မည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အခန်းတံခါးခေါက်သံ တခေါက်ခေါက် ကြားရသဖြင့် ငွေခင်သည် အတိတ်ကာလမှ ပြန်လည်သတိရလာ၏။

ငွေခင်သည် ခုတင်ပေါ်မှ ရုတ်တရက် ခုန်ထလိုက်ပြီးမှ အဝတ်အစား မဝတ်ရသေးကြောင်း သတိပြုမိသဖြင့် ...

ထဘီနှင့်အင်္ကျီကို ကမန်းကတန်းဝတ်ကာ "ခဏနေပါဦးရှင်" ဟု အော်ဟစ်လိုက်လေ၏။

ငွေခင်သည် ထဘီနှင့်ဘလောက်အင်္ကျီကို ဝတ်ဆင်ပြီးသောအခါ အခန်းတံခါး ဖွင့်ပေးလိုက်လေ၏။

ထိုအခါ အခန်းဝ၌ ရပ်နေသော တည်းခိုအိမ်မှ ကြောင်စီစီလူကို တွေ့ရ၏။ သူ၏လက်ထဲ၌ ဆွဲခြင်းတစ်ခုပါလာပြီး ၎င်းက ...

"ခင်ဗျားအတွက် ညစာလာပို့တာပါ၊ ဟင်းတော့ သိပ်မကောင်းဘူး၊ သည်းခံပြီးစားပါ"

ဟု ပြောလေရာ ငွေခင်က ခြင်းတောင်းကို ဆွဲယူလိုက်ပြီး ...





"ရပါတယ်ရှင်၊ ကျွန်မကတော့ အစားအသောက် ကြေးမများတတ်ပါဘူး"

ဟု ပြောလေ၏။ ငွေခင်သည် ခြင်းတောင်းကိုအခန်းထဲသို့ သွင်းနေစဉ် ကြောင်စီစီလူသည် အနောက်မှကပ်လိုက်လာ၏။

ငွေခင်သည် ထိုသူ၏အပြုအမူကို မနှစ်သက်သဖြင့် စိတ်ထဲတွင်ကျိတ်ပြီး သက်ပြင်းချလိုက်၏။

သူမတစ်ယောက်တည်းရှိနေသော အခန်းကို သူစိမ်းယောကျ်ားတစ်ဦးကို မခေါ်ချင်ပေ။

ကြောင်စီစီလူက ...

"ဒီနေ့ည ကျုပ် တည်းခိုခန်းဘက် ရောက်မှာမဟုတ်တော့ဘူး၊ ကျုပ်အမေအတွက် ညစာစားဖို့ လုပ်ပေးရဦးမယ်၊ အမေကတော့ ဧည့်သည်ရောက်လို့ ပျော်နေပုံရတယ်၊ ဪ ... အမေမေးရင် ပြောရအောင် ခင်ဗျားနာမည်ကို ပြောပါဦး၊ ကျုပ်နာမည် သူတော်လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေရာ ငွေခင်က သူမအမည်ကို မိတ်ဆက်ရန် သတိရသွားပြီး ...

"ဟုတ်ပါရဲ့ ကျွန်မနာမည်ကိုတောင် မပြောရသေးဘူး၊ ကျွန်မနာမည် ငွေခင်လို့ ခေါ်တယ်"

ဟု ပြောလေ၏။ သူတော် ဆိုသူက ခေါင်းညိတ်၍ ...

"ငွေခင် ... ငွေခင် ... နာမည်လေးက ခေါ်လို့ကောင်းသားပဲ၊ ကဲ ... ဒီနေ့ညတော့ ကျုပ်သွားပြီဗျို့၊ အရေးအကြောင်းရှိရင်တော့ အခန်းရှေ့က ခေါင်းလောင်းကို ဆွဲလိုက်ပေါ့၊ ကျုပ်တို့အိမ်ကြီးကနေ ခေါင်းလောင်းသံကို ကောင်းကောင်းကြားရပါတယ်"

ဟု ပြောကာ ပြန်လည်ထွက်ခွာသွားလေ၏။ ငွေခင်သည် သူတော် ထွက်ခွာသွားသောအခါ တံခါးကိုပိတ်၍ သေချာစွာ ချက်ချလိုက်၏။

ငွေခင်သည် ဗိုက်ထဲတွင် အလွန်ဆာလောင်နေသဖြင့် ခြင်းတောင်းထဲရှိ စားသောက်ဖွယ်ရာများကို ထုတ်ကြည့်လိုက်၏။





သူမ တစ်နေကုန် ကားမောင်းလာရသဖြင့် ဗိုက်ထဲတွင် ဟာနေလေ၏။

ခွဲခြင်းထဲရှိ ဟင်းများမှာ ငါးပိကောင်ကို ငရုတ်သီးနှင့်ကြော်ထားပြီး ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်း၊ ငါးပိရည်တို့စရာတို့ ပါရှိ၏။ ငွေခင်သည် ထမင်းဟင်းများကို ဆာဆာနှင့်ကုန်စင်အောင် စားသောက်လိုက်၏။ ပြီးနောက် ရေကိုတဝကြီးသောက်လိုက်ပြီး ...

"စားလို့ကောင်းလိုက်တာ၊ သူ့အမေရဲ့လက်ရာထင်တယ်၊ နောက်တစ်နေ့မှာ သူ့အမေကို ငါတွေ့ရမယ်၊ ဘာပဲဖြစ်ဖြစ် တောခေါင်ခေါင်မှာ ငါ့အတွက် မိန်းမဖော်ရှိတော့ ကောင်းတာပေါ့"

ဟု တစ်ကိုယ်တည်း ပြောလိုက်၏။ ငွေခင်သည် ပန်းကန်များကိုဆေးကာ ခြင်းတောင်းထဲသို့ ပြန်ထည့်ထားလိုက်ပြီး အိပ်စက်ရန် ပြင်ဆင်လေ၏။ သူမသည် အိပ်ရာပေါ်တွင် လှဲချလိုက်ပြီးမှ ကားထဲတွင် ကျန်ရစ်ခဲ့သော ငွေထုပ်ကြီးကို စိတ်မချဘဲ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခရိုးဆောင်အိတ်ထဲမှ လက်နှိပ်ဓာတ်မီး ကိုယူ၍ အခန်းထဲမှ အပြင်သို့ထွက်ခဲ့၏။

တည်းခိုခန်းနှင့် မလှမ်းမကမ်းရှိ ညောင်ပင်ကြီး အောက်၌ သူမ၏ စတူဘေကာ ကားနက်ကြီး ရပ်ထားလေ၏။

ငွေခင်သည် ကားနက်ကြီးအနီးသို့ ရောက်သောအခါ ချေးအုပ်ကြီး ဆွဲဆွဲငင်ငင် အူလိုက်သောအသံကို ကြားရသဖြင့် အမှောင်ထဲသို့ စောင်းငဲ့ကြည့်လိုက်ပြီး တောကြီးမျက်မည်းထဲ၌ နာနာဘာဝ သရဲတစ္ဆေများ ရှိသလောဟု တွေးကာ ကြက်သီး တဖြန်းဖြန်း ထသွားလေ၏။

ငွေခင် တုန်လှုပ်ချောက်ချားပြီး ကားနောက်ဖုံးသော့ကို ဖွင့်လေရာ သော့ပေါက်မှားပြီး ဖွင့်နေမိ၏။

ပြီးမှ လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် သေချာစွာ ကြည့်ရှုပြီး ဖွင့်လှစ်ပြန်ရာ ကားနောက်ဖုံးသော့သည် ထောက်ခနဲပွင့်လေ၏။





ကားနောက်ဖုံးထဲ၌ ငွေစက္ကူများ ထည့်ထားသော ဂုန်နီအိတ်ကို လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် ထင်ရှားစွာမြင် ရသောကြောင့် ရင်အေးသွားလေ၏။ ငွေခင်သည် လောဘဇော ကပ်နေသဖြင့် ငွေထုပ်ကြီးကို ကြည့်ရုံဖြင့် အားမရသေးပဲ ဂုန်နီ အိတ်ကိုချည်ထားသောကြိုးကို ဖြေလေ၏။

ကြိုးပြေသွားသောအခါ ဂုန်နီအိတ်ထဲ၌ ငွေစက္ကူ ထပ် အမြောက်အမြားကို မြင်တွေ့ရသဖြင့် အလွန်ကျေနပ်အားရ သွားမိ၏။

ယနေ့မှစ၍ ထိုငွေများအားလုံးကို သူမတစ်ယောက် တည်း ပိုင်ဆိုင်ပေတော့မည်။

ငွေခင်သည် ငွေစက္ကူထုပ်များကို အားရအောင်ကြည့် ရှုပြီး ကြိုးကိုပြန်စည်းကာ ကားနောက်ဖုံးကို အသာအယာပိတ် လိုက်၏။

ထိုအခိုက်မှာပင် သူမ၏အနီးသို့ တစ်စုံတစ်ယောက် ရောက်ရှိနေသလို ခံစားရသဖြင့် အလွန်စိတ်လှုပ်ရှားပြီး တတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အမှောင်ထဲ၌ လူတစ်ဦး ငြိမ်သက်စွာ ရပ်နေကြောင်း တွေ့ရ၏။

ထိုသူကိုကြည့်၍ ငွေခင်သည် လန့်ပြီးမအော်မိစေရန် အတော်သတိထားလိုက်ရ၏။

အမှောင်ထဲ၌ ငြိမ်သက်စွာ ရပ်တည်နေသူမှာ သူတော်ဆိုသူဖြစ်၏။ သူတော်က တည်ငြိမ်သော အမူအရာဖြင့် ...

"ကျုပ် အိမ်ပေါ်ထပ်က လှမ်းကြည့်တော့ ကားအနီးမှာ လက်နှိပ်ဓာတ်မီးရောင်ကို မြင်ရတယ်၊ ကျုပ်က မသမာသူ တစ်ယောက်ယောက်ထင်ပြီး ဒီကိုလာကြည့်တာပဲ၊ ကားအနားကိုရောက်တော့မှ မငွေခင် ဖြစ်နေတာတွေ့ရတယ်၊ ကျုပ် အသံမပြုဘဲ ငြိမ်သက်နေတာက အသံပြုလိုက်ရင် မငွေခင် ရုတ်တရက် လန့်သွားမှာစိုးလို့ပါ"

ဟု ပြောလေ၏။ ငွေခင်သည် ရင်ထဲတွင် တုန်လှုပ်ချောက်ချားမှု မပြေပျောက်နိုင်သေးသဖြင့် သူတော်ကိုစကားဖြတ်၍ တည်းခိုခန်းထဲသို့ဝင်ကာ တံခါးကို ချက်ချထားလိုက်၏။





မိမိ ငွေစက္ကူထုပ်များကို ငေးမောကြည့်နေစဉ် သူတော်ဆိုသူ ရောက်ရှိလာ၏။

သို့သော် ငွေစက္ကူများကို သူတော် မမြင်နိုင်လောက်ဟု တွေးကာ စိတ်ကိုဖြေလိုက်ရလေ၏။

ပြီးနောက် အိပ်ရာပေါ်သို့လှဲကာ အိပ်ချလိုက်လေ၏။

ငွေခင်သည် ပင်ပန်းနွမ်းနယ်လွန်းသဖြင့် အလွယ်တကူ အိပ်ပျော်သွားလေ၏။

ထိုညက ကြောက်မက်ဖွယ် အိပ်မက်ဆိုးများကို မြင်မက်ခဲ့၏။

အိပ်မက်ထဲ၌ သူမယောကျ်ား ဦးတိုင်းအုပ်နှင့် လူဆိုးလူမိုက်များသည် လက်နက်များကိုင်ဆွဲ၍ သူမအနောက်သို့ လိုက်လာ၏။ ငွေခင်သည် ပြေးရင်းလွှားရင်း အလွန်နက်သော တောကြီးတစ်ခုသို့ ရောက်ရှိနေ၏။

သူမသည် ဦးတိုင်းအုပ်နှင့် လူဆိုးလူမိုက်များကို ကြောက်ရွံ့သဖြင့် အသက်လုပြီး ပြေးနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြေးလွှားရင်း တောနက်ကြီး တစ်နေရာသို့ ရောက်သောအခါ ဝက်ဝံနက်ကြီးတစ်ကောင်က သူမကို တိုက်ခိုက်ပြန်၏။

ငွေခင်သည် ဝက်ဝံနက်ကြီးကို ကြောက်ရွံ့သဖြင့် နောက်ကြောင်းပြန်ပြေးရာမှ ဦးတိုင်းအုပ်တို့ လက်ထဲသို့ ရောက်သွား၏။

ဦးတိုင်းအုပ်က သူမကို ဒေါသတကြီး ရိုက်နှက်၍ ငွေစက္ကူထုပ်ကြီးကို ပြန်လည်ရယူသွား၏။

ပြီးနောက် ဦးတိုင်းအုပ်သည် ငွေခင်အား သူ၏ တပည့် လူဆိုးလူမိုက်များကြား၌ ရက်စက်စွာ ထားခဲ့လေ၏။

လူဆိုးလူမိုက်များသည် ငွေခင်ကို မသတ်သေးပဲ အစေ့ပြုကျင့်ရန် ကြံစည်ကြ၏။

ငွေခင်သည် အော်ဟစ်ရုန်းကန်သော်လည်း နောက်ဆုံး၌ တဏှာရူးများလက်သို့ ကျရောက်သွားလေ၏။





တဏှာရူးလူမိုက်များသည် ငွေခင်ကို တစ်ယောက်ပြီးတစ်ယောက် အားရအောင် ကျင့်ကြံပြီးနောက် ချောက်ကမ်းပါးဆီသို့ ထမ်းခေါ်သွားပြီး အောက်သို့ပစ်ချလိုက်လေ၏။ ငွေခင်သည် ငယ်သံပါအောင်အော်ဟစ်ပြီး ချောက်ထဲသို့ ပြုတ်ကျသွားရလေ၏။

ထိုအခါမှပင် အိပ်မက်မှ လန့်နိုးလာလေ၏။

နောက်တစ်နေ့နံနက် အိပ်ရာမှနိုးသောအခါ ငွေခင် အိပ်ရာမှထပြီး ရေမိုးချိုးလေ၏။

ရေချိုးပြီးနောက် အခန်းတံခါးကိုဖွင့်ပြီး ဝတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်၏။

နံနက်မိုးသောက် အလင်းရောင်ဖြင့် ရှေးအိမ်ကြီးကို မြင်တွေ့ရလေ၏။

ရှေးအိမ်ကြီးသည် ဟောင်းအိုနေပြီး အချို့နေရာများတွင် ပျက်စီးယိုယွင်းနေ၍ ပြန်လည်ပြုပြင်ထားလေ၏။

ငွေခင်သည် ထိုမှတစ်ဖန် သူမ၏ဧတုဘောကာဘားနက်ကြီးကို လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ဖုံးထဲတွင် သူမ၏ ငွေထုပ်ကြီးရှိနေ၏။

ထိုငွေထုပ်ကြီးနှင့် သူမဘဝကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရပေမည်။

ငွေခင်သည် ကားရှိရာသို့သွားပြီး ကားစက်ကိုနှိုး ကြည့်လိုက်ရာ အလွယ်တကူပင် နိုးလေ၏။

ပြီးနောက် တည်းခိုအိမ်နှင့် မလှမ်းမကမ်း ပတ်ဝန်း ကျင်အနှံ့ လမ်းလျှောက်ကြည့်မည်ဟု စိတ်ကူးကာ တစ်ကိုယ်တည်း ထွက်ခဲ့လေ၏။

ထိုသို့ထွက်ခဲ့ရင်း တည်းခိုအိမ်နှင့် မလှမ်းမကမ်း၌ သာယာလှပသော ရေကန်ကြီးတစ်ကန်ရှိကြောင်း တွေ့ရ၏။

ငွေခင်သည် နာရီဝက်ခန့် လမ်းလျှောက်ပြီးနောက် တည်းခိုအိမ်သို့ ပြန်ခဲ့လေတော့၏။

တည်းခိုအိမ်သို့ ပြန်ရောက်သောအခါ သူတော် ဆိုသူသည် ခြင်းတစ်လုံးကိုဆွဲ၍ အစိမ်းရှေ့၌ ရပ်နေကြောင်းတွေ့ ရ၏။





သူတော်က ငွေခင်ကိုကြည့်၍ ...

"လမ်းလျှောက်သွားတယ် မှတ်တယ်၊ ဟောဒီမှာ ထမင်း ကြော်နဲ့ ရေနွေးကြမ်း လာပို့တာပါ"

ဟု ပြောလေရာ ငွေခင်က ခြင်းတောင်းကို လှမ်းယူ၍ ...

"ကျေးဇူးပါပဲရှင်၊ ရှင့်အမေလက်ရာနဲ့တူတယ်"

ဟု ပြောလေ၏။ ထိုအခါ သူတော်က အိမ်ဆိုကြီး ဘက်သို့ မသိမသာ ငဲ့ကြည့်၍ ...

"အမေ့လက်ရာ မဟုတ်ပါဘူး၊ ကျုပ် လုပ်ထားတာပါ၊ အမေက အသက်ကြီးနေပြီ၊ သွားသွားလာလာ မလုပ်နိုင် တော့ဘူး"

ဟု ပြောလေရာ ငွေခင်သည် သူတော်၏စကား ကြောင့် အနည်းငယ် အံ့သြသွား၏။

"ရှင့်အမေရဲ့အသက်က ဘယ်လောက်ရှိပြီလဲ"

ဟု မေးမြန်းလေရာ သူတော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အမေရဲ့အသက်က (၇၀)ကျော်ပြီဗျ၊ ကျုပ်ငယ်ငယ်လေးတည်းက ကျုပ်အဖေ ဆုံးသွားတော့ ကျုပ်တို့သားအမိဟာ အမေတစ်ခု သားတစ်ခု ဘဝနဲ့ နေထိုင်လာခဲ့တာပါ၊ ဪ ... အရေးကြီးတာတစ်ခု မှာထားရဦးမယ်၊ စိတ်တော့ မရှိပါနဲ့ဗျာ၊ ကျုပ်တို့အိမ်ကြီးဘက်ကို ညှေ့သည်မိန်းကလေးတွေ ကူးသန်းလာခွင့်မရှိဘူး"

ဟု ပြောလေရာ ငွေခင်က နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်၍ ...

"ရှင်တို့စည်းကမ်းက အထူးအဆန်းပါလား၊ ညှေ့သည်မိန်းကလေးတွေ ဘာလို့ လာခွင့်မရှိတာလဲ"

ဟု မေးမြန်းလေ၏။ သူတော်က ငွေခင်ကို အားတုံ့အားနာဟန်ဖြင့်ကြည့်၍ ...

"ဒီအကြောင်းတွေကို အေးအေးဆေးဆေးမှ ကျုပ်ပြောပြပါမယ်"

ဟု ပြောကာ အိမ်အိုကြီးဘက်သို့ ပြန်လည်ထွက်ခွာသွားလေ၏။





ငွေခင်သည် အခန်းထဲသို့ ပြန်ဝင်လာပြီး သူတော်ပို့ထားသော နံနက်စာကို စားသောက်လေ၏။

၎င်း၏နံနက်စာမှာ အထူးဆန်းမဟုတ်ဘဲ ထမင်းကြော်နှင့် ကြက်ဥကြော်နှစ်လုံးသာဖြစ်၏။ ထို့ပြင် ခေတ်ဘူးနှင့် ထည့်ထားသော ရေနွေးကြမ်းအိုးလည်း ပါရှိ၏။

ငွေခင်သည် ထမင်းကြော်စားရင်း သူတော် ပြောသွားသော စကားကို ပြန်လည်တွေးတောနေမိ၏။

တည်းခိုခန်း၌ လာရောက်တည်းခိုနေသော မိန်းကလေးညှေ့သည်များ အိမ်ကြီးဘက်သို့ လာရောက်ခွင့်မပြုဟု ဆို၏။

တောခေါင်ခေါင်၌ ဖွင့်လှစ်ထားသော တည်းခိုခန်းဖြစ်၍ မိန်းကလေးများ အိမ်ကြီးဘက်သို့ လာရောက်ရန် မသင့်တော်သောကြောင့် တားမြစ်ထားပုံရ၏။

သူတော်ဆိုသူ၏ ပြောစကားအရဆိုလျှင် သူ၏မိခင်သည် အသက်အရွယ် ကြီးရင့်လှပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအိမ်ကြီး၌ သူတော်နှင့် မိခင်ဖြစ်သူသာ နေထိုင်ပုံရ၏။

ဤသို့ဆိုလျှင် အိမ်မှုကိစ္စများနှင့် တည်းခိုခန်းကိစ္စများအားလုံးကို သူတော် တစ်ယောက်တည်းသာ လုပ်ကိုင်နေပုံရ၏။

ငွေခင်သည် ရန်သူများလက်မှ ရှောင်တိမ်းနေခိုက် မိန်းမဖော်တစ်ဦးနှင့် နေထိုင်မည်ဆိုသော မျှော်လင့်ချက် ပျက်ပြယ်သွားလေ၏။

ဦးတိုင်းအုပ်၏ တပည့်တပန်းများသည် မြန်မာပြည်အနှံ့လှည့်၍ သူမကို ရှာဖွေနေတော့မည်။

ဤမျှလူသူအရောက်အပေါက်နည်းသော အရပ်၌ သူမ ပုန်းခိုနေကြောင်း မည်သူမျှ အွေးမိမည်မထင်ချေ။

ငွေခင်သည် နံနက်စာစားပြီးနောက် အခန်းထဲ၌ တစ်ကိုယ်တည်း နေထိုင်ရင်း မိမိဘဝနောက်ကြောင်းကို ပြန်လည်တွေးတောနေမိပြန်၏။





ငွေခင်သည် သူမ၏ချစ်သူ မောင်ဖေငယ်နှင့် အချစ်နယ်ကျွံပြီးနောက် မိန်းမသားတစ်ဦး၏သစ္စာကို စောင့်စည်းကာ မောင်ဖေငယ်နှင့် တွေ့ဆုံခြင်း မရှိတော့ချေ။ မောင်ဖေငယ်သည် ငွေခင်နှင့် ထပ်မံတွေ့ဆုံရန် အကြိမ်ကြိမ် ကြိုးစားလေ၏။

နောက်ဆုံး၌ ငွေခင့်ဘက်က အကြောင်းမပြန်သဖြင့် လက်လျှော့သွားလေတော့၏။

ဦးတိုင်းအုပ်သည် ငွေခင်နှင့် လက်ထပ်ပွဲကို ခမ်းခမ်းနားနား မကျင်းပဘဲ အကျဉ်းချုံး၍သာ ကျင်းပခဲ့၏။

ငွေခင်၏ဖခင် ဦးလှဝသည် သမီးဖြစ်သူ၏မင်္ဂလာပွဲကို စိတ်နလုံး မကြည်သာပဲ တက်ရောက်ခဲ့လေ၏။ အဘယ်ကြောင့်ဆိုသော် ဦးတိုင်းအုပ်၏ မန်နေဂျာဘဝ၌ နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သဖြင့် ဦးတိုင်းအုပ်တစ်ယောက် အမျိုးကောင်းသမီးများကို ဖော်ကားကြောင်း သိရှိနေ၏။

ဦးတိုင်းအုပ် ဖော်ကားခဲ့သော မိန်းကလေးများ၏ ပြဿနာကို ဦးလှဝ ကိုယ်တိုင်ဖြေရှင်းပေးခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှဝသည် မိမိ၏အမှားအတွက် သမီးဖြစ်သူကို စတေးလိုက်ရသည်ဟု ခံစားနေရလေ၏။

ဦးတိုင်းအုပ်နှင့် ငွေခင်၏ မင်္ဂလာပွဲကို ရန်ကုန်မြို့ ရောက်နေသော အစ်မဖြစ်သူ မကြာဖြူ တက်ရောက်လာ၏။

မကြာဖြူသည် ရန်ကုန်မြို့ရှိ သတင်းစာတိုက်ကြီး တစ်တိုက်၌ သတင်းထောက်အဖြစ် လုပ်ကိုင်နေသူဖြစ်၏။

မကြာဖြူသည် မျှော်လင့်ဘဲ ညီမဖြစ်သူ လက်ထပ်ပွဲကျင်းပခြင်းကို အံ့ဩတကြီး ဖြစ်နေ၏။

ဦးတိုင်းအုပ်ကဲ့သို့ အဖေအရွယ်ကြီးကို လက်ထပ်ယူခြင်းအတွက် ညီမဖြစ်သူကို မယုံကြည်ဟန်ဖြင့် ကြည့်၍ ...

"ငွေခင်ရယ် ... ကိုယ့်ထက် အသက်အများကြီး ကြီးတဲ့သူကို ဘာ့ကြောင့် လက်ထပ်လိုက်တာလဲ၊ အမေတို့က အတင်းအဓမ္မ ယူခိုင်းလို့လား"

ဟု မေးမြန်းလေ၏။ မိဘများသည် ရန်ကုန်မြို့သို့ ရောက်နေသော သမီးကြီး မကြာဖြူ စိတ်မကောင်းဖြစ်မှာစိုးသဖြင့်





၎င်းတို့၏ အခက်အခဲကို ထိမ်ချန်ထားလေ၏။ ငွေခင်က ဟန်ဆောင်ရယ်မော၍ ...

"အမေတို့က သားသမီးကို ဘယ်တုန်းက အမိန့်ပေးပြီး အတင်းအဓမ္မစေခိုင်းလို့လဲ အစ်မရဲ့၊ ကျွန်မကိုယ်တိုင် ဦးတိုင်းအုပ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံလိုက်တာပါ။ ဦးတိုင်းအုပ်ဟာ အသက်ကြီးပေမယ့် စည်းစိမ်ဥစ္စာတွေ ထားစရာမရှိအောင် ချမ်းသာတယ်ဆိုတာ အစ်မတို့အမြင်ပဲ၊ သူဟာ ကျွန်မထက် အသက်ကြီးပေမယ့် ရွယ်တူယောကျ်ားတွေထက် အများကြီးပိုပြီး ကျွန်မဘဝကို တင့်တောင့်တင့်တယ် ထားနိုင်တယ်၊ ဒါကြောင့် သူ့ရဲ့ကမ်းလှမ်းချက်ကို လက်ခံလိုက်တာပါ"

ဟု ပြောလေရာ မကြာဖြူက ညီမဖြစ်သူကို စိတ်မချနိုင်သေးပဲ ...

"ဒီလူကြီးဟာ အသက်တော့ ညီမထက် အများကြီး ကြီးတယ်၊ သူ့ရဲ့အကျင့်စာရိတ္တကို ညီမလေ့လာပြီးပြီလား"



www.burmeseclassic.com

ဟု မေးမြန်းလေရာ ငွေခင်က ခေါင်းညိတ်၍ ...

“ဦးတိုင်းအုပ်ဟာ သူဌေးသူကြွယ်ဆိုတော့ နည်းနည်းပါးပါး ဆိုးတာတော့ ရှိပါတယ်၊ ဒါပေမဲ့ ညီမနဲ့ရပြီးရင် သူခြေငြိမ်သွားမှာပါ၊ အစ်မ ဘာမှမပူနဲ့၊ ညီမကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ်”

ဟု ပြောလေ၏။ ထိုအခါမှပင် အစ်မဖြစ်သူ မကြာဖြူသည် ရန်ကုန်မြို့သို့ စိတ်ချလက်ချ ပြန်ထွက်သွားလေ၏။

ငွေခင်သည် သူမ၏ အိမ်ထောင်ရေး အခြေအနေများကို ပြန်လည်တွေးတောရင်း ရင်ထဲတွင် နာကျင်လာမိ၏။

ဦးတိုင်းအုပ်သည် ငွေခင်နှင့် လက်ထပ်ကာစ၌ သူ၏ မကောင်းသော အကျင့်စရိုက်များကို ကြောင်လက်သည်းဖွက်သကဲ့သို့ နေထိုင်သော်လည်း နောက်ပိုင်း၌ ငွေခင်ကိုပေါင်းဖက်၍ ရိုးအီသွားသောအခါ အခြားသောမိန်းမများနှင့် ပျော်မွေ့နေလေ၏။





ငွေခင်သည် ဦးတိုင်းအုပ်ကို ချစ်မြတ်နိုးခြင်းမရှိသောကြောင့် ဦးတိုင်းအုပ်၏ ကွယ်ရာ၌ ဖြစ်ပွားနေခြင်းကို မည်သို့မျှ မခံစားရချေ။

သူမဘဝ၌ ချစ်သူနှင့် ကွေကွင်းရပြီး ဦးတိုင်းအုပ်နှင့် လက်ထပ်ရခြင်းလောက် ဆိုးဝါးလှသော ဘဝဟူ၍ မရှိတော့ချေ။ သူမသည် အသည်းနှလုံးမဲ့သော ကိုယ်ခန္ဓာနှင့် ဦးတိုင်းအုပ်ကို လက်ထပ်ခဲ့ခြင်းဖြစ်၏။

ငွေခင်သည် ဦးတိုင်းအုပ်၏ အိမ်ထောင်ရေး ဖောက်ပြန်မှုများကို စိတ်ဝင်စားခြင်း မရှိချေ။

မိဘများ၏ အခက်အခဲအတွက် သူမ၏ ကိုယ်ခန္ဓာကို စတေးရခြင်းဟူ၍သာ မှတ်ယူနေမိ၏။

သို့သော် ငွေခင်၏ လက်ထပ်ပွဲအပြီး မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားလေ၏။

တစ်နေ့တွင် ဦးတိုင်းအုပ်သည် လက်မထပ်မီ ငွေခင်နှင့် မောင်မေငယ်တို့ ခိုနေတော့အိမ်ကလေး၌ အချစ်နယ်ကျွံခြင်း အကြောင်းကို မမျှော်လင့်ဘဲ သိရှိသွားလေ၏။

www.burmeseclassic.com



ဦးတိုင်းအုပ်သည် ငွေခင်၏ပါးကို ဖြန်းခနဲချလိုက်ပြီး ...

"ခွေးမ ... နင်က ငါ့ကို စွားမရှုံ့ပိတ် လုပ်သွားတယ်ပေါ့၊ နင်နဲ့ နင့်အကောင် ဓနိတောထဲမှာ ဘာတွေလုပ်ခဲ့သလဲ၊ ပြောစမ်း၊ ရာဇဝင်ရိုင်းလိုက်တာကွာ၊ တိုင်းအုပ်တို့က သူများမျက်နုံးမွေးပေါ်မှာပဲ စကြီးလျှောက်ခဲ့တဲ့ကောင်ကွ"

ဟု ပြောလေရာ ငွေခင်က အံကိုကြိတ်၍ ...

"ရှင်နဲ့လက်ထပ်ဖို့ သဘောမတူခင်က ကျွန်မမှာ ချစ်သူရှိတယ်၊ အဲဒီတုန်းက ကျွန်မချစ်သူကို နောက်ဆုံးအကြိမ်အနေနဲ့ တွေ့ဆုံခဲ့တုန်းက ကျွန်မချစ်သူက အလိုမတူဘဲ ကျူးလွန်ခဲ့တာပါ"

ဟု ပြောလေ၏။ ဒေါသပုန်ထနေသော ဦးတိုင်းအုပ်က လက်သီးဆုပ်၍ ...

"ဘာအစုမှ အလိုမတူတာတွေ ပြောနေရတာလဲ၊ အဲဒီတုန်းက နင်တို့ ကမြင်းချင်တိုင်း ကမြင်းနေတာ မဟုတ်လား"





ဟု စွပ်စွဲပြန်၏။ ငွေခင်သည် ဦးတိုင်းအုပ်၏ တစ်ဖက်သတ် စွပ်စွဲချက်များကြောင့် မခံချင်စိတ်များ ဝင်ရောက်လာပြီး ...

"ဒီမှာ ဦးတိုင်းအုပ်၊ ရှင်ကိုယ်တိုင် ကျွန်မအပေါ် ဘယ်လောက်သစ္စာရှိလို့လဲ၊ ဒီမြို့မှာ ရှင့်လောက် မိန်းမရှုပ်မွေတဲ့လူ မရှိဘူး၊ ရှင့်ကြောင့် ဒူးနဲ့မျက်ရည်သုတ်သွားတဲ့ မိန်းကလေးတွေ ဘယ်နှယောက်ရှိပြီလဲ"

ဟု ပြန်လည်ပြောဆိုလေရာ ဦးတိုင်းအုပ်သည် ငွေခင်၏စကားက သူ၏အရှိက်ကို ထိသွားသဖြင့် ငွေခင်ကို ရက်ရက်စက်စက် ရိုက်နက်ခဲ့လေ၏။

ဦးတိုင်းအုပ်သည် ငွေခင်ကို အားရအောင် ရိုက်ပြီးနောက် ...

"ကောင်းပြီ၊ ဒီအချိန်ကစပြီး ငါ ပျော်ချင်တိုင်းပျော်မယ်၊ နင့်ရှေ့မှာပဲ မိန်းမပေါင်းစုံနဲ့ ပျော်ပျော်ကြီးနေမယ်၊ နင် ဘာလုပ်ချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဦးတိုင်းအုပ်၏စကားကြောင့် ငွေခင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ...

"ဟား ဟား ဟား ... ရှင့်ကို ဒီလိုမလုပ်ပါနဲ့လို့ ခြေသလုံး ဖက်ပြီး တောင်းပန်မယ့်မိန်းမ မှတ်လို့လား၊ ရှင့်ဘာသာ ပျော်ချင်တိုင်းပျော်ပါ၊ ကျွန်မ လုံးဝဂရုမစိုက်ဘူး၊ ဘာကြောင့် လဲဆိုတော့ ကျွန်မရင်ထဲမှာ ရှင့်အတွက် နေရာမရှိဘူး၊ ရှင် ကျွန်မကို မတရားသိမ်းပိုက်တဲ့အတွက် ခန္ဓာကိုယ်ပဲ ရမယ်"

ဟု ပြန်လည်ပြောဆိုလေ၏။ ဦးတိုင်းအုပ်သည် ငွေခင်ကို ဒေါသတကြီး ရိုက်နှက်ပြန်၏။

ဦးတိုင်းအုပ်သည် ထိုအချိန်မှစ၍ မကောင်းသော မိန်းမများကို အိမ်သို့ခေါ်ဆောင်လာပြီး ငွေခင့်ရှေ့၌ပင် ပျော်ပါး လေ၏။

ငွေခင်သည် ဦးတိုင်းအုပ်ကို မည်သည့်ခံစားချက်မျှ မရှိသဖြင့် ဘုန်လှုပ်ခြင်း မရှိခဲ့ချေ။

စေတနာ၁၀၈၀



သို့သော် ကာလကြာရှည်သောအခါ ဦးတိုင်းအုပ်၏ စိတ်ဆင်းရဲအောင် နှိပ်စက်မှုများကို မခံနိုင်တော့ဘဲ ၎င်း၏လက်မှ လွတ်မြောက်အောင် ထွက်ပြေးရန် ဆုံးဖြတ်လိုက်လေ၏။

ဦးတိုင်းအုပ်သည် ငွေခင် စိတ်ဆင်းရဲစေရန် အမျိုးမျိုး ပြုလုပ်နေလေ၏။ မကြာခဏ ကိုယ်ထိလက်ရောက် ကျူးလွန်နှိပ် စက်တတ်၏။

ဦးတိုင်းအုပ်သည် မကောင်းသောမိန်းမများ အိမ်သို့ ခေါ်လာပြီး ၎င်းတို့စားသောက်ရန် ငွေခင့်ကို အမျိုးမျိုးချက်ပြုတ် နိုင်းလေ၏။

ငွေခင်သည် ရှေးဘဝက ဝဋ်ကြွေးရှိသည်ဟု သဘော ထားကာ အတတ်နိုင်ဆုံး ကြိုးစားပြီး လုပ်ကိုင်ပေးလေ၏။

မည်သို့ပင် ကြိုးစားလုပ်ကိုင်စေကာမူ ဦးတိုင်းအုပ်၏ ရိုက်နှက်ခြင်းကို ခံရတတ်၏။

တစ်ခါက ဦးတိုင်းအုပ်သည် မကောင်းသောမိန်းမ များရှေ့တွင်ပင် ငွေခင်ကိုခေါ်ပြီး နှိပ်စက်လေ၏။

စေတနာ၁၀၈၀

www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် ထိုအချိန်မှစ၍ ဦးတိုင်းအုပ်၏လက်မှ ထွက်ပြေးရန် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်လေတော့၏။

ငွေခင်သည် ဦးတိုင်းအုပ်ထံမှ အခွင့်ကောင်းရလျှင် ထွက်ပြေးရန် အခြေအနေကို စောင့်ဆိုင်းနေလေ၏။

ငွေခင်သည် သူမ၏ တိတ်တခိုး ရည်မှန်းချက်များကြောင့် ဦးတိုင်းအုပ် မြို့ပေါ်မှာမရှိသော အချိန်များတွင် ဦးတိုင်းအုပ်၏ ဂျစ်ကားအစုတ်ကြီးကို အမောင်းသင်လေ၏။

သူမသည် လအနည်းငယ်ကြာသောအခါ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်နိုင်လာ၏။

ငွေခင်သည် ဦးတိုင်းအုပ်ထံမှ ထွက်ပြေးသည့်အခါ ကားဖြင့်ထွက်ပြေးရန် ဆုံးဖြတ်ထား၏။

ဤသို့ကားဖြင့်ပြေးရန် ဆုံးဖြတ်ရခြင်းမှာ ဦးတိုင်းအုပ်ထံမှ အဖိုးတန်ပစ္စည်းများကို ရနိုင်သလောက် ယူဆောင်သွားရန် ဖြစ်၏။





ငွေခင်သည် သူမအတွက် အခွင့်ကောင်းရမည့်နေ့ကို စိတ်ရှည်လက်ရှည် စောင့်မျှော်နေလေရာ ထိုအခွင့်အရေးရရှိသည့်နေ့ကို ကြုံတွေ့ခဲ့လေ၏။

ငွေခင် အတိတ်ကို ပြန်လည်တွေးတောနေစဉ် နေ့လယ်စာပို့ရန် အခန်းတံခါးခေါက်သံကို ကြားရပြန်၏။

ငွေခင်သည် ခုတင်ပေါ်မှာ ထထိုင်ပြီး အခန်းတံခါးကို ဖွင့်ပေးလိုက်ရာ တည်းခိုခန်းပိုင်ရှင် သူတော်ကို ထုံးစံအတိုင်း ခြင်းတစ်လုံးနှင့် တွေ့ရလေ၏။

သူတော်က ငွေခင်ကို ရင်းနှီးဖော်ရွေဟန်ဖြင့်ကြည့်၍ ...

"ဒီနေ့ နေ့လယ်စာကိုတော့ ဆိတ်သားခြောက်ကို ခရမ်းချဉ်သီးလေးနဲ့ ဆီပြန်ချက်ထားတယ်၊ ပုန်းရည်ကြီးသုပ်နဲ့ မယ်ဇလီဟင်းချိုလည်းပါတယ်"

ဟု ပြောလေရာ ငွေခင်ကရယ်မော၍ ...

"ရှင်က ယောက်ျားဖြစ်နေပြီး အချက်အပြုတ် ကျွမ်းကျင်သားပဲ"



www.burmeseclassic.com

ဟု ရှိုးမွမ်းလေရာ သူတော်က ...

"ကျုပ်မရှက်လို့လည်း မရဘူးလေ၊ ဒီအိမ်ကြီးမှာ ကျုပ်တို့ သားအမိနှစ်ယောက်တည်းရှိတာ၊ အမေက အိပ်ခန်းထဲက လှဲလို့ ဘယ်နေရာမှ မသွားလာတော့ဘူး"

ဟု ပြောလေ၏။ ငွေခင်က ထမင်းဟင်းများကို ပြင်ဆင်၍ စားပွဲပေါ်၌ စားသောက်ရန် အသင့်ပြုလုပ်ထားလေ၏။

ထိုစဉ် သူတော်က ငွေခင်ကို အားတုံ့အားနာဟန် ဖြင့်ကြည့်ကာ ...

"ကျုပ် နံနက်က ရှေးဟောင်းအိမ်ကြီးဘက်ကို ညွှန်သည် မိန်းကလေးတွေ မလာရဘူးဆိုတဲ့ စည်းကမ်းနဲ့ပတ်သက် လို့ နည်းနည်းရှင်းပြချင်လို့ပါ၊ ဒီစည်းကမ်းက ကျုပ်အမေ ထုတ်ထားတာဗျ၊ ကျုပ်အမေက အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့ယွင်းရုံမကဘူး စိတ်ရောဂါလည်း ဖြစ်နေ ရှာတယ်၊ ဟဲ ... ဟဲ ဒါကို ရှင်းပြရတာ နည်းနည်းတော့





ရှက်စရာပဲ၊ အမေတစ်ခု သားတစ်ခု ဘဝဆိုတော့ အမေက ကျုပ်အပေါ် အလွန်ချစ်ရှာတယ်၊ ကျုပ်ကိုချစ်သလို ဒီတည်း ခိုအိမ်ကိုလည်းချစ်တယ်၊ ဒါကြောင့် ကျုပ်မိန်းမယူပြီး ဒီ နေရာက ထွက်ခွာသွားမှာ အမေ အတော်စိုးရိမ်ပုံရတယ်၊ အမေက ကျုပ်ကို မိန်းကလေးတွေနဲ့ ရင်းရင်းနှီးနှီးနေတာ မကြိုက်ဘူး၊ မိန်းကလေးတွေနဲ့ ရင်းနှီးပြီး အိမ်ထောင်ပြု ဖြစ်သွားရင် ဟောဒီတည်းခိုအိမ်ကြီးကို စွန့်လွှတ်သွားမှာ စိုးရိမ်နေတယ်"

ဟု ပြောလေရာ ငွေခင်က သက်ပြင်းချလိုက်ပြီး ...

"ရှင့်အမေရဲ့စိတ်ဓာတ်က အတော်ဆန်းတာပဲ၊ ဟောဒီအိမ် မှာ ဘယ်လိုဖြစ်ပြီး နေထိုင်ခဲ့တာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ သူတော်က ကုလားထိုင်၌ ဝင်ထိုင်လိုက်ပြီး ...

"ဒီအိမ်ကြီးကို လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာလောက်က ရှမ်း စော်ဘွားတစ်ယောက် ဆောက်ခဲ့တာဗျ၊ ရှမ်းစော်ဘွားကြီး

www.burmeseclassic.com



နဲ့ အပေါင်းအပါတွေဟာ တောင်တွေကိုကျော်ပြီး လွင်ပြင်တွေရှိတဲ့ ဒီအရပ်မှာလာပြီး အမဲလိုက်ထွက်ကြတယ်။ ခေါ်ဘွားအဆက်ဆက် တောကစားထွက်တဲ့အခါတိုင်း ဒီအိမ်ကြီးမှာပဲ တည်းခိုပြီး တောလိုက်ထွက်ကြတယ်၊ နောက်ဆုံးခေါ်ဘွားကြီးလက်ထပ်မှာ ကျန်းမာရေးမကောင်းတဲ့အတွက် ဝေးလံလှတဲ့ ဒီအရပ်ကိုလာပြီး အမဲလိုက်မထွက်နိုင်တော့ဘူး၊ အဲဒီတုန်းက ကျုပ်အမေဟာ ခေါ်ဘွားကြီးရဲ့ဘေးနားမှာ အိမ်တော်ထိန်းသိမ်းတဲ့ အလုပ်ကိုလုပ်တယ်၊ ခေါ်ဘွားကြီးဟာ ဒီအရပ်ကို အမဲလိုက်မထွက်နိုင်တဲ့အခါ ကျုပ်အမေအတွက် ဒီအိမ်ကြီးကို ပေးသနားခဲ့တယ်၊ အမေဟာ ခေါ်ဘွားကြီးပေးသနားတဲ့ ဒီအိမ်ကြီးကို အလွန်မြတ်နိုးလွန်းလို့ ဒီအရပ်မှာပဲ တစ်သက်လုံး ခေါင်းချတော့မယ်လို့ဆိုခဲ့တယ်"

ဟု ပြောလေရာ ငွေခင်က တည်းခိုခန်းကို မျက်လုံးဝေကြည့်၍ ...





"ဟောဒီ တည်းခိုအိမ်ကိုလည်း ခေါ်ဘွားကြီးလက်ထက်ကတည်းက ဆောက်လုပ်ခဲ့တာလား"

ဟု မေးမြန်းလေ၏။ သူတော်က ခေါင်းညိတ်၍ ...

"ခေါ်ဘွားကြီးတွေ ကောင်းစားစဉ်တုန်းက အမဲလိုက်ထွက်တဲ့အခါ ခေါ်ဘွားကြီးနဲ့ ဆွေတော်မျိုးတော်တွေက အိမ်ကြီးမှာတည်းခိုကြပြီး၊ နောက်လိုက် ငယ်သားတွေကတော့ ဟောဒီတည်းခိုအိမ်နေရာမှာ နေထိုင်ပြီး ခေါ်ဘွားကြီးရဲ့ လုံခြုံရေးကို စောင့်ကြပ်ကြတယ်၊ ကျုပ်တို့သားအမိကတော့ ဒီအိမ်ကြီးမှာ နေထိုင်ခွင့်ရတဲ့အတွက် ပျော်ပျော်ရွှင်ရွှင်ပြီး နေထိုင်ခဲ့တယ်၊ ကျုပ်တို့ ကံကောင်းချင်တော့ ဒီအိမ်ကြီးမှာ နေထိုင်ပြီး တစ်နှစ်လောက်မှာ ဗြိတိသျှအစိုးရရဲ့သတ္တုတွင်း တစ်တွင်းအောင်ခဲ့တယ်၊ ဒါကြောင့် တရုတ်ပြည်ဘက်က ကုန်သည်ကြီးတွေဟာ သတ္တုတွင်းက သတ္တုတွေကို ကိုယ်တိုင်လာရောက်ပြီး ဝယ်ယူကြတယ်၊ တရုတ်ကုန်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ သစ္စာ့တွင်းနဲ့ မနီးမဝေးမှာရှိတဲ့ ကျုပ်တို့အိမ်ကြီးမှာ တည်းခိုရာက အစပြုပြီး ဟောဒီတည်းခိုအိမ် ဖြစ်ခဲ့ရတာပဲ”

ဟု ပြောလေ၏။

ထိုအခါ ငွေခင်က သက်ပြင်းချ၍ …

“ဒီအချိန်မှာ ဘာကြောင့် ရှင့်တို့တည်းခိုအိမ်မှာ လူမရှိတာလဲ”

ဟု မေးမြန်းလေ၏။ သူတော်က ခေါင်းညိတ်၍ —

“သစ္စာ့တွင်းအောင်ပြီး အနှစ်သုံးဆယ်ကျော်လောက် သစ္စာ့တွေထွက်တယ်၊ နောက်တော့ သစ္စာ့တွင်းကြီး တဖြည်းဖြည်း ကောလာတဲ့အချိန်ကစပြီး တရုတ်ကုန်သည်တွေ ကျုပ်တို့ဘက်ကို ခြေမချတော့တာပဲ”

ဟု ပြောရလေ၏။

ငွေခင်က သူတော်၏အရှေ့၌ ဝင်ထိုင်ပြီး တတ်ဖူးထဲရှိ ဆေးပြင်းကို နှဲ့သောက်လိုက်၏။ ပြီးမှ …



“တရုတ်ကုန်သည်တွေ မလာတဲ့နောက်ပိုင်းမှာ တည်းခိုအိမ်ကို ဆက်ပြီး ဖွင့်နေတယ်ပေါ့”

ဟု မေးမြန်းလေ၏။

သူတော်က …

“ဟုတ်တယ်၊ ကျုပ်အမေက အစွဲအလမ်းအကြီးလွန်းတယ်ဗျာ၊ တည်းခိုအိမ် ဖွင့်စတုန်းက သူကိုယ်တိုင် ပင်ပင်ပန်းပန်း ကြိုးစားပြီးလုပ်ခဲ့တာဗျ၊ ဒီအိမ်ကြီးကို ရောက်လာစကဆိုရင် ကျုပ်အသက် ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ကျုပ်ရဲ့ဖခင်ကတော့ ရှမ်းစော်ဘွားကြီးရဲ့ဟော်နန်းမှာ နေစဉ်ကတည်းက ရောင်းဆိုးသွေးပါရောဂါနဲ့ သေဆုံးသွားခဲ့တယ်၊ အမေဟာ ဖတဆိုးလေးဖြစ်ခဲ့တဲ့ ကျုပ်ကို အလွန်ချစ်ခင်တယ်၊ သူ့တည်းခိုအိမ်ကိုလည်း သိပ်ဂရုစိုက်တယ်၊ ဟိုးအရင်တုန်းက တရုတ်ကုန်သည်ကြီးတွေဟာ အမေ့ကို သိပ်ခင်ကြတယ်၊ တရုတ်ပြည်ကလာတိုင်း အမေ့အတွက် လက်ဆောင်တွေ ယူလာပေးတယ်၊ အမေနဲ့ကျုပ်တောင်

www.burmeseclassic.com



တရုတ်ပြည်ဘက်ကို လိုက်လည်စုံစမ်းတယ်၊ နောက်တော့ သတ္တုမိုင်းကြီး တဖြည်းဖြည်း တောလာပြီး ကုန်သည်တွေ မလာတဲ့အခါ အမေဟာ အတော်စိတ်ဆင်းရဲခဲ့တယ်၊ သူ့ရဲ့တည်းခိုအိမ်လေး ပျက်ပါပြီလို့ ငိုကြွေးခဲ့တယ်၊ နောက်ဆုံးတော့ အမေဟာ တည်းခိုအိမ်ကို ဘယ်သူမှ လာမတည်းပေမယ့် ဘယ်တော့မှ မပိတ်တော့ဘူးလို့ ခေါင်းမာမာနဲ့ ဆုံးဖြတ်လိုက်တယ်၊ အမေ အသက်အရွယ်ရလို့ မလုပ်နိုင်တော့တဲ့အခါ သူ့တာဝန်ကို ကျုပ်ပခုံးပေါ်လွှဲတင်ပေးခဲ့တယ်၊ အမှန်အတိုင်းပြောရရင် တစ်နှစ်နေလို့ လူတစ်ယောက်မှ လာမတည်းတဲ့ တည်းခိုခန်း ကျုပ်မဖွင့်ချင်ဘူး၊ အမေ့ရဲ့ဆန္ဒကို မပယ်ရှားချင်လို့ ဆက်ပြီးဖွင့်နေရတာဗျ၊ ကျုပ်ရင်ထဲမှာ သေသေချာချာ သိနေတာတစ်ခုရှိတယ်၊ တည်းခိုခန်းကို ပိတ်လိုက်တဲ့အချိန်မှာ အမေ အသက်ဆုံးမှာပဲ၊ ဒါကြောင့် အမေ့အတွက် ဖွင့်ပေးနေတာဗျ"

ဟု ပြောလေရာ ငွေခင်က ခေါင်းငြိမ့်ယမ်း၍ ...





"ရှင်တို့လုပ်နေတာ အကျိုးမရှိတဲ့ အလုပ်ပဲ၊ ရှင့်အမေကို ရှင် ဖျောင်းဖျကြည့်လို့ မရဘူးလား"

ဟု မေးမြန်းလေ၏။ သူတော်က ခေါင်းခါယမ်း၍...

"အမေရဲ့စိတ်ဓာတ်က သိပ်မြင့်ထန်တယ်၊ သူဟာ အူးဆိုရင် ဖျှိသီးတဲ့လူ မဟုတ်ဘူး၊ အမေ အစွဲကြီးတာ ကျုပ်သိတယ်၊ အမေ့ဆန္ဒကိုလွန်ပြီး ကျုပ် ဘာမှမလုပ်ခဲ့ဘူး၊ ကျုပ် အရဲစွန့်ပြီး လုပ်လိုက်ရင် အမေသေမှာပဲ"

ဟု ပြောလေ၏။

ငွေခင်က သက်ပြင်းချ၍ ...

"ရှင့်အမေရဲ့ ကျန်းမာရေးအခြေအနေက ဘယ်လိုရှိသလဲ"

ဟု မေးမြန်းလေရာ သူတော်က ...

"အမေဟာ သူ့အိပ်ခန်းထဲက ဘယ်တော့မှ အပြင်မထွက်တော့ဘူး၊ အိပ်ခန်းထဲမှာ ရေချိုးခန်းအသင့်ရှိနေလို့ တော်သေးတာပေါ့ဗျာ၊ အမေ့ရဲ့စားရေးသောက်ရေး ရေချိုးအဝတ်အစားလဲတာကအစ ကျုပ်ကူညီပြီး လုပ်ပေးနေရတယ်၊

www.burmeseclassic.com



အမေက ပြတင်းပေါက်မှာ ရထားတဲ့ မဟော်ဂနီရောင် ကုလားထိုင်ကြီးမှာပဲ တစ်နေကုန်ထိုင်နေတတ်တယ်၊ ညနေစောင်းတဲ့အခါမှာတော့ အမေဟာ ပြတင်းပေါက်ဖွင့်ပြီး ပတ်ဝန်းကျင်ကို ကြည့်ရှုနေလေ့ရှိတယ်။ ညနေစောင်းလို့ အိမ်ကြီးရဲ့ပြတင်းပေါက် ဖွင့်တဲ့အခါ ကျုပ်အမေရဲ့ပုံရိပ်ကို ခင်ဗျား ပိုးတဝါး မြင်ရလိမ့်မယ်၊ အိမ်နဲ့တည်းခိုခန်းက နည်းနည်းဝေးနေတော့ အမေ့မျက်နှာကို သဲသဲကွဲကွဲတော့ မြင်ရတွေ့ရမှာ မဟုတ်ဘူး"

ဟု ပြောလေရာ ငွေခင်က သက်ပြင်းချ၍ ...

"ကျွန်မ တည်းခိုခန်းကို ရောက်နေတာ ရှင့်အမေ သိမှာပေါ့"

ဟု ပြောလေရာ သူတော်က ...

"အမေ သိပါတယ်၊ အမေဟာ အခန်းထဲက မထွက်ပေမယ့် တည်းခိုခန်းမှာ အပ်ကျတာကအစ သိတယ်ဗျ၊ အမေဟာ စကားမပြောဘဲနေတာ အတော်ကြာနေပြီ၊ ထူးဆန်းတာက





အမေနဲ့ကျုပ်နဲ့ ဆက်သွယ်မှုပဲဗျ၊ အမေ စကားမပြောပေမယ့် အမေ့ရင်ထဲက ပြောနေတဲ့စကားတွေကို ကျုပ် အမြဲတမ်း သိနေတယ်၊ ဒြော် ... ကျုပ်တို့စကားကောင်းနေလိုက်တာ အမေ့ကို ထမင်းကျွေးရမယ့်အချိန်ကိုတောင် ရောက်နေပြီ၊ ဒီနေ့တစ်နေ့လုံး ခင်ဗျားရဲ့နံဘေးက အခန်းနံပါတ်(၇)မှာ ကျုပ်ရှိနေမယ်၊ ခင်ဗျား လိုအပ်တာရှိရင် မှာလို့ရပါတယ်"

ဟု ပြောကာ သူတော်သည် ငွေခင်၏အခန်းမှ ပြန်လည်ထွက်ခွာသွားလေ၏။ ငွေခင်သည် ထိုနေ့နေ့လယ်စာကို ဆတ်သားခြောက်ဆီပြန်ဟင်း၊ မုန်းရည်ကြီးသုပ်၊ မယ်ဇလီဟင်းချိုတို့ဖြင့် မြိန်ရှက်စွာ စားသောက်လေ၏။

ငွေခင်သည် သူတော်၏ဟင်းချက်လက်ရာကို နှစ်ခြိုက်စွာ စားသောက်ရင်း သူတော်၏မိခင်အို အကြောင်းကိုတွေးမိနေ၏။ ထိုမိန်းမကြီးသည် အတွာကြီးလွန်းပြီး သားသမီးအပေါ် သံစာလွှမ်းမိုးလွန်းသည်ဟု ထင်မြင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော်လို မိခင်ကို အလွန်ချစ်သော သားသည် ရှာမှရှားသည်ဟု ဆိုရပေမည်။

ဤမျှ လူသူပြတ်လတ်သောအရပ်၌ ခေါင်းမာမာနှင့် တည်းခိုစန်းဖွင့်ချင်သည်ဆိုသော မိခင်၏ဆန္ဒကို လိုက်လျောပေးနေ၏။

သူတော်မိခင်၏ လုပ်ရပ်သည် ရူးသွပ်သော လုပ်ရပ်ဖြစ်ရသည်ဖြစ်၏။ စီးပွားဖြစ်ထွန်းရန်လည်း မဖြစ်နိုင်ချေ။

ထိုသို့ အဓိပ္ပာယ်မဲ့သော လုပ်ရပ်ကို သားဖြစ်သူက အကောင်အထည် ဖော်ပေးနေ၏။

သူတော်ကဲ့သို့ စိတ်ဓာတ်ရှိသော သားမျိုးသည် မွေးရခဲ့ချိုး အလွန်နပ်သော သားမျိုးဖြစ်၏။

ငွေခင်သည် စတုဘောကာ ကားနက်ကြီးအတွင်းရှိ ငွေအိတ်ကြီးကို သူမ၏အခန်းထဲသို့ တိတ်တဆိတ် သွင်းထားလျှင် ကောင်းမည်လေဟု တွေးမိ၏။





သို့သော် သူတော်သည် အခန်းထဲသို့ဝင်၍ သန့်ရှင်းရေးပြုလုပ်လျှင် သူမ၏ ငွေအိတ်ကြီးကို တွေ့မြင်သွားနိုင်သည်ဟု တွေးမိပြန်၏။ ငွေခင်သည် အခန်းထဲ၌ ငွေအိတ်ကြီးကို လုံလုံခြုံခြုံ ဖွက်နိုင်မည့်နေရာကို ရှာဖွေကြည့်၏။

ထိုသို့ရှာဖွေသော်လည်း မည်သည့်နေရာတွင်မှ ငွေအိတ်ကို လုံခြုံစွာ သိမ်းထားနိုင်မည့်နေရာကို မတွေ့ရချေ။

ထို့ကြောင့် ဓနီဆောင်အိတ်ထဲရှိ ဂန္ဓလောကမဂ္ဂဇင်းကို ထုတ်ယူ၍ ဖတ်ရှုနေမိလေ၏။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းပိုင်ရှင် သူဌေးသည် ငွေခင်နှင့်စကား ကောင်းနေရာမှ မိခင်ဖြစ်သူကို နေ့လယ်စာ မကျွေးရသေးကြောင်း သတိရသဖြင့် အိမ်ကြီးဘက်သို့ အလျင်အမြန် ကူးသန်းသွားလေ၏။

အိမ်ကြီး၏မီးဖိုဆောင်သို့ ရောက်သောအခါ ကျောက် မီးဖိုကြီးထဲသို့ ထင်းချောင်းများ ထိုးထည့်ပြီး မိခင်အတွက် ဆန် ပြုတ်ကို ပြုတ်လေ၏။

ယနေ့ မိခင်ထံသို့ ဆန်ပြုတ်ပို့ရန် နောက်ကျလျှင် ညွှန့်သည်မိန်းကလေးကို နောက်ပိုးရှုးလုပ်နေ၍ ဆန်ပြုတ်ပို့ရန် နောက်ကျသည်ဟု မိခင်က စွပ်စွဲတော့မှာ သေချာ၏။

မိခင်၏နှုတ်ဖျားမှ စကားပြောဆိုခြင်း မရှိသည်မှာ ကြာပြီဖြစ်သော်လည်း မိခင်၏ရင်တွင်းက ခံစားချက်ကို မိမိ





အလိုလိုနေရင်း သိရှိနေ၏။ သူသည် မိခင်ကို အလွန်အကျွံချစ် သော သားတစ်ယောက် မဟုတ်ပါလား။

မိခင်သည် အကြောင်းမဲ့ သားဖြစ်သူကို မိန်းကလေး များနှင့် သက်ဘမကောင်း ဖြစ်နေတတ်၏။

ဤတည်းခိုခန်းသို့ မည်သည့်မိန်းကလေး တည်းခို သည်ဖြစ်စေ ထိုမိန်းကလေးအား သားဖြစ်သူ နောက်ပိုးရှုးလုပ် နေသည်ထင်၏။ ထိုသို့ မထင်ပြန်လျှင်လည်း သားဖြစ်သူအား ညွှန့် သည်မိန်းကလေးက မြှူဆွယ်နေသည်ဟု ယူဆ၏။

မိခင်သည် သူမ အလွန်မြတ်နိုးသော တည်းခိုအိမ် ကြီးကို မိမိစွန့်ပစ်သွားမှာ အလွန်စိုးရိမ်ပုံရ၏။

မိခင်သည် ရင်းအပေါ် ထားရှိသော သားဖြစ်သူ၏ မေတ္တာအတိမ်အနက်ကို ရိပ်စားမိပုံမရချေ။

သူသည် မိခင်အလိုကျ မိန်းမများနှင့် ကင်းရှင်းစွာ နေထိုင်သော်လည်း ပုထုဇဉ်လူသားတစ်ယောက်ပီပီ ဆန့်ကျင်ဘက် လိင်ကို တောင့်တသော စိတ်ဓာတ်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိခင်ကိုချစ်သောစိတ်ဖြင့် မိခင် စိတ်မချမ်းသာသော အပြုအမူကို တစ်သက်မလုပ်ဟု ဆုံးဖြတ်ကာ အိမ်ရာထူထောင်ခြင်း မပြုလုပ်ခဲ့ချေ။ ယနေ့ မိမိတို့တည်းခိုအိမ်၌ တည်းခိုနေသော မိန်းမချောလေးသည် စွဲမက်ဖွယ် ကောင်းလွန်းလှ၏။

ထိုသို့ စွဲမက်ဖွယ်ကောင်းသော မိန်းကလေးသည် မိမိ၏ ဇနီးမယားဖြစ်လျှင် မည်မျှကောင်းမည်နည်း။

မိမိတို့အိမ်ထောင်ရေးသည် ပျော်ရွှင်ဖွယ်အတိ ရှိမည် ထင်၏။

သူတော်သည် မိန်းမလှလေး ရွှေခင်ကို စိတ်ကူးယဉ်နေရာမှ ဆန်ပြုတ်အိုး ဝေကျသဖြင့် စိတ်ကူးမှ လန့်နိုးလာ၏။

သူသည် ဆန်ပြုတ်များကို ပန်းကန်ထဲသို့ ထည့်ပြီးနောက် မိခင်ရှိရာ အိမ်ကြီး၏ အပေါ်ထပ်သို့ တက်ခဲ့လေ၏။ သူတော်သည် အိမ်အိုကြီး အပေါ်ထပ်လှေကားအတိုင်း အိမ်ကြီး၏အပေါ်ထပ်သို့ တက်ခဲ့၏။



အပေါ်ထပ်ရှိ မိခင်၏အခန်းရှေ့သို့ ရောက်သောအခါ မဟော်ဂနီရောင် ကျွန်းတံခါးကြီးကို ဖွင့်ခေါက်၍ ...

"အမေရေ ... ကျွန်တော် လာပြီဗျ၊ အမေ ဗိုက်ဆာနေပြီ ထင်တယ်"

ဟု ပြောကာ ပရုတ်လုံးနံ့နှင့် မှိုနံ့များ ဆွဲထင်နေသော အိပ်ခန်းထဲသို့ ဝင်ခဲ့၏။ အိပ်ခန်းထဲရှိ ပြတင်းပေါက်ကို မျက်နှာမူထားသော မဟော်ဂနီရောင်ထိုင်ခုံကြီး၌ မိခင်ဖြစ်သူ ရှိနေလေ၏။

မိခင်သည် မိမိကိုငဲ့စောင်း၍ပင် မကြည့်ဘဲ ထိုင်ခုံကြီးပေါ်၌ ကျောပေး၍ မလှုပ်မယှက် ထိုင်နေလေ၏။

သူတော်သည် မိခင်နှင့် နှစ်ပေါင်းများစွာ အတူတူ နေလာခဲ့သဖြင့် မိခင်၏စိတ်သဘောကို နားကျနေအောင် သိရှိနေ၏။

ဆန်ပြုတ်ပို့ရန် နောက်ကျနေသဖြင့် မိခင်က မိမိကို စိတ်ဆိုးနေချေပြီ။

www.burmeseclassic.com

တို့ကြောင့် ဆန်ပြုတ်ပန်းကန်ကို မိခင်၏ဗိုင်ခုံအနီးရှိ စားပွဲခုံငယ်လေး၌ တင်ထားလိုက်ပြီး ...

"အမေရယ် ... ကျုပ်တို့ဆီမှာ ဧည့်သည်ရောက်နေတယ်ဆိုတော့ ဧည့်သည်ကို ဧည့်ဝတ်ကျေပွန်ရမယ်ဆို"

ဟု ဆိုကာ မိမိကို မလှုပ်မယှက် ကြည့်နေသော မိခင်၏မျက်နှာကိုကြည့်၍ စိတ်ပျက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး ...

"အမေ စကားမပြောပေမယ့် အမေ့မျက်လုံးထဲက အဓိပ္ပာယ်တွေကို ကျုပ် သိပါတယ်၊ အမေကတော့ ခက်တာပဲဗျာ၊ ကျုပ်ကို မိန်းကလေးတိုင်းနဲ့ မသင်္ကာဖြစ်နေတာပဲ၊ ကျုပ်က ဧည့်သည်ကို ဧည့်သည်လို သဘောထားပြီး ဧည့်ဝတ်ကျေပွန်နေတာပါဗျာ"

ဟု ပြောရင်း သူတော်သည် တည်ငြိမ်နေသော မိခင်၏မျက်လုံးများကိုကြည့်၍ မျက်နှာပျက်ယွင်းသွားပြီး ...





"ဟင် ... ဧည့်သည်မိန်းကလေးပြောတဲ့ စကားကို အမေ ဘယ်လိုများ သိနေလဲ။ အမေ အကြားအမြင်များ ရနေသလား၊ တကယ်တော့ ဧည့်သည်မိန်းကလေးကအမေ့ရဲ့ မေတ္တာစေတနာကို နားမလည်လို့ အမေ့ကို ဝေဖန်နေတာပါ၊ သူပြောတဲ့စကားကို စွဲမယူပါနဲ့ အမေရယ်၊ ကဲ ... ဆန်ပြုတ်လေး နည်းနည်းသောက်လိုက်ဦးနော်"

ဟု ဆိုကာ သူတော်သည် ပန်းကန်ထဲရှိ ဆန်ပြုတ်များကို ဇွန်းဖြင့်ခပ်၍ မိခင်အား တိုက်လေ၏။

မိခင်သည် ထုံးစံအတိုင်း တစ်ဇွန်း နှစ်ဇွန်းသာ စားလေ၏။ သူတော်သည် မိခင်၏ပါးစပ်မှ စီးကျလာသော ဆန်ပြုတ်များကို လက်သုတ်ပဝါဖြင့် သုတ်ပေးရင်း သက်ပြင်းချလိုက်ပြီး ...

"တစ်နေ့ တစ်နေ့ အမေစားတာ နည်းလိုက်တာဗျာ၊ ကြောင်စာလောက်ပဲစားတယ်၊ အမေ ဒီလိုအစားနည်းနေရင် ခွန်အားရှိပါ့မလားဗျ၊ အမေ့အတွက်တော့ ခက်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း မိခင်၏မျက်နှာကို ကြည့်ပြန်ကာ ...

"အမေရယ် ... ကျုပ်ကို အခုထိ မကျေမနပ် ဖြစ်နေတုန်းလား၊ ညွှဲသည်မိန်းကလေးကလည်း ကျုပ်တို့ဆီမှာ ရက်တွေတော်တော်များများ တည်းဦးမယ် ထင်တယ်၊ အမေဒီ့လိုပဲ အမြဲမသက်သာဖြစ်နေရင် ကျုပ်တော့ စိတ်ညစ်လာပြီဗျာ၊ အမေ့ကို ကျုပ် ကတိပေးဖူးပါတယ်၊ ကျုပ်တစ်သက်မှာ အမေမသေသရွေ့ ဘယ်တော့မှ ဒီအရပ်ကမခွာဘူး၊ အိမ်ထောင်လည်းမပြုဘူး၊ ကျုပ်စကားတွေကို အမေယုံစမ်းပါ၊ ကဲ ... ကျုပ်သွားဦးမယ် အမေ၊ မကြာမီ ညွှဲသည်မိန်းကလေး ပြန်တော့မှာပါ"

ဟု ပြောရင်း မိခင်၏အခန်းထဲမှ ညင်သာစွာ ထွက်ခွာလာခဲ့၏။ မိခင်စကားမပြောဘဲ နေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၏။

သူတော်သည် မိခင်ကို စကားပြောရန် အကြိမ်ကြိမ်ကြိုးစားကြည့်သော်လည်း မိခင်သည် မည်သည့်အခါမျှ စကားမပြောတော့ချေ။





တစ်နေ့ကုန် အိပ်ခန်းထဲရှိ မဟော်ဂနီရောင်ထိုင်ခုံကြီး၌သာ ငုငုကြီး ထိုင်နေတတ်၏။

သူတော်သည် ညနေစောင်းအချိန်၌ မိခင်ငြီးငွေ့ခြင်းမရှိစေရန် ထိုင်ခုံရှေ့ရှိ ပြတင်းပေါက်ကို ဖွင့်ပေးပြီး အိမ်ပတ်ဝန်းကျင်ကို ကြည့်ရှုစေ၏။

ညနေမှောင်ရီသမ်းစပြုသောအခါမှပင် ပြတင်းပေါက်ကို ပြန်ပိတ်ပြီး မိခင်ကို အနားယူစေ၏။

မိခင်သည် စကားမပြောတော့သည့် အချိန်မှစ၍ နေ့လယ်စာကိုပင် စားသောက်ပြီး ညစာစားသောက်ခြင်းမရှိတော့ချေ။

မိခင်သည် ညအိပ်သည့်အခါ၌ ခုတင်ပေါ်တွင် အိပ်စက်ခြင်းမရှိဘဲ မဟော်ဂနီရောင် ထိုင်ခုံကြီးပေါ်မှာပင် အိပ်စက်လေ၏။

သူ၏မိခင်မှာအလွန်ခေါင်းမာပြီး ပြောရခက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် တည်းခိုဆောင်ရှိရာသို့ ပြန်လည် လျှောက်လှမ်းသွားလေ၏။

ထို့နောက် တည်းခိုဆောင်ရှိ အခန်းအမှတ်(၇)၏ တံခါးကိုဖွင့်၍ ဝင်ရောက်သွားလေ၏။

တစ်ဖက်ရှိ အခန်းအမှတ်(၈)၌ ညွှဲသည်မိန်းက လေးရှိနေလေ၏။ သူတော်သည် အခန်းထဲသို့ဝင်၍ အမှိုက်များ လို လှည်းကျင်းလေ၏။

အခန်းသည် သန့်ရှင်းရေး မလုပ်သည်မှာ ကြာ ဖြစ်၍ ဖုန်များမြင်မကောင်းအောင် ရှိနေလေ၏။

ဤမျှညစ်ပတ်နေသောအခန်းကို အမေ မြင်တွေ့သွ လျှင် မိမိကို ဆူပူကြိမ်းမောင်း၍ ဆုံးမှာမဟုတ်တော့ချေ။

သူတော်သည် ညွှဲခန်းသန့်ရှင်းရေး ပြုလုပ်ပြီးသော အခါ စောင်နှင့် ခေါင်းအုံးစွပ်များကို အသစ်လဲလှယ်လိုက်လေ၏။

ညွှဲခန်းတစ်ခုလုံး သန့်ရှင်းသပ်ရပ်သွားသောအ ရေချိုးခန်းထဲသို့ဝင်၍ သန့်ရှင်းရေး ပြုလုပ်လေ၏။





သူတော် ရေချိုးခန်း ဆေးကြောနေစဉ် တစ်ဖက် ခန်းမှ ရေကျသံကြားရ၏။

တစ်ဖက်ခန်း၌လည်း ညွှဲသည်မိန်းကလေး ရေချိုး နေပုံရ၏။

သူတော်သည် သန့်ရှင်းရေး ပြုလုပ်ရင်း မိန်းမလှ၏ ပြောပုံဆိုပုံများကို ပြန်လည်မြင်ယောင်လာ၏။

ညွှဲသည်မိန်းကလေးသည် ချစ်စဖွယ် ကောင်းလွန်း ၏။

ထိုမိန်းကလေးသည် အပျိုစင်တစ်ယောက်လေလော၊ အမပိုင်လင်ယောက်ျား ရှိလေသလော မပြောတတ်ချေ။

သူတော်သည် ရေချိုးခန်းသန့်ရှင်းရေးသာ ပြုလုပ် နေသော်လည်း သူ၏စိတ်သည် တစ်ချိန်လုံး မိန်းမလှလေး ခင့်ထံမှာ ရောက်ရှိနေ၏။

မိန်းမလှလေး၏ ရေချိုးခန်းဘက်မှ ရေကျသံကြား ရသဲဖြစ်၏။ သူတော်သည် တစ်ဖက်ရှိ ရေချိုးခန်းကို မှန်းဆ၍...



www.burmeseclassic.com

www.burmeseclassic.com



"သူ ရေချိုးနေသလား၊ ခေါင်းလျှော်နေသလား မသိဘူး"

ဟု ရေရွတ်လိုက်လေ၏။

ထိုသို့ရေရွတ်ရင်း သူတော်သည် မကောင်းသောစိတ်ဓာတ်များ ဝင်ရောက်လာကာ ၎င်းရောက်ရှိနေသော ရေချိုးခန်း၏ မျက်နှာကြက်ကို မော့ကြည့်လိုက်၏။

သူတော်သည် မျက်နှာကြက်ပေါ်သို့ မကြာခဏ တက်ရောက်လေ့ရှိသဖြင့် လက်မောင်းအားဖြင့် မိုးဆွဲတက်လိုက်ရာ သူ၏ကိုယ်သည် မျက်နှာကြက်ပေါ်သို့ ရောက်ရှိသွားလေ၏။

သူတော်သည် မျက်နှာကြက်မှတစ်ဆင့် တဖြည်းဖြည်း ငွေခင်ရှိရာ ရေချိုးခန်းဘက်သို့ တရွေ့ရွေ့ သွားလေ၏။

သူတော်၏ကိုယ်ခန္ဓာ ရေချိုးခန်းဘက်သို့ ရောက်သောအခါ မျက်နှာကြက်ကို ကာရံထားသော သံဆန်ခါခွက်ငယ်လေးမှတစ်ဆင့် ငွေခင်ရှိရာ ရေချိုးခန်းကို ချောင်းမြောင်းကြည့်လိုက်၏။





သူတော်သည် ရေချိုးခန်းထဲတွင် မြင်ရသော ရှုခင်းကြောင့် ရင်သပ်ရှုမော ဖြစ်သွားလေ၏

ငွေခင်သည် ရေချိုးခန်းထဲ၌ သူမတစ်ကိုယ်တည်းဟု ယူဆကာ ကိုယ်လုံးတီးချွတ်၍ ရေချိုးနေလေ၏။

သူတော်သည် သံဆန်ခါကွက်များကြားမှ ငွေခင်၏ ပကတိအလှအပကို မြင်နေရ၏။

သူတော်သည် ငွေခင်၏ လှပသောကိုယ်ခန္ဓာနှင့် လှို့ဝှက်အပ်သော အလှအပများကိုကြည့်၍ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာပြီး အသက်ကိုပင်မရှူနိုင်ဘဲ ဖြစ်နေလေ၏။

ငွေခင်သည် ရေချိုးခန်းထဲ၌ သူမတစ်ကိုယ်တည်းရှိသည်ထင်၍ သီချင်းတစ်ပုဒ်ကို တီးတိုးသီဆိုကာ လွတ်လွတ်လပ်လပ် ရေချိုးနေလေ၏။

သူတော်သည် ရင်ထဲတွင် ပူလောင်လာပြီး အာခေါင်များ ခြောက်သွေ့လာ၏။ ငွေခင်သည် အတန်ကြာအောင် ရေချိုးပြီးနောက် ရေချိုးခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် မျက်နှာကြက်ပေါ်၌ ရှင်တလှပ်လှပ်နှင့် ရှိနေပြီး မိန်းမလှလေး ထွက်သွားသောအခါမှပင် မျက်နှာကြက်မှ အောက်သို့ပြန်ဆင်းခဲ့၏။

သူတော်သည် အိပ်ခန်းသန့်ရှင်းရေးကိုပင် ဆက်၍ မလုပ်နိုင်တော့ဘဲ ငွေခင်၏ ဖွံ့ထွားသောရင်သားများကို မြင်ယောင်ပြီး ရင်ခုန်နှုန်း မြန်နေရှာ၏။

ဤမျှချစ်ဖွယ်ကောင်းသော မိန်းကလေးကို ပိုင်ဆိုင်ခွင့်ရလျှင် ဘယ်လောက်ကောင်းမည်နည်း။

သူသည် မိန်းမလှလေး၏အနီးမှာ တစ်နေကုန်နေပြီး မမောနိုင် မပန်းနိုင် စကားတွေ ပြောနေလိမ့်မည်။

မိန်းမလှလေးအတွက် လိုအပ်ချက်မှန်သမျှ ပျော်ရွှင်စွာ ဖြည့်တင်းပေးပြီး ကျေနပ်နေပေလိမ့်မည်။

သူတော်သည် ငွေခင်၏ တပ်မက်ဖွယ်အလှများကို မြင်တွေ့ပြီးနောက် အိပ်ခန်းထဲတွင် သန့်ရှင်းရေးအလုပ်များကို မလုပ်နိုင်တော့ဘဲ ခုတင်ပေါ်၌ အသာအယာလှဲကာ ရင်းမြင်တွေ့ရသော ရင်ခုန်ဖွယ် မြင်ကွင်းကို ပြန်လည်သရုပ်ဖော်နေမိ၏။





ထိုအခိုက်မှာပင် သူတော် ရောက်ရှိနေသော အိပ်ခန်းတံခါးသည် ရုတ်တရက်ပွင့်ဟသွားပြီး ခုတင်အနီးသို့ ငွေခင်ဆိုသော အမျိုးသမီး ရောက်ရှိလာလေ၏။

သူတော်သည် ငွေခင်၏ တပ်မက်ဖွယ်အသရုံများကို စိတ်ကူးယဉ်နေစဉ် ရုတ်တရက် ငွေခင်ရောက်လာသဖြင့် အလန့်တကြား ထထိုင်လိုက်၏။

ငွေခင်သည် သူတော် ထိတ်လန့်သွားဟန်ကိုကြည့်၍ အောကျဟန်ဖြင့် ရယ်မောကာ ...

"ဟဲ ဟဲ ... ကျွန်မ ရုတ်တရက် အခန်းထဲဝင်လာလို့ ရှင် လန့်သွားတယ်နဲ့တူတယ်၊ ဆောရီးနော်၊ ကျွန်မလည်း အခန်းတံခါးပိတ်ထားတယ်ထင်လို့ လက်နဲ့တွန်းလိုက်တာ တံခါးက ရုတ်တရက် ပွင့်သွားတဲ့အတွက် အခန်းထဲကို ဝင်လိုက်တာပဲ"

ဟု ပြောလေ၏။ ငွေခင်သည် ရေချိုးပြီးကာစ ဖြူဖွေးသန့်စင်ပြီး လှပနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် ငွေခင်၏ လျှို့ဝှက်အပ်သော အလှများကို မကြာသေးမီက ချောင်းကြည့်ခဲ့မိသဖြင့် မလုံမလဲ ဖြစ်နေပြီး ငွေခင်၏မျက်နှာကိုပင် ရဲရဲမကြည့်ဝံ့ဘဲ ခေါင်းငုံ့၍ ...

"ရပါတယ်, ရပါတယ်"ဟူ၍သာ ပြောဆိုလေ၏။

ငွေခင်က ရှက်ကိုးရှက်ကန်း ဖြစ်နေသော သူတော်ကို နားမလည်ဟန်ဖြင့်ကြည့်၍ ...

"ကျွန်မ အခန်းထဲမှာ တစ်ယောက်တည်းနေရတာ ပျင်းလွန်းလို့ ဖတ်စရာစာအုပ်လေးများ ရှင့်ဆီမှာ ရှိမလားလို့ လာမေးတာပါ"

ဟု ပြောလေ၏။

သူတော်သည် ရှေးဟောင်းအိမ်ကြီး၌ ဆရာကြီးရွှေဥဒေါင်း၏ စုံထောက်မောင်စံရှား ဝတ္ထုများ စုဆောင်းထားခြင်းကို သတိရသွားပြီး ...

"ကျုပ်ဆီမှာ စုံထောက်မောင်စံရှားဝတ္ထုတွေတော့ ရှိပါတယ်၊ စုံထောက်ဝတ္ထုတွေကို ကြိုက်လွန်းလို့ မဂ္ဂဇင်းတွေမှာ





ပါသမျှကို ဖြတ်ပြီးသိမ်းထားတာပါ၊ ညနေကျရင် အိမ်ကြီးကိုပြန်ပြီး ကျွန်တော် ယူပေးပါမယ်"

ဟု ပြောလေ၏။ ငွေခင် အခန်းထဲမှ ပြန်ထွက်သွားသောအခါ သူတော်သည် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်၍ ကျန်ရစ်ခဲ့ကြောင်း သတိပြုမိ၏။

မိမိအဝ မိခင်မိတ်တိုင်းကျ နေထိုင်ရသဖြင့် ဆန့်ကျင်ဘက်လိင်များကို ခပ်ကင်းကင်း နေထိုင်ခဲ့ရ၏။ အမှန်စင်စစ် မိမိသည် ပုထုဇဉ်လူသားတစ်ယောက်ပင် မဟုတ်ပါလား။

သူတော်သည် ညနေစောင်းသောအခါ အိမ်ကြီးဘက်သို့ ပြန်သွားပြီး စာအုပ်ဗီရိုကြီးကိုဖွင့်၍ မိမိ ဖာရိုတသေ သိမ်းဆည်းထားသော စုံထောက်ဝတ္ထုများကို ထုတ်ယူလိုက်၏။

စာအုပ်ဗီရိုကြီးသည် မိခင်၏အခန်းရှေ့၌ ရှိသဖြင့် စာအုပ်ဗီရိုဖွင့်သံကို မိခင်ဖြစ်သူ ကြားမှာသော်ချာ၏။

မိခင်သည် အလွန်လိမ္မာပါးနပ်သော မိန်းမတစ်ယောက်ဖြစ်သဖြင့် ထိုစာအုပ်များသည် ညည့်သည်မိန်းကလေးအတွက် ထုတ်ယူခြင်းဖြစ်ကြောင်း ရိပ်စားမိနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် စာအုပ်များကို ခြင်းတောင်းထဲသို့ ထည့်၍ အိမ်ကြီးပေါ်မှ ဆင်းခဲ့လေ၏။

သူတော်သည် စာအုပ်ခြင်းကိုဆွဲ၍ တည်းခိုခန်းရှိရာသို့ လျှောက်လှမ်းသွားရာမှ နောက်ကျောမလုံသလို ခံစားရသဖြင့် အိမ်ကြီးဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ မိခင်ထိုင်နေကျ ပြတင်းပေါက်သည် လေတိုက်လို့လားမသိ ပွင့်ဟလာပြီး မိခင်သည် ကုလားထိုင်မှနေ၍ မိမိကို ကြည့်ရှုနေကြောင်း သိရ၏။

သူတော်သည် မိခင် မကျေမချမ်းဖြစ်မည့်အရေးကို တွေး၍ စိတ်မောလူမော ဖြစ်သွား၏။

မိခင်သည် မိမိဘဝကို အနည်းငယ်မျှ နားလည်စာနာစိတ်ထားလျှင် မည်မျှကောင်းမည်နည်း။

မိမိသည် သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်၏။ မိမိ၌ ခံစားမှုများရှိ၏။





ထိုခံစားမှုများကို မျိုသိပ်၍ မိခင်နှင့်အတူ ဖြို့နှင့်ဝေးသော ဤအရပ်၌ နေထိုင်နေခြင်းကို မိခင် နားလည်သင့်သည်ထင်၏။

မိခင်သည် အဘယ်ကြောင့် ဤမျှအတ္တကြီးနေသည် မသိချေ။

မြို့နှင့်ဝေးသော တည်းခိုအိမ်ကြီးကို မိခင်ခေါင်းကိုင်သို့ ပြန်ခံသော်၏...

မြို့နှင့်ဝေးသော တည်းခိုအိမ်ကြီးကို မိခင်,ခင်တွယ်နေသမျှ မိမိ စိတ်ဆင်းရဲရသဖြင့် ထိုအိမ်ကြီးကို မီးရှို့ပစ်ဖို့ပင် စိတ်ကူးခဲ့၏။

သို့သော် မိခင်မြတ်နိုးသောအရာကို မဖျက်ဆီးရက်သဖြင့် မေ့ပျောက်ပစ်ခဲ့ရ၏။

သူတော်သည် ငွေခင်၏တံခါးကိုခေါက်ကာ စာအုပ်ခြင်းကြီးကို တံခါးရှေ့တွင်ချ၍ လှည့်ထွက်ခဲ့၏။

စိတ်ရှုပ်ထွေးနေသဖြင့် ညှိသည့်မိန်းကလေးနှင့် စကားပြောချင်စိတ်လည်း မရှိချေ။

✱ ○ ✱



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် အိပ်ရာပေါ်တွင် လှဲနေရာမှ တံခါးခေါက်သံလိုလို ကြားသဖြင့် အိပ်ရာမှထပြီး တံခါးဖွင့်ကြည့်သောအခါ အခန်းဝ၌ ခြင်းတောင်းတစ်လုံးကို တွေ့ရပြီး ခြင်းထဲ၌ စာအုပ်အချို့ကို တွေ့ရ၏။

ငွေခင်သည် အနီးပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ ခပ်လှမ်းလှမ်း၌ အိမ်ကြီးဘက်သို့ ထွက်ခွာသွားသော သူတော်ကို မြင်တွေ့ရ၏။

ထိုအခိုက်မှာပင် ငွေခင်သည် အိမ်ကြီး၏အပေါ်ထပ်ရှိ တစ်ခုတည်းသော ပြတင်းပေါက်ပွင့်နေကြောင်း သတိပြုမိလိုက်၏။





ပြတင်းပေါက်၌ ထိုင်နေသော မိန်းမကြီးတစ်ဦး၏ ပုံရိပ်ကို ဝိုးတဝါး မြင်တွေ့ရ၏။

ထိုမိန်းမကြီးသည် အတွအလွန်ကြီးသော သူတော်၏ မိခင်ကြီး ဖြစ်ပုံရ၏။

တည်းခိုခန်းနှင့် ရှေးဟောင်းအိမ်ကြီးသည် အတော်အတန် ဝေးကွာနေသည့်အပြင် မိန်းမကြီး ထိုင်နေသော နေရာသည် အနည်းငယ် အမှောင်ရိပ် ကျသဖြင့် သူမ၏မျက်နှာကို သဲကွဲစွာ မမြင်ရချေ။

မိန်းမကြီးဝတ်ဆင်ထားသော အင်္ကျီမှာ နီညိုရောင် ဖြစ်ကြောင်း သတိပြုမိ၏။

ရှေးအဘွားကြီးများ ဝတ်လေ့ရှိသော နီညိုရောင် ကတ္တီပါအင်္ကျီပင် ဖြစ်နေပုံရ၏။

ငွေခင်သည် အဘွားကြီး၏ အတွကြီးသော စိတ်သဘောထားကို မနှစ်မြို့သဖြင့် အိမ်ကြီးဆီသို့ မကြည့်တော့ဘဲ တည်းခိုခန်းထဲသို့ ပြန်လည်ဝင်ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ရောက်သောအခါ ခုတင်ပေါ်တွင်လှဲ၍ စုံထောက်မောင်စံရှားဝတ္ထုများကို ဖတ်လေ၏။

ဝတ္ထုတစ်ပုဒ်ဖတ်ပြီးနောက် မျက်လုံးများ မှေးစင်းလာပြီး အိပ်ပျော်သွားလေ၏။ ငွေခင်သည် အိပ်လိုက် နိုးလိုက်ဖြစ်နေပြန်၏။

ထို့နောက် သူမယောက်ျားထံမှ ငွေများယူ၍ ထွက်ပြေးလာပုံကို ပြန်လည်သတိရပြန်၏။

ဦးတိုင်းအုပ်သည် ရန်ကုန်မြို့သို့ မိန်းမများနှင့်ပျော်ပါးရန် ထွက်သွားပြီး ပွဲစားတစ်ဦး၏ အဆက်အသွယ်ဖြင့် ဒန်အိုးစက်တစ်လုံး ရောင်းချမည်ဖြစ်ကြောင်း သိရ၏။

ဒန်အိုးစက်ပိုင်ရှင် ကုလားသူဌေးသည် လောင်းကစားပွဲများ ရှုံးနိမ့်သဖြင့် ဒန်အိုးစက်ကို ရောင်းချင်နေပုံရ၏။

ဦးတိုင်းအုပ်သည် ဒန်အိုးစက်ကို မိမိလုပ်ကိုင်လျှင် အမြတ်အစွန်း များမည်ဟု ရိပ်စားမိ၏။





သို့သော် ဒန်အိုးစက်ဝယ်ရန် မိမိ၌ လောလောဆယ်ငွေမရှိချေ။

မိမိပိုင်ဆိုင်သော ဆန်စက်နှင့် ဆီစက်ကို ရောင်းချပြီး ဝယ်ယူမှသာလျှင် ဖြစ်နိုင်၏။

ဦးတိုင်းအုပ်သည် ကုလားသူဌေးကို စောင့်ဆိုင်းရန် ပြောဆိုပြီး တာတီမြို့သို့ ပြန်ခဲ့လေ၏။

မြို့သို့ရောက်သောအခါ ၎င်း၏ဆီစက်နှင့် ဆန်စက်ကို ဝယ်ယူလိုသော တရုတ်သူဌေး ဦးမိန်းထံသို့ သွား၍ ဆီစက်နှင့်ဆန်စက်ကို ရောင်းတော့မည်ဖြစ်ကြောင်း ပြောလေ၏။

တရုတ်သူဌေး ဦးမိန်းသည် သူ၏ဆီစက်နှင့် ဆန်စက် ဈေးချောင်လိုက်၍ ဝယ်ယူလိုကြောင်း ရိပ်စားမိသော်လည်း ရန်ကုန်မြို့က ဒန်အိုးစက်ကို ဝယ်ယူလိုသဖြင့် လျှော့ဈေးဖြင့်ပင် ရောင်းလိုက်လေ၏။

တရုတ်သူဌေးဦးမိန်းသည် ဆီစက်နှင့် ဆန်စက်ကို လွှဲပြောင်းယူပြီးနောက် ဂုန်နီအိတ်ကြီးဖြင့် ငွေစက္ကူများကိုထည့်၍ ယူဆောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့သည် ဝတ်လုံတော်ရတစ်ဦးကို သက်သေထား၍ အရောင်းအဝယ် ပြုလုပ်နေလေ၏။

ငွေခင်သည် ထိုမြင်ကွင်းကို အိပ်ခန်းထဲမှ ချောင်းမြောင်းကြည့်ရှုနေပြီး မိမိအတွက် ဤအရပ်မှ ထွက်ပြေးလွတ်မြောက်ရန် အခါအခွင့် သင့်ပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ဦးတိုင်းအုပ်သည် ငွေထုပ်ကြီးကို အိပ်ခန်းထဲသို့ ယူဆောင်၍ ခုတင်အောက်၌ ထားလိုက်၏။

ငွေခင်သည် ငွေထုပ်ကြီးကို ခိုးယူ၍ ဤအရပ်မှ အမြန်ဆုံး ထွက်ပြေးရန် ကြံစည်နေ၏။

ဦးတိုင်းအုပ်သည် ရင်း၏လက်ထဲသို့ ဆီစက်နှင့် ဆန်စက် ရောင်းချသောငွေများ ရရှိသောအခါ အမြန်ဆုံး ရန်ကုန်မြို့သို့တက်၍ ဒန်အိုးစက်ဝယ်တော့မည် ဆိုသဖြင့် ငွေခင်သည် အခက်ကြုံနေလေ၏။

သို့သော် ငွေခင်အတွက် ကံကြမ္မာက ပေးမသောအချက်မှာ ဦးတိုင်းအုပ်၏ စတုဘေးကား ကားနက်ကြီးသည် ရုတ်တရက် ဗွေဖောက်ပြီး စက်နိုးမရ ဖြစ်နေ၏။





ဦးတိုင်းအုပ်သည် စတုဘေးကား ကားနက်ကြီးကို စက်ဆရာခေါ်၍ အမြန်ဆုံး ပြင်လေ၏။

ကားစက်ပြင်ပြီးသောအခါ နောက်တစ်နေ့၌ ရန်ကုန်မြို့သို့ တက်မည်ဖြစ်ကြောင်း ပြောလေ၏။

ငွေခင်အတွက် အချိန်များစွာ ကျန်ရှိခြင်း မရှိတော့ချေ။ ငွေခင်သည် ဦးတိုင်းအုပ်၏ ငွေများကို နောက်တစ်နေ့နံနက်စောစောထ၍ ခိုးယူရန် ဆုံးဖြတ်ထားလေ၏။

ထိုသို့ ခိုးယူရန်အတွက် ယနေ့ည ဦးတိုင်းအုပ်ကို အိပ်ရေးပျက်အောင် လုပ်ရသည်။

ဦးတိုင်းအုပ်သည် ညဥ့်နက်အောင် နေပြီးသောနေ့များ၌ နောက်တစ်နေ့နံနက် အိပ်ရာမှ စောစောနိုးလေ့မရှိချေ။

ငွေခင်သည် ယနေ့ည၌ ဦးတိုင်းအုပ်ကို မာယာနှင့် မြူဆွယ်ပြီး အိပ်ရေးပျက်အောင် ကြံဆောင်လေ၏။

ငွေခင်သည် ဦးတိုင်းအုပ်နှင့် ဆက်ဆံရေး မပြေလည်သောကြောင့် ခပ်ကင်းကင်း နေထိုင်သော်လည်း ယနေ့ညတွင်မူ ဦးတိုင်းအုပ်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး မနက်ဖြန် ရန်ကုန်ကို သွားတော့မယ်နော်၊ အစ်ကိုကြီးမရှိရင်တော့ ငွေခင် ပျင်းနေတော့မှာပဲ"

ဟု ပြောလိုက်ရာ ဦးတိုင်းအုပ်သည် ငွေခင်၏ထူးခြားသော အမူအရာကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်းက ဒီနေ့ညတော့ ထူးထူးဆန်းဆန်း ရှိုသာနေပါလား၊ ရန်ကုန်မြို့က မင်း ဘာလိုချင်တာရှိလို့လဲ"

ဟု မေးမြန်းလေ၏။ ငွေခင်က ဦးတိုင်းအုပ်ကို ပွေ့ဖက်၍ ...

"ဘာမှမလိုချင်ပါဘူး အစ်ကိုကြီးရယ်၊ ကျွန်မစိတ်တွေ ဒီနေ့ည ဘယ်လိုဖြစ်နေလဲ မသိဘူး၊ အစ်ကိုကြီးကို ရန်ကုန် မသွားစေချင်ဘူး၊ အစ်ကိုကြီးနဲ့ပဲ အတူတူနေချင်နေတယ်"

ဟု ပြောလိုက်ရာ ဦးတိုင်းအုပ်က ခေါင်းခါယမ်း၍ ...





"ရန်ကုန်မသွားလို့ မဖြစ်ဘူးကွ၊ ဒန်အိုးစက်ဝယ်ဖို့အတွက် ကုလားသူဌေးကို ငွေချေရတော့မှာ"

ဟု ပြောလေသည်။ ငွေခင်က ဦးတိုင်းအုပ်ကို မြူဆွယ်သော မျက်လုံးများဖြင့်ကြည့်၍ ဦးတိုင်းအုပ် အိပ်ရာဝင်နောက်ကျစေရန် အိပ်ရေးပျက်ခံ၍ အစွမ်းကုန် ကြိုးပမ်းလေ၏။

ငွေခင်သည် ဦးတိုင်းအုပ် အိပ်ပျော်သွားသောအခါ ဦးတိုင်းအုပ်၏ ခုတင်အောက်ရှိ ငွေထုပ်ကြီးကို အသံမကြားအောင် ဆွဲထုတ်လိုက်၏။

ငွေထုပ်ကြီး အခန်းပြင်သို့ရောက်လျှင် အောက်ထပ်သို့ မနိုင့်တနိုင် ဆွဲယူသွားပြီး တံခါးဖွင့်ကာ စတုဘေကာကားနက်ကြီး၏ ကားနောက်ဖုံး၌ ထည့်လေ၏။

ငွေထုပ်ကြီး ကားပေါ်သို့ အောင်မြင်စွာ ရောက်ရှိသောအခါ ငွေခင်သည် ကားပေါ်သို့ ခရီးဆောင်အိတ်ကို အသင့်တင်လိုက်၏။ ထိုနေရာမှ ခွန့်ခွာပြေးရန် အသင့်ဖြစ်သောအခါ ကားစက်ကို ညင်သာစွာ နှိုးပြီး ခြံတံခါးဝသို့ သွားလေ၏။ ခြံစောင့်ကုလားသည် အိပ်မောကျနေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် ခြံတံခါးကို ကိုယ်တိုင်ဖွင့်၍ ကားကို မြို့ပြင်သို့ မောင်းထွက်လိုက်၏။

ပြီးနောက် စတူဘေကာ ကားနက်ကြီးကို ခပ်တည်တည် မောင်းထွက်ခဲ့လေ၏။ ငွေခင် အိမ်မှထွက်လာခြင်းကို မည်သူမျှ ရိပ်မိပုံမရချေ။

ငွေခင်သည် လမ်းပေါ်သို့ ကားရောက်သွားသောအခါ "လွတ်ပြီ ... လွတ်ပြီ"ဟု ဝမ်းသာအားရ အော်ဟစ်လိုက်လေတော့၏။ ငွေခင်၏ကားသည် မြို့ပြင်သို့ ရောက်သောအခါ ပတ္တရောင်လှည့်လာသော ပုလိပ်များနှင့် ဆုံတွေ့ခဲ့၏။ ပုလိပ်များသည် စတူဘေကာကားနက်ကြီးကို ငွေခင် မောင်းနှင်သွားသဖြင့် အံ့ဩဟန်ဖြင့်ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် မိမိထွက်ပြေးသွားကြောင်း ဦးတိုင်းအုပ် သိရှိပြီး သူ၏တပည့် လူဆိုးလူမိုက်များ အကူအညီဖြင့် သူမကို လိုက်လံရှာဖွေတော့သည်။

ထိုအချိန်၌ မြို့နှင့် အဝေးဆုံးအရပ်သို့ ရောက်ရှိနေဖို့ အရေးကြီး၏။ ဤအရပ်၌ မိန်းမများ ကားမောင်းလေ့မရှိသဖြင့် သူမကို လူတိုင်း ဂရုပြုမိမှာ သေချာ၏။





ငွေခင်သည် ကားကိုတစ်နေကုန်မရပ်မနား မောင်းခဲ့လေ၏။

ထိုသို့ မောင်းနှင်လာရင်း လမ်းကြောင်းလွဲကာ ဤအရပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။

ဦးတိုင်းအုပ်၏တပည့်များသည် စတူဘေကာ ကားနက်ကြီးကို မောင်းနှင်သွားသော မိန်းမတစ်ယောက်အား လိုက်လံရှာဖွေခဲ့လျှင် မိမိရောက်လေရာမြို့များ၌ သတိပြုမိသူများထံမှ သူမ၏သတင်းကို ရရှိသွားနိုင်၏။

ထိုသို့ လိုက်လံရှာဖွေရင်း မိမိ၏ကံကြမ္မာညှိုးနွမ်းသောအချိန်၌ လူဆိုးလူမိုက်များလက်သို့ ရောက်ရှိသွားနိုင်၏။

လူမသိ အရောက်အပေါက်နည်းသော တည်းခိုအိမ်၌ တစ်ပတ် ဆယ်ရက်တည်းခိုနေပြီး မြန်မာပြည်၏တစ်နေရာ၌ သွားရောက်ပုန်းခိုနေရန် ကြံစည်၏။

ထိုသို့ ပုန်းခိုရင်း မြန်မာပြည်၌ လုံခြုံမှုမရှိဟု ယူဆလျှင် တစ်ဖက်နိုင်ငံသို့ သွားရောက်တိမ်းရှောင်နေရန်မှ ကြံစည်ထား၏။ သူမ၌ မိဘနှစ်ပါးမရှိတော့သည့်အတွက် နောက်ဆံတင်းစရာ ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူ မကြာဖြူမှာလည်း ရန်ကုန်မြို့ရှိ သတင်းစာတိုက်ကြီးတစ်တိုက်၌ သတင်းထောက်အဖြစ် ပျော်မွေ့နေလေ၏။

သူမ၏ အဖြစ်ကို မကြာဖြူ သိလျှင် စိတ်ဆင်းရဲရှာပေလိမ့်မည်။ သို့သော် ဦးတိုင်းအုပ်၏ လက်အောက်၌ ငရဲကျနေသော ခံစားမှုကို မိမိကိုယ်မိမိ အသိဆုံးဖြစ်၏။

ဦးတိုင်းအုပ်သည် သူ၏ တပည့်လူဆိုးများ ရှာဖွေလို့မရသည့်အဆုံး၌ မကြာဖြူကို သွားရောက်တိုင်ကြားပြီး ညီမဖြစ်သူကို ရှာဖွေပေးရန် တောင်းဆိုမှာ သေချာ၏။

မကြာဖြူသည် သတင်းထောက်အလုပ်ကိုပစ်၍ သူမကို လိုက်လံရှာဖွေမည်လား မသိ။

ငွေခင်သည် အိပ်ရာမှထ၍ မှန်ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ကြည့်လိုက်ရာ ညအမှောင်လွှမ်းနေပြီဖြစ်ကြောင်း တွေ့ရ၏။

ငွေခင်သည် သူတော် ထမင်းလာမပို့သေးသဖြင့် စုံထောက်ဝတ္ထုကို ပြန်လည်ဖတ်ရှုနေလိုက်၏။

✱ ○ ✱





ထိုအချိန်၌ သူတော်သည် အိမ်ကြီး၌ မိခင်ဖြစ်သူ၏ မကြည်ဖြူခြင်းကို ခံနေရ၏။

မိခင်သည် သူတော် ကျွေးမွေးသော ဆန်ပြုတ်ကို မစားပဲ ငြင်းဆန်နေသဖြင့် သူတော် အလွန်စိတ်ပျက်နေလေ၏။ သူတော်က ဆန်ပြုတ်ပန်းကန်ကိုကိုင်၍ ...

"အမေရယ် အမေ တစ်နေကုန် ဒီဆန်ပြုတ်လေးပဲ စားတာ၊ ညစာလည်း စားတာမဟုတ်ဘူး၊ ဆန်ပြုတ်လေး တစ်ဇွန်းနှစ်ဇွန်းမှ ကုန်အောင်မစားဘူးဆိုရင် အမေ အိပ်ရာထဲ လဲတော့မှာပေါ့၊ အမေ အိပ်ရာထဲ လဲနေပြီဆိုရင် အစုလိုမယောက်ဂနီရောင် ထိုင်ခုံကြီးမှာ မထိုင်နိုင်တော့ဘူး၊ အမေ



www.burmeseclassic.com

www.burmeseclassic.com



ဒီထိုင်ခုံကြီးမှာ ထိုင်ရတာ ကြိုက်တယ်မဟုတ်လား၊ နည်းနည်းလေးတော့ သောက်လိုက်ပါ”

ဟု ချော့မော့၍ သောက်နိုင်းလေ၏။ သို့သော် မိခင်သည် သူတော်၏ဆန်ပြုတ်ကို မသောက်ဘဲ စိတ်ဆိုး၍သာနေ၏။ သူတော်သည် စိတ်ပျက်ဟန်ဖြင့် ခေါင်းကို တဗျင်းဗျင်း ကုတ်လိုက်ပြီး ...

“အမေနဲ့တော့ ခက်ပါပြီ၊ အမေ ကျုပ်ကို မိန်းကလေးတွေနဲ့ မဆက်ဆံစေချင်ဘူးဆိုရင် ဘာဖြစ်လို့ တည်းခိုခန်းဖွင့်ထားသလဲ။ တည်းခိုခန်းဖွင့်ရင် ဧည့်သည်လာမှာပဲ၊ လာတဲ့ ဧည့်သည်ထဲမှာ ယောကျ်ားလည်းပါမယ်၊ မိန်းမလည်းပါမယ်”

ဟု ပြောရင်း မိခင်၏မျက်လုံးအစုံကိုကြည့်၍ သူမ၏ ပြောလိုသော သဘောကို ရိပ်စားမိသွားပြီး ...

“ဪ ... အမေ့ရဲ့တည်းခိုခန်းမှာ မိန်းကလေးတစ်ယောက်တည်း လာမတည်းရဘူးလို့ စည်းကမ်းထုတ်ထားလို့လား၊ မိန်းကလေးတစ်ယောက်တည်း ရောက်လာတာနဲ့ ဒီမိန်းကလေးကို အထင်သေးလို့ မရဘူး၊ သူဟာ အင်မတန်တည်ကြည်တဲ့ မိန်းမတစ်ယောက်ပါ”

ဟု ပြောရင်း မိခင်၏မျက်လုံးများကို ကြည့်လိုက်ပြန်၏။ သူတော်သည် ထူးဆန်းစွာပင် မိခင်က စကားမပြောသော်လည်း မျက်လုံးကိုကြည့်ရုံဖြင့် မိခင်၏ဆိုလိုရင်းအဓိပ္ပာယ်ကို သိရှိ၏။ ထို့ကြောင့် ခေါင်းခါယမ်းလိုက်ပြီး ...

“ကျုပ်က သူ့ဘက်က ရှေ့နေလိုက်နေတာ မဟုတ်ဘူး အမေ၊ သူဟာ ကျုပ်တို့တည်းခိုခန်းရဲ့ ဧည့်သည်လေ၊ သူ ရောက်တာမှ နှစ်ရက်ပဲ ရှိသေးတယ်၊ သူ့ကို ကျုပ်တို့က ပစ်ထားလို့ ရမှာလား၊ အမေ့ကြောင့် ဒီနေ့ည ထမင်းပို့ချိန်တောင် နောက်ကျနေပြီ။ ဒုက္ခပါပဲ၊ ဧည့်သည်ဆာလောင်နေတော့မယ်၊ ကျုပ် သွားမယ် အမေရယ်၊ ကျုပ်တော့ သေချင်တာပဲ၊ တည်းခိုခန်းကတစ်ဖက် အမေ့ကို ပြုစုရတာ တစ်ဖက်နဲ့”







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း မိခင်၏မျက်နှာကို ကြည့်လိုက်မိ၏။ ပြီးနောက် ခေါင်းခါယမ်း၍ ...

"ညည်းတာ မဟုတ်ဘူး အမေ၊ ကျုပ် အမေ့ကို ချစ်ပါတယ်၊ အမေ့ကို ချစ်လို့ပဲ တစ်သက်လုံး လူပျိုကြီးဘဝနဲ့ နေလာခဲ့တာ အမေအသိပဲ မဟုတ်လား၊ ကျုပ်အသက်(၄၀)ကျော်ပြီ၊ ကြီးမှ ဝက်သက်ပေါက်ပုံမလား အမေရယ်၊ နေ့လယ်က ဝတ္ထုစာအုပ်တွေ သွားပေးရတာက ညွှန့်သည်မိန်းကလေးက တောင်းဆိုလို့ပါ၊ သူ ဘာကြောင့် ဒီအရပ်ကို ရောက်နေသလဲဆိုတာ ကျုပ်မသိဘူး၊ လူမှုရေးအရ ကျုပ်လည်း မစုံစမ်းခဲ့မိဘူး၊ သူ့ဘာသာ ဖွင့်ပြောခဲ့ရင် သိရမှာပေါ့ အမေရယ်"

ဟု ပြောလေ၏။ ထို့နောက် နံရံ၌ ချိတ်ဆွဲထားသော တိုင်ကပ်နာရီကြီးကိုကြည့်၍ ...

"ထမင်းပို့ချိန် အတော်နောက်ကျနေပြီ အမေ ကျုပ်သွားတော့မယ်၊ ညွှန့်သည် ထမင်းဆာနေလောက်ပြီ"





ဟု ဆိုကာ မိခင်၏ အိပ်ခန်းထဲမှ ထွက်ခဲ့လေ၏။

သူတော်သည် အိမ်ကြီး၏အောက်ထပ် မီးဖိုခန်းသို့သွားကာ ညစာကိုပြင်ဆင်၍ တည်းခိုအိမ်ဘက်သို့ ထွက်ခဲ့၏။

တည်းခိုခန်းသို့ ရောက်သောအခါ တံခါးကိုတခေါက်ခေါက် ခေါက်လိုက်၏။

ထိုအခါ စိုက်ဆောနေသော ငွေခင်သည် တံခါးကို လျှင်မြန်စွာဖွင့်ပေးလေ၏။ သူတော်က ငွေခင်ကို အားတုံ့အားနာ ကြည့်၍ ...

"ညစာပို့ချိန် နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါကွာ၊ ကျွန်တော့်အမေ နည်းနည်း နေမကောင်းဖြစ်နေလို့ပါ"

ဟု ပြောလေရာ ငွေခင်သည် ညစာထည့်ထားသော ခြင်းကို လှမ်းယူ၍ ...

"ညနေတုန်းက ပြတင်းပေါက်ဖွင့်နေလို့ ရှင့်အမေ ထိုင်နေတာ တွေ့ခဲ့သေးတယ်၊ လေစိမ်းတိုက်ခံရလို့ နေမကောင်းဖြစ်သွားတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ သူတော်က ...

"အမေကာ လေစိမ်းတိုက်တာလောက်တော့ မမှုဘူးဗျ၊ သူ ဟာ ဘယ်လောက်ပဲ နေမကောင်းဖြစ်ဖြစ် ညနေစောင်းရင် ပြတင်းပေါက်ဖွင့်ပြီး ပတ်ဝန်းကျင်ကို မကြည့်ဘဲ မနေနိုင်ဘူး။ ဒီနေ့ညစာကတော့ မနက်က ပို့ထားတဲ့ဟင်းပဲဗျာ၊ ခင်ဗျား စားလို့မှ ရရဲ့လား"

ဟု မေးမြန်းလေရာ ငွေခင်က ခေါင်းညိတ်၍ ...

"ရှင့်ရဲ့ဟင်းချက်လက်ရာ ကောင်းပါတယ်၊ ကျွန်မတစ်ခုပဲ တောင်းဆိုချင်တယ်၊ ကျွန်မ ညဘက် စာအုပ်ဖတ်ပြီးရင် လက်ဖက်သုပ်စားတဲ့ အလေ့အကျင့်ရှိတယ်၊ ဒါကြောင့် လက်ဖက်သုပ်ရရင် ပို့ပေးပါလား၊ ကျသင့်တဲ့ငွေကို ကျွန်မ တည်းခိုခန်းက သွားတဲ့နေ့မှာ ရှင်းပေးပါ့မယ်"

ဟု ပြောလေ၏။

သူတော်သည် ငွေခင်၏ လက်ဖက်သုပ် စားချင်သည်ဆိုသော တောင်းဆိုမှုကြောင့် အံ့ဩက်တွေ့သွားလေ၏။





အိမ်၌မိခင်ဖြစ်သူသည် လက်ဖက်သုပ်ကို အလွန်နှစ်သက်သဖြင့် မိခင်အတွက် လက်ဖက်ကို အစဉ်အမြဲဝယ်ထားရ၏။ ယခု အိမ်ကြီး၌ လက်ဖက်အနည်းငယ်သာ ကျန်ရှိတော့၏။

ထိုလက်ဖက်များကို မိန်းကလေးအတွက် ပေးလိုက်ခြင်းကို မိခင်သိလျှင် မိမိကို ဒေါသပုန်ထမှာ သေချာ၏။

မည်သို့ပင်ဖြစ်စေ ဧည့်သည်မိန်းကလေး၏ လိုအပ်ချက်ကို မိမိ ဖြည့်ဆည်းပေးလိုက်ချင်၏။

ယနေ့ညလက်ဖက်သုပ်ပြီး လာရောက်ပို့ဆောင်ပေးမည်ဟု ကတိပြုခဲ့၏။

သူတော်သည် မိခင်မသိအောင် အိပ်ခန်းထဲသို့ဝင်ပြီး ပုလင်းထဲမှ အကြော်စုံများကို ယူလေ၏။

ထိုအခိုက်မှာပင် မိခင်သည် မိမိကို ကြည့်ရှုနေသည်ဟု ယူဆပြီး နောက်ကျောမလုံသလို ဖြစ်မိ၏။

သူတော်သည် အကြော်စုံများကို ကမန်းကတန်းယူ၍ အိမ်ကြီး၏အောက်ထပ်၌ လက်ဖက်သုပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် လက်ဖက်သုပ်များကို ပန်းကန်ထဲသို့ ထည့်၍ တည်းခိုအိမ်သို့ ပို့ဆောင်ပေးလေ၏။

ညှေသည်မိန်းကလေးသည် လက်ဖက်သုပ် လာပို့ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောလေ၏။

သူတော်သည် တည်းခိုအိမ်ရှေ့၌ မိန်းကလေးနှင့် စကားပြောဆိုနေစဉ် အိမ်ကြီးဘက်သို့ မသိမသာ လှည့်ကြည့်လိုက်ရာ အိမ်ကြီး၏ တစ်ခုတည်းသော ပြတင်းပေါက် ပွင့်သွားကြောင်း တွေ့လိုက်ရ၏။

မိခင်ဖြစ်သူသည် အိမ်ကြီး၏အပေါ်ထပ်မှ မိမိကို မယုံသင်္ကာစိတ်ဖြင့် စောင့်ကြည့်နေလေ၏။

သူတော်သည် ညှေသည်မိန်းကလေးနှင့်ဆက်၍ စကားပြောဆိုချင်း မရှိတော့သဖြင့် သူမကို နှုတ်ဆက်ပြီး မြန်လည်ထွက်ခွာသွားလေ၏။

ညှေသည်မိန်းကလေးသည် သူ၏နောက်ကျောကို နားမလည်ဟန်ဖြင့် ကြည့်ရှုပြီး ကျန်နေမည်ထင်၏။

✱ ○ ✱





ငွေခင်သည် သူမနှင့် စကားပြောဆိုချင်ဟန်မရှိဘဲ လှည့်ထွက်သွားသော သူတော့်ကို နားမလည်ဟန်ဖြင့် ကြည့်ရှုပြီး ကျန်ရစ်ခဲ့လေ၏။ ထို့နောက် ငွေခင်သည် အခန်းထဲသို့ ပြန်ဝင်သွားပြီး စုံထောက်မောင်စံရှားဝတ္ထုများကို ဖတ်ရှုရင်း လက်ဖက်စားလေ၏။

ငွေခင်သည် ထိုသို့ မောင်စံရှားဝတ္ထုများကို ဖတ်ရှုရင်း ကားထဲတွင်ရှိသော သူမ၏ငွေထုပ်ကြီးနှင့် ပတ်သက်သည့် နည်းလမ်းတစ်ခု ရရှိခဲ့လေ၏။ စုံထောက်ဝတ္ထုထဲတွင် ငွေထုပ်ကြီး ဖွက်ရန် နည်းလမ်းတစ်ခုကို တွေ့ရှိသွား၏။

ထို့ကြောင့် အခန်းထဲရှိ မျက်နှာကြက်ကို မော့ကြည့်ကာ ဖွင့်နိုင်မည့်နေရာကို ရှာဖွေလေ၏။

www.burmeseclassic.com



ထိုသို့ရှာဖွေလေရာ သူမ၏ ရေချိုးခန်းအရှေ့၌ မျက်နှာကြက်ကို ဖွင့်နိုင်မည့်နေရာကို တွေ့ရ၏။

ငွေခင်သည် ကုလားထိုင်တစ်လုံးကို ရေချိုးခန်းအရှေ့ရှိ မျက်နှာကြက်အောက်သို့ရွှေ့၍ ကုလားထိုင်ပေါ်သို့တက်ကာ မျက်နှာကြက်ကို ဖွင့်ကြည့်လေ၏။

ထိုအခါ မျက်နှာကြက်ကို အလွယ်တကူ ဖွင့်သွာ ကြောင်း တွေ့ရ၏။

မျက်နှာကြက်အတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုး ကြည့်လိုက်ရာ သူမ၏ ငွေထုပ်ကြီးကို ကောင်းစွာသိမ်းဆည်းထား နိုင်ကြောင်း တွေ့ရ၏။

ငွေခင်သည် သူမ၏ ငွေထုပ်ကြီးကို ကားထဲတွ ထားရှိခြင်းကို စိတ်မချနိုင်ဘဲ ရှိနေလေ၏။

ငွေထုပ်ကြီးကို တည်းခိုအိမ်ထဲသို့ ရွှေ့ပြောင်း သိမ်းဆည်းထားနိုင်လျှင် ငွေထုပ်ကြီးသည် သူမနှင့်အတူ လုံခြုံ ရှိရပေမည်။





ငွေခင်သည် ကားထဲရှိ ငွေထုပ်ကြီးကို ယနေ့ည တွင်ပင် တည်းခိုခန်းအတွင်းသို့ သွင်းရန်ကြံစည်လေ၏။

သို့သော် ငွေထုပ်ကြီးကို အခန်းထဲသို့ သွင်းယူနေစဉ် တည်းခိုခန်း၏ပိုင်ရှင် သူတော် ရောက်လာမှာ စိုးရိမ်၏။

မိမိနှင့်အတူ ငွေထုပ်ကြီးရှိနေကြောင်း သူတော် သိရှိသွားလျှင် ငွေများ ဆုံးရှုံးရရုံသာမက သူမအတွက် အန္တရာယ်များစွာရှိနိုင်၏။

ငွေခင်သည် တည်းခိုခန်းတံခါးကို အသာအယာဖွင့်၍ ရှေးအိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ အိမ်ကြီး၌ မီးရောင်ရှိနေဆဲဖြစ်ကြောင်း တွေ့ရ၏။

အိမ်အိုကြီးရှိ သားအမိနှစ်ဦး အိပ်စက်သေးပုံ မရချေ။

ငွေခင်သည် အိမ်အိုကြီးမှ မီးမှောင်သွားမည့်အချိန်သို့ စိတ်ရှည်လက်ရှည် စောင့်လေ၏။

ထိုသို့စောင့်ရင်း ည(၁၀)နာရီကျော်သောအခါမှပင် အိမ်အိုကြီးမှ မီးမှိန်သွားကြောင်း တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် သူမ၏ငွေထုပ်ကြီးကို ကားထဲမှထုတ်ရန် အချိန်ကောင်းဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ထို့ကြောင့် လက်နှိပ်ဓာတ်မီးကို ထဘီနှင့်အုပ်၍ အလင်းရောင် ခပ်အုပ်အုပ်ထွန်းကာ ကားနက်ကြီးဆီသို့ လျှောက်လှမ်းသွားလေ၏။

ညသည် မည်းမှောင်လွန်းနေပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ကားနက်ကြီးသည် အမှောင်ထဲ၌ ထီးထီးကြီးရှိနေသဖြင့် ကြောက်စရာ့ဖွယ် သတ္တဝါကြီးအလား ရှိနေ၏။

ငွေခင်သည် ကားနက်ကြီးအနီးသို့ ရောက်သောအခါ လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် သော့ပေါက်ကို ရှာဖွေလေ၏။

သော့ပေါက်တွေ့သောအခါ ကားနောက်ဖုံးကို ညင်သာစွာဖွင့်လေ၏။





ကားနောက်ဖုံးသည် ထောက်ခနဲမြည်ပြီး ပွင့်သွားလေ၏။ ငွေခင်သည် နောက်ဖုံးထဲသို့ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ရုတ်တရက် ငွေထုပ်ကြီးကို မတွေ့ရသဖြင့် ခေါင်းနပန်းကြီးသွားလေ၏။

ငွေခင်သည် တုန်လှုပ်ချောက်ချားစွာဖြင့် ဓာတ်မီးကို သေသေချာချာ ထိုးကြည့်လိုက်သောအခါ နောက်ဖုံးထဲတွင် ငွေထုပ်ကြီး ရှိနေဆဲဖြစ်ကြောင်း တွေ့ရ၏။

ငွေခင်သည် ငွေထုပ်ကြီးကို မနိုင့်တနိုင် ဆွဲထုတ်လိုက်၏။

ငွေထုပ်ကြီး အပြင်သို့ ရောက်သောအခါ ကားနောက်ဖုံးကို ညင်သာစွာ ပိတ်လိုက်၏။

ငွေခင်သည် လက်နှိပ်ဓာတ်မီးကို ထဘီဖြင့်အုပ်၍ တည်းခိုအိမ်ဘက်သို့ တိတ်တဆိတ် ကူးသန်းခဲ့၏။

ထိုသို့ကူးသန်းရင်း အိမ်အိုကြီးဘက်သို့ လှမ်းကြည့်လိုက်သောအခါ အိမ်ကြီးသည် သရဲသဘက်ကြီးအလား ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် တည်းခိုအိမ်ရှေ့သို့ရောက်ပြီး အခန်းသော့ကို ဖွင့်ရန်ကြံလိုက်ရာ အခန်းသော့ လက်ထဲတွင်မရှိတော့ကြောင်း တွေ့ရ၏။

အခန်းသော့ မည်သည့်နေရာမှာ ကျကျန်ခဲ့လေသည် မသိ။

ငွေခင်သည် ငွေထုပ်ကြီးကို တံခါးရှေ့၌ စိတ်ပျက်လက်ပျက် ချထားလိုက်ပြီး အခန်းသော့ကို ပြန်ရှာရ၏။

ထိုအခါ အခန်းသော့သည် ကားနောက်ဖုံးရှိ မြက်ခင်းပေါ်တွင် ပြန်ရှာတွေ့လေ၏။

ထို့နောက် အခန်းသော့ကို လျင်မြန်စွာဖွင့်၍ ဝင်လိုက်လေ၏။ ငွေထုပ်ကြီးကိုလည်း အခန်းထဲသို့ သွင်းလိုက်၏။

ငွေခင်သည် ငွေထုပ်ကြီးကိုဆွဲ၍ ရေချိုးခန်းအနောက်ရှိ မျက်နှာကြက်အောက်သို့ ဆွဲယူသွား၏။

ပြီးနောက် ခွေးခြေပုလေးကို မျက်နှာကြက်အောက်သို့ ဆွဲယူသွား၏။

ပြီးနောက် ခွေးခြေပုလေးကို မျက်နှာကြက်အောက်သို့ ရွှေ့လိုက်ပြီး ငွေထုပ်ကို မျက်နှာကြက်ထဲသို့ သွင်းလိုက်၏။

ငွေထုပ်ကြီး လုံခြုံစိတ်ချရသော နေရာသို့ရောက်သောအခါ ငွေခင်သည် မျက်နှာကြက်ကို ပြန်ပိတ်၍ ခွေးခြေပုလေးအောက်သို့ ဆင်းလိုက်၏။ ထိုအခိုက်မှာပင် သူမ၏အနီးမှ သူတော်၏ အသံကို ကြားလိုက်ရ၏။

“ခွေးခြေပေါ်တက်ပြီး ခင်ဗျား ဘာလုပ်နေတာလဲ၊ မျက်နှာကြက်ပေါ် တက်ကြည့်မလို့လား”

ငွေခင်သည် သူမ၏အနောက်မှ အသံကြားရသဖြင့် နှံခွဲလိုက်သကဲ့သို့ တုန်လှုပ်ချောက်ချားသွားလေ၏။

ထို့ကြောင့် အသံကြားရာသို့ အထိတ်တလန့် လှည့်ကြည့်လိုက်ရာ အခန်းဝ၌ ရပ်ကြည့်နေသော သူတော်ကို မြင်လိုက်ရ၏။

ငွေခင်သည် အခန်းတံခါးကို ချက်ချရန် မေ့လျော့သွားသဖြင့် မိမိကိုယ်မိမိ နောင်တရလို့မဆုံး ဖြစ်မိ၏။




www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် မလုံမလဲ မျက်လုံးများဖြင့် သူတော်ကို ကြည့်လိုက်ပြီး ...

"ရှင် ... ဒီအချိန်ကြီး ကျွန်မအခန်းကို ဘာလာလုပ်တာလဲ"

ဟု မေးမြန်းလေရာ သူတော်က ...

"ကျုပ် ဒီနေ့ည အိပ်မပျော်လို့ အိမ်ပေါ်ထပ် တံခါးဝမှာ ရပ်နေတုန်း တည်းခိုခန်းရှေ့မှာ မသင်္ကာဖွယ် ခေတ်မီးရောင်ကို တွေ့ရတယ်၊ ဒါကြောင့် သူခိုးထင်ပြီး ကျုပ်ရောက်လာကြည့်တာဗျ၊ ရောက်တော့ သူခိုးကိုမတွေ့ဘဲ ခင်ဗျားအခန်းထဲမှာ အသံတွေ ကြားတဲ့အတွက် တံခါးဝကို လာကြည့်တာ၊ ကျုပ် တံခါးဝကိုရောက်တော့ အခန်းတံခါးက လေတိုက်ပြီး အလိုလို ပွင့်သွားတယ်၊ နေပါဦး ခွေးခြေတစ်လုံးနဲ့တက်ပြီး မျက်နှာကြက်ပေါ်ကို ဘာကြည့်နေတာလဲ"

ဟု မေးမြန်းလေ၏။ ငွေခင်သည် သူတော်၏အမေး ကြောင့် ရုတ်တရက် မှင်သက်မိသလို ဖြစ်သွားပြီးမှ အကြံရ၍—





"ဟို ... ဟို ... ကျွန်မ အိပ်ရာနိုးလို့ မျက်နှာကြက်ပေါ် က ရှုံးရှုံးရှုတ်ရှုတ် အသံကြားပြီး ခွေးခြေနဲ့ ကြည့်တာပါ၊ နောက်တော့မှ ကြွက်တွေ သောင်းကျန်းနေတာ တွေ့ရတယ်"

ဟု ပြောလေ၏။ သူတော်သည် ငွေခင်၏စကား ကြောင့် ခေါင်းညိတ်၍ ...

"ဪ ... ကြွက်ကတော့ ဒီနေရာမှာ နည်းနည်းရှိတယ်၊ ဒါပေမဲ့ တည်းခိုခန်းရှေ့မှာ လက်နှိပ်ဓာတ်မီး အလင်းရောင် တွေ့တယ်၊ အခန်းအပြင်ကို ဘာထွက်လုပ်တာလဲ"

ဟု မေးမြန်းလေ၏။ ငွေခင်သည် သူတော်ကို လိမ်ညာရန် အကြံရသွားပြီ ဖြစ်သဖြင့် ...

"မျက်နှာကြက်ပေါ်က အသံလိုလို ကြားတော့ ကြွက်တွေ ဘာတွေတွေ့ရင် ခြောက်ဖို့အတွက် အပြင်မှာ သစ်ကိုင်း ခြောက် ထွက်ရှာတာပါ၊ သစ်ကိုင်းခြောက်ကလည်း ရှာလိုက်တာ၊ တစ်ချောင်းမှ မတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါမှပင် သူတော်က သက်ပြင်းချ၍ ...

"သြော် ... ဒါကြောင့် အပြင်ကို ထွက်တာကိုး၊ ကျုပ်တို့က ညှိုသည်ရှိတုန်း သူနိုးတွေ ဘာတွေ့မိုးမှာ သိပ်စိုးရိမ်တယ်၊ ဒါကြောင့် အချိန်အားတိုင်း တည်းခိုခန်းပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် ကြည့်နေရတယ်၊ ခင်ဗျားနောက်ဆိုရင် အခန်းပြင်ကို ဘယ်တော့မှ မထွက်ပါနဲ့။ ခင်ဗျားရဲ့ လုံခြုံရေးကို စိုးရိမ်လို့ပါ၊ နောက်ပြီးတော့ အခန်းထဲမှာ လိုအပ်ချက် တစ်ခုခုရှိရင် ခေါင်းလောင်းကြိုးဆွဲပြီး ကျုပ်ကို ခေါ်လိုက်ဖို့ မှာထားသားပဲဗျာ"

ဟု ပြောလေရာ ငွေခင်က ခေါင်းညိတ်၍ ...

"ညဉ့်နက်နေလို့ ရှင့်ကို အိပ်နေပြီ ထင်လို့ပါ။ နောက်ပြီးတော့ ရှင်တို့ရှေးအိမ်ကြီးမှာ ရှင့်အမေကြီးလည်း ရှိနေတယ်လေ"

ဟု ဆင်ခြေပေးလိုက်လေ၏။ ထိုအခါ သူတော်က ...





"ခင်ဗျားရဲ့ မျက်နှာကြက်ပေါ်က ကြွက်ကို ကျုပ် ဒီနေ့ညပဲ ရှင်းပေးခဲ့မယ်"

ဟု ဆိုကာ ခွေးခြေပုလေးကိုယူရန် ပြင်လိုက်ရာ ငွေခင်သည် ငွေထုပ်ကြီးအတွက် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ...

"အို ... ညကြီးအချိန်မတော် မလုပ်ပါနဲ့ရှင် ရပါတယ်။ ကြွက်လည်း မရှိတော့ပါဘူး"

ဟု အလောတကြီး တားဆီးလိုက်လေ၏။ သို့သော် သူတော်သည် စိတ်မြန်လက်မြန်ဖြင့် ခွေးခြေပုလေးကို ဆတ်ခနဲ ထူ၍ မျက်နှာကြက်ပေါ်သို့တက်ရန် ပြင်လိုက်၏။ ငွေခင်သည် သူတော်ကို မည်သို့တားဆီးရမှန်း မသိသဖြင့် ခေါင်းနပန်းကြီးသွား၏။

သူတော်သည် ခွေးခြေပေါ်သို့တက်၍ မျက်နှာကြက်ပြားကို လက်ဖြင့်ရွှေ့ရန် ပြင်နေ၏။

ငွေခင်သည် သူတော်ကို တားဆီးရန် ဘယ်လိုမှ မဖြစ်နိုင်တော့သဖြင့် မိန်းမဉာဏ်သုံးပြီး တားဆီးရန်သာ ရှိတော့



www.burmeseclassic.com

လေ၏။ ထို့ကြောင့် ခုတင်ခန်း၌ ဆုန်းခနဲ လှဲချလိုက်ပြီး ... "အမယ်လေး ... သေပါပြီရှင့်"ဟု အော်ဟစ်လိုက်လေ၏။ သူတော်သည် မျက်နှာကြက်ကျောက်ပြားကို မ,တင်ရန် ကြိုးစည်နေစဉ် ငွေခင်၏အသံကြားရသဖြင့် ခွေးခြေပေါ်မှ ခုန်ဆင်း၍ သူမထံသို့ ပြေးလွှားသွားလေ၏။

ငွေခင်သည် ခုတင်အနီး၌ ခြေခေါက်၍ လဲကျသွားဟန်ဖြင့် "အမယ်လေး ... ကျွန်မခြေထောက် ခေါက်သွားတယ် ထင်တယ်"ဟု ညည်းညူလေ၏။ သူတော်သည် ငွေခင်၏အနီးသို့ တိုးကပ်သွားပြီး "ဘယ်လိုဖြစ်တာလဲဗျာ၊ ခင်ဗျား ထလို့မရတော့ဘူးထင်တယ်"ဟု မေးမြန်းလေရာ ငွေခင်က နာကျင်ဟန် ညည်းညူ၏။ "အမယ်လေး ... ကျွန်မ ခြေထောက်ခေါက်သွားပြီထင်တယ်၊ နာလိုက်တာ"ဟု ညည်းညူပြီး လဲကျနေရာမှ ကုန်းထရန် ပြင်လိုက်၏။

ထို့နောက် နာကျင်ဟန်ဖြင့် "အမယ်လေး ... ကျွန်မ ကျွန်မ ထ,လို့မရတော့ဘူး၊ ကျွန်မကို တွဲပါဦးရှင်"ဟု ပြောလိုက်ရာ





သူတော်သည် ငွေခင့်ကို ပခုံးမှသိုင်းဖက်၍ တွဲထူလိုက်၏။ ထိုသို့ တွဲထူရင်း မိန်းမအတွေ့အကြုံနည်းရှာသော သူတော်သည် ရင်ထဲတွင် တဒိတ်ဒိတ် ခုန်သွားလေ၏။

သူတော်သည် ငွေခင်ကို တွဲထူရင်း ခုတင်ပေါ်၌ လှဲအိပ်နိုင်ရန် ကူညီပေးလေ၏။

ထိုသို့ ကူညီရင်း နေ့လယ်က ငွေခင် ရေချိုးနေစဉ်က မြင်တွေ့ရသော ပကတိကိုယ်ခန္ဓာအလှကို မြင်ယောင်မိပြီး ရင်ထဲတွင် ဗလောင်ဆူသွားလေ၏။

ငွေခင်သည် သူတော် မျက်နှာကြက်ပေါ်သို့ တက်မှာစိုးသဖြင့် မာယာနှင့် မြူဆွယ်နေရာမှ သူတော်၏မျက်လုံးများကို ကြည့်၍ အတွေ့အကြုံရှိသူပီပီ တစ်စုံတစ်ရာကို သိနားလည်သွားလေ၏။

မိမိအတွက် လျှို့ဝှက်စွာ သယ်ဆောင်လာသော ငွေထုပ်ကြီးသည် အရေးအကြီးဆုံးဖြစ်၏။ ထိုငွေထုပ်ကြီး၏ လုံခြုံရေးအတွက် သူမ ဘာမဆို လုပ်ဝံ့၏။

www.burmeseclassic.com



မြို့နှင့်ဝေးသော အရပ်၌ တည်းခိုခန်း ဖွင့်ထားသော သူတော်၏ အကူအညီဖြင့် ဤအရပ်၌ အချိန်ကြာမြင့်စွာ နေထိုင်ပြီး ရန်သူများလက်မှ ပုန်းအောင်းနေနိုင်၏။

သူတော့် မျက်လုံးထဲရှိ တဏှာရာဂမီးတောက်များကို သူမ မြင်တွေ့လိုက်ရ၏။

ထို့ကြောင့် သူတော်ကို မှုယာမာယာသုံး၍ ညှို့ယူဖမ်းစားထားရန် ဆုံးဖြတ်လိုက်၏။

ငွေခင်သည် မိမိကိုယ်ကို မထိန်းနိုင်ဟန်ဖြင့် သူတော်၏ပခုံးကို ဆွဲကိုင်ထားလိုက်၏။

သူတော်သည် ငွေခင်၏လှပသောမျက်နှာကို အနီးကပ်ကြည့်ရင်း ရင်ထဲတွင် ဗလောင်ဆူလာပြီး ကိုယ်ခန္ဓာယိမ်းယိုင်ကာ ငွေခင်၏အပေါ်သို့ ပြိုလဲကျသွား၏။

ငွေခင်သည် သူတော်ကို ရင်ဘတ်ပေါ်မှ တွန်းထုတ်လိုက်၏။

သို့သော် သူမ၏လက်များမှာ အင်အားချည့်နဲ့နေပြီး လေးလံလှသော သူတော်၏ကိုယ်ကြီးကို မတွန်းဖယ်နိုင်ချေ။





သူတော်သည် ထိုညက ငွေခင်၏အခန်း၌ပင် အချိန်ကုန်သွားလေ၏။

သူတော်သည် သူ၏တစ်သက်၌ မရောက်ဖူးသော အရပ်တစ်ခုသို့ ရောက်ရှိသွားသည်ဟု ထင်မြင်မိလေ၏။

နံနက်အရုဏ်တက် အချိန်မှသာ ရှေးဟောင်းအိမ်ကြီးသို့ သူတော် ပြန်သွားလေ၏။

သူတော်သည် ပင်ပန်းနွမ်းနယ်လှန်းသဖြင့် အိမ်ကြီးသို့ ရောက်သောအခါ ကုလားသေ ကုလားမော အိပ်ပျော်သွားလေ၏။

✱ ○ ✱



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် သူတော် အိပ်ခန်းထဲမှ ပြန်ထွက်သွားသောအခါ အဝတ်အစားများကို ပြန်ဝတ်၍ ခုတင်ပေါ်၌ စိတ်ပျက်လက်ပျက် ထိုင်နေမိ၏။

စုံထောက်ဝတ္ထုများကို ဖတ်ရှုပြီး ငွေထုပ်ကြီးကို မျက်နှာကြက်ထဲသို့ သိုဝှက်ရန် အကြံဖြစ်ပေါ်၏။

ယခု သူမ ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့သမျှ ရေစုန်မျောရချေပြီ။

နောက်တစ်နေ့ သူတော် မျက်နှာကြက်ကို ရှင်းလင်းမည်ဆိုလျှင် ငွေထုပ်ကြီးကို တွေ့ရှိသွားနိုင်၏။

ငွေထုပ်ကြီးကို မည်သည့်နေရာ၌ သွား၍ဝှက်ထားရမည်နည်း။





နောက်ဆုံး၌ ငွေထုပ်ကြီးကို မျက်နှာကြက်ပေါ်မှ ချ၍ ကားနောက်ဖုံးထဲ၌ ပြန်ထားရန် ကြံလိုက်၏။

ငွေခင်သည် ငွေထုပ်ကြီးကို မျက်နှာကြက်မှ ခက်ခက်ခဲခဲချ၍ ကားနောက်ဖုံးထဲသို့ ပြန်ထည့်လိုက်လေ၏။

ပြီးမှ အိပ်ရာပေါ်သို့ ပြန်လှဲကာ တစ်ရေးတစ်မော အိပ်ပျော်သွားလေ၏။

ငွေခင် မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိချေ။ အခန်းတံခါးခေါက်သံ တဒေါက်ဒေါက်ကြားမှသာ အိပ်ရာမှ လန့်နိုးလာ၏။

ငွေခင်သည် ခြေလှမ်းများကို ဒယီးဒယိုင်လှမ်း၍ အခန်းတံခါးကို ဖွင့်ပေးလိုက်၏။ တံခါးဝ၌ မျက်စိမျက်နှာပျက်ပြီး ရပ်နေသော သူတော်ကို မြင်လိုက်ရ၏။ သူတော်သည် ညက အပြုအမူအတွက် မျက်နှာပူနေ၏။

ငွေခင်သည် အတွေ့အကြုံနည်းရှာသော သူတော်ကို ဆက်လက်၍ မုယားမာယာသုံးရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတော်ကို မျက်နှာတည်တည်ဖြင့် ကြည့်၍ ...

"ကျွန်မ ဒီနေ့ပဲ မြို့ကိုပြန်တော့မယ်"

ဟု ဆိုလိုက်ရာ သူတော်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ...

"ခွင့်လွှတ်ပါဗျာ၊ ညကကိစ္စအတွက် ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်ဟာ ယောကျ်ားကောင်းစိတ်ဓာတ် မရှိခဲ့ဘူး၊ ကိုယ့်ဆီလာတည်းတဲ့ ဧည့်သည်အပေါ်မှာလည်း စော်ကားခဲ့မိတယ်၊ အားလုံးဟာ ကျုပ်အပြစ်တွေပါပဲဗျာ၊ ကျုပ်ကို စိတ်မဆိုးပါနဲ့၊ ညကကိစ္စအတွက်လည်း ကျုပ်က ယောကျ်ားကောင်းပီပီ ခင်ဗျားဘ၀ကို တာ၀န်ယူပြီး လက်ထပ်ထိမ်းမြားဖို့ ဆုံးဖြတ်ထားပါတယ်"

ဟု ပြောလေရာ ငွေခင့်သည် သူတော်၏ ကြောင်စီစီနိုင်ပုံကိုကြည့်၍ ရင်ထဲတွင် ကျိတ်၍ရယ်မောနေလေ၏။

ငွေခင်သည် သူတော်ကို ညှိုးငယ်သောမျက်နှာဖြင့် ကြည့်၍ ...





"ကျွန်မရဲ့အမျိုးကောင်းဘ၀တော့ ဆုံးပါပြီရှင်၊ ဒီကိစ္စအတွက် ရှင့်ကိုလည်း အပြစ်မတင်ချင်ပါဘူး၊ ရှင်နဲ့ကျွန်မ လက်ထပ်ထိမ်းမြားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရှင့်အမေကြီးက ကိုယ့်သားကို လူပျိုဘ၀နဲ့ပဲ နေစေချင်တာ ရှင် အသိဆုံးပဲ၊ ရှင် အိမ်ထောင်ပြုလိုက်ရင် ရှင့်အမေ စိတ်ဆင်းရဲမှာပဲ"

ဟု ပြောလေရာ သူတော်သည် မျက်နှာပျက်ယွင်းသွားပြီး ...

"ဟုတ်တယ်၊ ခင်ဗျားပြောတာ မှန်တယ်၊ ဒါပေမဲ့ ယောကျ်ားမပီသတဲ့ကျုပ်က မိန်းကလေးတစ်ယောက်ကို လွန်ကျူးခဲ့ပြီးပြီလေ၊ ကျုပ်တာ၀န်ကို ကျုပ်ယူရတော့မှာပေါ့၊ ဘာပဲဖြစ်ဖြစ် အမေ့ကို ကျုပ်နားလည်အောင် ပြောမယ်ဗျာ၊ အမေ ကျုပ်ကို နားလည်မှာပါ"

ဟု ပြောလေ၏။ ငွေခင်သည် မိမိ၏မူရာမာယာကြောင့် သားအမိနှစ်ယောက် ပဋိပက္ခဖြစ်မည့်အရေးကိုတွေး၍ ရယ်ချင်စိတ်များ ဖြစ်ပေါ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရိုးသားသော သူတော်ကို ဤအရပ်မှထွက်ခွာတော့မည်ဖြစ်ကြောင်း အကြိမ်ကြိမ် ပြောဆိုလေ၏။

သူတော်သည် မိမိကို ဒူးထောက်လုမတတ် တောင်းပန်၍ ၎င်းအားခွဲခွာမသွားရန် တောင်းပန်လေ၏။

ငွေခင်သည် ထိုအခါမှပင် ဤအရပ်၌ မနေချင်ဘဲ နေသည့်ပုံစံမျိုးဖမ်းကာ သူတော်၏ဆန္ဒကို လိုက်နာမည်ဖြစ်ကြောင်း ပြောလေ၏။

ငွေခင်၏စကားကြောင့် သူတော်သည် အလွန်ဝမ်းသာ ပျော်ရွှင်သွားပုံရလေ၏။ သူ၏မိခင်ကို နားလည်အောင် ပြောပြ၍ အမြန်ဆုံးလက်ထပ်ရန် ကြိုးပမ်းမည်ဟု ကတိပြုလေ၏။

ငွေခင်သည် သူတော်လို လူရိုးတစ်ယောက်အား အပျင်းပြေ လှည့်စားနေခြင်းကို ကျေနပ်နေလေ၏။

သူတော်သည် ငွေခင်အား ထိုအချိန်မှစ၍ လက်ဖျားနှင့်ပင် မထိရဲတော့ချေ။ ငွေခင် စိတ်ဆိုးမှာ အလွန်ကြောက်နေပုံရ၏။





သူတော်သည် နေ့လယ်စာ ညစာများကို လာပို့သည့် အချိန်များသာမက ကျန်အချိန်များတွင်လည်း အကြောင်းအမျိုးမျိုး ပြပြီး ငွေခင်၏အခန်းသို့ ရောက်နေလေ၏။

ငွေခင်သည် သူတော်ကို အရူးတစ်ယောက်ဟု သဘောထားကာ အပျင်းပြေ စကားလက်ခံပြောနေ၏။

သူတော်ကမူ မကြာမီ မိခင်ဖြစ်သူအား မိမိတို့ အကြောင်းကို ဖွင့်ပြောပြီး အမြန်ဆုံးလက်ထပ်ရန် ကြိုးစားမည် ဆို၏။

သူတော်သည် ငွေခင်၏ မာယာညွှတ်ကွင်းအတွင်းသို့ သက်ဆင်းခဲ့သည့် အချိန်မှစ၍ မိခင်ဖြစ်သူ၏ မကျေမချမ်း ဖြစ်ခြင်းကို ခံရ၏။ မိခင်သည် သူတော်အား အစဉ်အမြဲ မကျေနပ်သော အမူအရာများကို ပြလေ၏။

မိခင်သည် သူတော် ဆန်ပြုတ်တိုက်သည့် အချိန်တိုင်း တစ်ခွန်း နှစ်ခွန်းထက် ပိုမသောက်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် မိခင်နှင့် သား၏ စိတ်ချင်းဆက်စပ်ပုံကိုမှာ ယုံကြည်၏။

မိခင်၏ မျက်လုံးများကို ကြည့်ရုံဖြင့် မိခင်ပြောလိုသော သဘောကို မိမိ ရိပ်စားမိ၏။

မိမိ၏ မျက်လုံးများကို ကြည့်ရုံဖြင့် မိခင်က မိမိစိတ်ကို ဖတ်ရှုနိုင်လိမ့်မည်။

သူတော်သည် ငွေခင်နှင့် လက်ထပ်တော့မည့်အကြောင်းကို မိခင်အား မကြာမီ ဖွင့်ပြောရတော့မည်။

သို့သော် မိခင်စိတ်ဆင်းရဲမှာ စိုးရိမ်သဖြင့် သူ၏နှုတ်မှ မထွက်ဝံ့သေးချေ။

သူတော်သည် မိခင်အား ရေဖတ်တိုက်ပေးရင်း မိခင်၏ မျက်လုံးများကို မမှေးလင့်ဘဲ ကြည့်ရှုမိ၏။

မိခင်၏ မျက်လုံးထဲမှ အရိပ်အယောင်များကို ကြည့်၍ သူတော်သည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ...





"အမေ ... ကျုပ်တို့အဖြစ်ကို သိနေပြီပေါ့၊ ဟုတ်ပါတယ်အမေ၊ ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ် မိန်းကလေးတစ်ယောက်အပေါ် နှမချင်းမစာနာဘဲ မှားခဲ့မိတယ်၊ ဒါကြောင့် သူ့ကို ကျုပ်တာဝန်ယူရတော့မယ်၊ အမေ ကျုပ်ကို ခွင့်လွှတ်ပါ"

ဟုဆိုပြီး မိခင်၏ မျက်လုံးများကို ကြည့်လိုက်မိပြီး ခေါင်းခါယမ်း၍ ...

"အို ... ငွေခင်က အမေထင်သလို မဟုတ်ပါဘူး၊ မိန်းမကောင်းလေး တစ်ယောက်ပါ၊ ကျုပ်ကိုလိုချင်လို့ မူရာမာယာနဲ့ မြူဆွယ်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူး၊ ကျုပ်မိန်းကလေးအပေါ်ကို ကျူးလွန်မိတဲ့နောက်ပိုင်း ဒီနေရာက ထွက်သွားဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်၊ ကျုပ်တောင်းပန်လွန်းလို့ ဒီအိမ်မှာဆက်ပြီး နေထိုင်တာဗျ၊ အမေရယ် ... ကျုပ်လိုကောင်ကို မာယာနဲ့မြူဆွယ်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး၊ ကျုပ်လိုလူဆိုက သူ ဘာများ



www.burmeseclassic.com

ရစရာရှိလို့လဲ၊ မြို့ပေါ်မှာဆိုရင် သူ့အလှနဲ့ ကျုပ်ထက် ဆယ်ဆသာတဲ့လူကို ခေါင်းခေါက်ပြီး ယူနိုင်တယ်"

ဟု ပြောပြီး မိခင်၏မျက်လုံးများကို စူးစိုက်ကြည့်လိုက်၏။ ပြီးနောက် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်း၍ ...

"အမေ မှားနေပြီ၊ မိန်းမချင်း ကိုယ်ချင်းစာပါ အမေရယ်၊ သူဟာ အခုဆိုရင် အပျိုစင်တစ်ယောက် မဟုတ်တော့ဘူး၊ ကျုပ်ကြောင့် သူ့ဘဝ ပျက်ခဲ့ပြီ၊ သူ့ကို ကျုပ်တာဝန်ယူရတော့မယ်၊ မိန်းမ မယူဘူးလို့ အမေ့ကို ကတိပေးခဲ့ပေမယ့် ဒီတစ်ကြိမ်တော့ ကျုပ် ကတိပျက်ပြီ အမေရယ်၊ ကျုပ်ကို နားလည်ခွင့်လွှတ်ပေးပါ၊ ကျုပ် မိန်းမရရင်လည်း ဒီအရပ်က မခွာပါဘူး၊ အမေနဲ့ပဲ နေမှာပါ"

ဟုပြောကာ မိခင်၏မျက်လုံးကို ကြည့်ပြန်၏။ ပြီးမှ သက်ပြင်းရှည်ကြီးကိုချ၍ ...

"အမေရယ် ... သူတစ်ပါးသားသမီးကို အပျိုစင်မဟုတ်ဘူးလို့စွပ်စွဲတာ မကောင်းပါဘူးဗျာ၊ ကျုပ်ကြောင့် သူ့ရဲ့





အပျိုစင်ဘဝ ဆုံးပါးရတာယ်လို့ ပြောဖူးတယ်၊ ဒီအတွက် ကျုပ် ယောက်ျားပီသရမယ် အမေ၊ အမေ သားကို ဒီတစ်ကြိမ် ယောက်ျားပီသခွင့်ပေးပါ၊ သူ့အပေါ် ကျုပ် တာဝန်ယူရမယ်"

သူတော်သည် မိခင်၏မျက်လုံးများကိုကြည့်၍ လက်အုပ်ချီလိုက်ပြီး ...

"အမေရယ် ... ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါဗျာ၊ ကျုပ် မိန်းကလေးတစ်ယောက်အပေါ်မှာ သစ္စာရှိချင်တယ်၊ ကျုပ် သူ့ကို မိသားဖသားပီပီ တောင်းရမ်းပြီး လက်ထပ်ချင်တယ်၊ အမေကူညီပါဗျာ၊ ခုတစ်ခါတော့ ကျုပ်ကို ခွင့်လွှတ်ပေးပါ"

ဟု ပြောရင်း မိခင်၏မျက်လုံးများကို စူးစိုက်ကြည့်၍ အဖြေတစ်ခုကို သိနာလည်သွားပြီး ...

"အမေ သဘောမတူဘူး ဟုတ်လား၊ အမေ အထင်မှားနေပြီ၊ ကျုပ်ပြောတာ ယုံစမ်းပါ၊ သူ ကျုပ်ကို မှုရာမာယာ သုံးတော့ ဘာရမှာလဲဗျ၊ ငွေခင်က ကျုပ်ထက်ချမ်းသာ

www.burmeseclassic.com



တယ်ဗျ၊ သူစီးလာတဲ့ကားကြီးဟာ အလွန်တန်ဖိုးကြီးတဲ့ကားကြီးဗျ၊ သူ့ရဲ့စည်းစိမ်ဥစ္စာတွေကိုစွန့်ပြီး ကျုပ်ကိုလက်ထပ်ရင် သူ့ဘက်က နစ်နာဖို့ပဲရှိပါတယ်၊ ကျုပ်ဘက်က နစ်နာဖို့ မရှိဘူး"

ဟု ပြောကာ မိခင်၏အခန်းထဲမှ ထွက်ခဲ့လေတော့၏။ သူတော်၏မျက်လုံးထဲတွင် အစဉ်အမြဲ ငွေခင်၏မျက်နှာကိုသာ မြင်ယောင်နေ၏။ ထို့ကြောင့် အကြောင်းမရှိ အကြောင်းရှာ၍ ငွေခင်၏တည်းခိုအိမ်သို့ သွားရောက်နေလေ့ရှိ၏။

ငွေခင်နှင့် စကားပြောဆိုနေရလျှင် သူအလွန်ပျော်ရွှင်၏။

ငွေခင်မျက်နှာကို ဘယ်အချိန်ကြည့်ကြည့် ကြည့်လို့မဝသလို ခံစားရ၏။

သူတော်သည် ငွေခင်နှင့် ငြိစွန်းမိသည့် အချိန်မှစ၍ ငွေခင် ဤအရပ်ကို ရောက်လာခြင်းအကြောင်းကို မေးမြန်းကြည့်လေ၏။





သူတော်၏ မေးခွန်းကြောင့် ငွေခင်က မျက်လုံးများ မှေးစင်းလိုက်ပြီး ...

"ရှင် ... ကျွန်မဘဝနောက်ကြောင်းကို ဘာကြောင့်စပ်စုချင်ရတာလဲ"

ဟု မေးမြန်းလိုက်ရာ သူတော်က ...

"ကျုပ်ကို တစ်မျိုးမထင်ပါနဲ့ဗျာ၊ ကျုပ်ဘဝမှာ မိန်းမတစ်ယောက်နဲ့ တစ်ခါမှ မရင်းနှီးဖူးဘူး၊ ကျုပ်ကြောင့် ခင်ဗျားဘဝ နစ်မွန်းရတယ်ဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားဘဝကို ကျုပ် တာဝန်ယူပါမယ်"

ဟု ပြောလေရာ ငွေခင်သည် သူတော်၏စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ...

"သြော် ... ရှင်က ကျွန်မကို တာဝန်ယူဖို့ အမှန်တကယ်ဆုံးဖြတ်ထားတယ်ပေါ့၊ ရှင့်ကြောင့် ကျွန်မရဲ့အပျိုစင်ဘဝတော့ ပျက်စီးဆုံးရှုံးရပြီး ရှင့်မှာ အပြစ်တွေအများကြီး ရှိနေပြီရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ငွေခင်၏စကားကြောင့် သူတော်သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီး …

"ဟုတ်ပါတယ်ဗျာ၊ ဒီအတွက် ခင်ဗျားတဝကို ကျုပ်တာဝန်ယူဖို့ ဆုံးဖြတ်ထားပါတယ်၊ ယုံပါဗျာ၊ ကျုပ်ကတိပေးပါတယ်၊ ခင်ဗျားဘဝ နောက်ကြောင်းကို ပြောပြပါဦး"

ဟု မေးမြန်းလေ၏။ ငွေခင်က သူတော်ကို အူကြောင်ကြောင် လူတစ်ဦးဟူ၍သာ မှတ်ယူပြီး …

"ကျွန်မရဲ့မိဘတွေက ဆီစက်၊ ဆန်စက်တွေ၊ လယ်ယာတွေ အများကြီးပိုင်တဲ့ သူဌေးသူကြွယ်တွေပေါ့၊ ကျွန်မက မိဘတွေကို စိတ်ကောက်ပြီး အိမ်ကကားကို မောင်းထွက်လာတာရှင့်၊ အခုတော့ ကျွန်မ စိတ်ပြေပြီး အိမ်ပြန်ဖို့ ပြင်ဆင်နေတဲ့ အချိန်မှာ ရှင့်ရဲ့အစော်ကား ခံလိုက်ရတာပဲ၊ ဒီအတွက် ကျွန်မ သိပ်ဝမ်းနည်းတယ်၊ မိဘရင်ခွင်ကို ခြေစုံကန်ပြီး ထွက်လာတဲ့ သမီးမိုက်ရဲ့အမှားပဲပေါ့ရှင်"





ဟု ဝမ်းနည်းဟန်ဖြင့် ပြောလိုက်ရာ သူတော်သည် မိမိ၏လုပ်ရပ်ကို အလွန်နောင်တ,တရားရသွားဟန်ဖြင့် ခေါင်းကို လက်ဖြင့်အုပ်၍ …

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် သိပ်မှားသွားပါတယ်၊ ကျုပ်လိုလူဟာ ဒီလောကမှာ ရှိမနေသင့်ဘူး"

ဟု ပြောလိုက်ရာ ငွေခင်က ဤအရပ်မှ မထွက်ခွာမီ အူကြောင်ကြောင်လူကို အပျင်းပြေ ဆော့ကစားရန် ရည်ရွယ်ပြီး …

"ရှင် ကျွန်မဘဝကို တာဝန်ယူမယ်ဆိုတာ တကယ်ပဲလား၊ ရှင် ကျွန်မကို အမှန်တကယ် တာဝန်ယူမယ်ဆိုရင် မိဘတွေဆီမှာ တောင်းရမ်းမှ ကျွန်မ ရှင့်ကို လက်ထပ်မယ်"

ဟု ပြောလေ၏။ ထိုသို့ပြောရင်း သူတော်၏မျက်နှာကို အကဲခတ်သလို ကြည့်လိုက်၏။ သူတော်က စိတ်အားတက်ကြွစွာဖြင့် …

"ကျုပ် ကတိပေးတယ်ဗျာ၊ ခင်ဗျားမိဘတွေဆီမှာ ကျုပ်ကိုယ်တိုင် လိုက်ပြီးတောင်းရမ်းယူပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ငွေခင်သည် အူကြောင်ကြောင်လူ၏ အမူအရာကြောင့် ရင်ထဲတွင် ရယ်ချင်စိတ်ကို မနည်းထိမ်းချုပ်ထားရ၏။

ဤမျှအူကြောင်ကြောင်နိုင်သောလူကို အမှန်တကယ်လက်သင့်ခံမိလျှင် မိမိဘဝအတွက် တွေးဝံ့စရာပင် မရှိ။

ထိုအခါ သူတော်က စိတ်အားတက်ကြွသော အမူအရာဖြင့် ...

"ဒါနဲ့ နေပါဦး၊ ခင်ဗျားရဲ့မိဘတွေဆီကို ကျုပ် ဘယ်တော့လိုက်ပြီး တောင်းရမ်းရမှာလဲ"

ဟု မေးမြန်းလေ၏။ ငွေခင်သည် သူတော်၏အမေးကြောင့် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်၏။

မိမိ၏လင်ဖြစ်သူ ဦးတိုင်းအုပ်၏လက်မှ ထွက်ပြေးလာပြီး တည်းခိုခန်း၌ ခိုအောင်းနေသည်မှာ တစ်ပတ်ပြည့်ခဲ့ပေပြီ။

ယခုလောက်ဆိုလျှင် ဦးတိုင်းအုပ်၏လူများ မိမိကိုမျက်ခြည်ပြတ်သွားနိုင်၏။





စတုဘောကာ ကားနက်ကြီးကို တစ်နေရာ၌ ဖျောက်ဖျက်ပစ်ပြီး ခြေရာဖျောက်လိုက်လျှင် လွတ်မြောက်သွားနိုင်၏။

ဤအရပ်မှ အမြန်ဆုံး ထွက်ခွာရန် သင့်ပေပြီ။

ဤအရပ်မှ မထွက်ခွာမီ အူကြောင်ကြောင်လူကိုကျေနပ်အားရအောင် ပညာပေးလိုက်ဦးမည်။

ငွေခင်သည် သူတော်ကို မျက်လုံးမှားမေးစင်၍ကြည့်လိုက်ပြီး ...

"ရှင် တကယ်တောင်းရမ်းချင်တယ် ဆိုရင်တော့ မနက်ဖြန်ပဲ ကျွန်မတို့ မိဘတွေဆီကို သွားရအောင်"

ဟု ပြောလေရာ သူတော်က စိတ်အားတက်ကြွစွာဖြင့် သဘောတူလိုက်ပြီးနောက် မျက်မှောင်ကြုတ်၍ ...

"အို ... ခင်ဗျားတို့မြို့က ဝေးလားဗျ၊ ကျုပ်အမေကို တစ်ယောက်ထည်းထားခဲ့လို့ မဖြစ်ဘူး၊ နေ့ချင်းပြန်လို့ရမှဖြစ်မယ်"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် သူတော်၏စကားကြောင့် ပိုမို၍ရယ်ချင်စိတ်များ ဖြစ်ပေါ်လာပြီး ...

"ကျွန်မတို့မြို့က နီးနီးလေးပါရှင်၊ ရှင် နေ့ချင်းပြန်လိုက်လာလို့ ရပါတယ်၊ ရှင့်ကို ကျွန်မတို့ကားနဲ့ ပြန်ပို့ပေးမှာပါ"

ဟု ပြောလိုက်ရာ လွန်စွာ အကြောင်းကြောင်းနိုင်လှသော သူတော်သည် နောက်တစ်နေ့ သူမ၏မိဘများထံသို့ လိုက်လံတောင်းရမ်းမည်ဆို၏။

ထိုအခါ ငွေခင်က ...

"ဒါပေမဲ့ နံနက်စောစောတော့ထပြီး မသွားဘူးနော်၊ ကျွန်မ အိပ်ရေးပျက် မခံနိုင်ဘူး"

ဟု ပြောလိုက်လေ၏။ ငွေခင်သည် နောက်နေ့နံနက်စောစောထ၍ တည်းခိုခန်းမှ တိတ်တဆိတ် ထွက်ခွာသွားရန် ကြံစည်ထား၏။





ထို့ကြောင့် သူတော်ကို နောက်ကျပြီးလာရန် မှာကြားလိုက်ခြင်းဖြစ်၏။

သူတော်သည် ပျော်ရွှင်ကြည်နူးစွာဖြင့် တည်းခိုခန်းမှ ပြန်လည်ထွက်ခွာသွားလေ၏။

ငွေခင်သည် ပျော်ရွှင်နေသော သူတော်၏နောက်ကျောကိုကြည့်၍ ...

"ရှင် တော်တော်ရူးတဲ့လူပဲ၊ ကျွန်မက ငွေတွေအများကြီး ပိုင်ဆိုင်ထားတဲ့ သူဌေးမ ဖြစ်နေပြီရှင့်၊ ရှင်လိုလူမျိုးကို စိတ်ကူးထဲမှာ မရှိဘူး"

ဟု တီးတိုးရေရွတ်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့၏။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် မနက်ဖြန် မိခင်ကို ထားရစ်ခဲ့ပြီး မိန်းမတောင်းသွားရန် စိတ်မချဖြစ်နေ၏။

သူ၏မိခင်သည် တစ်နေ့ကုန် အခန်းထဲရှိ မယော်ဂနီရောင် ကုလားထိုင်ကြီး၌ပင် နေထိုင်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများကိုပင် မိမိ လုပ်မကိုင်ပေးရ၏။

မိခင်ကို နံနက်စောစော ဆန်ပြုတ်တိုက်ထားခဲ့ပြီး ညနေစာကို အိမ်သို့ပြန်ရောက်သောအခါမှပင် တိုက်ကျွေးရလေမည်။ သူတော်သည် မိခင်၏အခန်းထဲသို့ မဝံ့မရဲ ဝင်ရောက်ခဲ့၏။ မိခင်စကားမပြောဘဲ နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေခဲ့ပြီ။





မိခင်ကို စကားပြောရန် မိမိ အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။

မိခင်၏အခန်းသည် ထုံးစံအတိုင်း မှိန့်များနှင့် အဘွားအိုတစ်ဦး၏ ရနံ့များ ဖုံးလွှမ်းနေ၏။

မိခင်ကို အိမ်ပုတ်ဝန်းကျင်အနံ့ လမ်းလျှောက်စေချင်သော်လည်း ခေါင်းမာသောမိခင်သည် မယော်ဂနီရောင်ထိုင်ခုံကြီး၌သာ ထိုင်နေတတ်၏။

ထိုထိုင်ခုံကြီး၏ ပိုင်ရှင်မှာ ဤအိမ်ကြီးကို တည်ဆောက်ခဲ့သော ရှမ်းစော်ဘွားကြီးဖြစ်၏။

သူတော်သည် မိခင်၏ရှေ့၌ ဒူးထောက်ထိုင်၍ ...

"အမေ ... ကျွန်ုပ် မိန်းကလေးကို လက်ထပ်ယူတော့မယ်ဗျ၊ အမေ့ချွေးမ ရတော့မယ်၊ နောက်ဆိုရင် ဒီအိမ်ကြီးပေါ်ကို သူ့ကို ခေါ်တင်လာရတော့မယ်၊ သူက သိပ်ပြီးချစ်စရာကောင်းတယ် အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး မိခင်၏မျက်နှာကို ကြည့်လိုက်ရာ မိခင်၏မျက်နှာ အရောင်ပြောင်းသွားပြီး မျက်လုံးမှ စကားများ ပြောဆိုနေလေ၏။

သူတော်သည် မိခင်မျက်လုံးများမှ အဓိပ္ပာယ်ကို သေချာစွာကြည့်၍ ...

"အမေ ဘာဖြစ်လို့ ဒီလောက်တောင် အတွေးကြီးရတာလဲ။ ကျုပ်လည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲဗျာ၊ ကျုပ် ဘက်ကိုလည်း ထည့်စဉ်းစားပါဦး၊ ကျုပ်တစ်သက်လုံး အမေ့ရဲ့ မှီခိုနေတဲ့ အခန်းကြီးထဲမှာပဲ အချိန်ပြုန်းရမှာလား၊ အမေ့ရဲ့ နံ့သာဖြူနံ့၊ ကရမက်နံ့တွေပဲ ရှူနေရတော့မှာလား၊ သူ့အနားမှာ နံ့သာဖြူ ကရမက်နံ့တွေ ဘာမှမရဘူးဗျ။ ပေါင်ဒါနံ့သင်းသင်းလေးပဲ ရတယ်"

ဟု ပြောရင်း မိခင်၏မျက်လုံးများမှ အဖြေကို ရှာဖွေကြည့်ပြန်၏။ ထိုအခါ ထူးခြားသော အဓိပ္ပာယ်များကို တွေ့ရပြန်၏။





"ဒီအခန်းထဲကို ကျုပ်ကလွဲလို့ ဘယ်သူမှ မဝင်ရဘူး ဟုတ်လား၊ အမေရယ် ... သေသေချာချာစဉ်းစားပါ၊ ကျုပ်နဲ့ မိန်းကလေး လက်ထပ်ပြီးရင် သူဟာ အမေ့ချွေးမဖြစ်သွားပြီလေ၊ အမေ့ချွေးမက ကျုပ်ကိုယ်စား အမေ့ကို ဆန်ပြုတ်တိုက်မယ်၊ ရေဖတ်တိုက်ပေးမယ်၊ ကရမက်တွေ သွေးပေးမယ် ဘယ်လောက် ပျော်စရာကောင်းသလဲ အမေရယ်၊ စဉ်းစားကြည့်စမ်းပါ"

ဟုပြောပြီး မိခင်၏မျက်လုံးများမှ အဓိပ္ပာယ်ကို ဖော်ကြည့်ပြန်၏။

ယခု မိခင်၏မျက်လုံးထဲမှ စိမ်းကားသော အရိပ်အယောင်များကိုပင် မြင်တွေ့ရ၏။ သူတော်သည် မိမိချစ်မြတ်နိုးသော မိန်းကလေးအား မိခင်က ဓါးဓါးသီးသီး ဆက်ဆံနေခြင်းကို နားမလည်နိုင်အောင် ဖြစ်မိ၏။ တကယ်ဆိုရင် မိခင်သည် သားဖြစ်သူ၏ စိတ်ချမ်းသာရေးအတွက်လည်း ထည့်သွင်းစဉ်းစားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ မိခင်နှင့် ဘယ်လိုမှ ညှိနှိုင်းလို့မရ တော့ကြောင်း သူတော် ရိပ်မိသွား၏။ သူတော်က မိခင်ဖြစ်သူကို ထိုင်၍ကန်တော့လိုက်ပြီး ...

"သားကိုခွင့်လွှတ်ပါ အမေ၊ ကျုပ်တစ်သက်လုံး အမေ့ စကားကို ဘယ်တော့မှ မပယ်ရှားခဲ့ဘူး၊ ဒီတစ်ခါတော့ နားလည်ပေးပါ၊ ရှောင်လွှဲလို့ မရတော့လို့ပါ၊ ကျုပ် မနက်ဖြန် မိန်းကလေးရဲ့မိဘတွေဆီကို သွားပြီးတောင်း ရမ်းယူရတော့မယ်၊ အမေ သိထားဖို့က အမေ ဘယ်တော့ မှ စိတ်မညစ်စေရဘူး ဆိုတာပဲ"

သူတော်သည် စကားဆုံးသည်နှင့် မိခင်၏မှိုင်တွေ နေသော အိပ်ခန်းကြီးထဲမှ ထွက်ခဲ့လေ၏။

သူတော်သည် မိမိအိမ်ထောင်ပြုမည့် အရေးကို မိခင်က သဘောမတူသဖြင့် လွန်စွာ စိတ်ဆင်းရဲနေလေ၏။

သူတော်သည် တစ်သက်လုံး မိခင်၏စကားကို မပယ်ရှားခဲ့သဖြင့် ဘေးကျပ်နံကျပ် အခြေအနေကို ရောက်ရှိနေ လေ၏။





မည်သို့ပင်ဖြစ်စေ မိန်းကလေး၏မိဘများကို တောင်း ရမ်းရန် မိမိမှာ တာဝန်ရှိ၏။

မနက်ဖြန် မိန်းကလေး၏မိဘများထံတွင် နားဖောက် ပြီး အမေ့ကို တဖြည်းဖြည်း နားဝင်အောင် ကြိုးစားရတော့မည်။

သို့သော် မိခင်သည် အလွန်ခေါင်းမာပြီး ဘူးဆိုလျှင် ဖရုံသီးတတ်သည့် မိန်းမကြီးဖြစ်သဖြင့် နားဝင်အောင်ပြောဖို့ ခက်မှာသေချာ၏။

သူတော်သည် ဗီရိုထဲရှိ ရှမ်းလွယ်အိတ်ကြီးကိုထုတ် ၍ ခရီးထွက်ရန် အသုံးအဆောင်များကို ထည့်လေ၏။

ပြီးနောက် သူ၏အိပ်ခန်းထဲသို့ဝင်ကာ အိပ်ရာထဲ တွင် အိပ်စက်လိုက်လေတော့၏။

* ၀ *



www.burmeseclassic.com

www.burmeseclassic.com



ငွေခင်သည် တစ်ပတ်တိတိ ဝတ်ထားသော နံ့စော်နေသည့် အင်္ကျီနှင့် ထဘီများကို လုံးထွေး၍ ခရီးဆောင်အိတ်ထဲသို့ ထည့်လေ၏။ အခန်းတစ်ခုလုံးရှိ သိမ်းဆည်းစရာများကို သိမ်းဆည်းပြီးသောအခါ တစ်စုံတစ်ရာကို တွေးမိပြီး သဘောကျဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

မနက်ဖြန်နံနက် မိုးသောက်လျှင် ချောကြောင်ကြောင်လှသည် မိန်းမတောင်းရမ်းရန် အလို့ငှာ တိုက်ပုံအင်္ကျီ၊ ဖန်ကောက်လုံချည်နှင့် ခေါင်းပေါင်းတို့ကို အကျအနပေါင်းပြီး တည်းခိုအိမ်သို့ ရောက်လာလိမ့်မည်။

ထိုအချိန်၌ သူမသည် စေတဘောကာကားနက်ကြီးကို မောင်းနှင်ရင်း အဝေးပြေးလမ်းမပေါ်သို့ ရောက်ရှိနေချေပြီ။



သူကြောင်ကြောင်လှသည် သူမကို မတွေ့လျှင် တည်းခိုခန်း၌ ရူးသွပ်သွားမလား မသိ။

သည်ထက်ပို၍ ရယ်စရာကောင်းလျှင် ထိုသူ၏ အတွင်းကြီးလှသော မိခင်ကြီး ကိုယ်တိုင် ပိုးလုံချည် ထက်အောက်ဆင်တူ ဝတ်ဆင်၍ ပဝါကြီးခြုံလွှမ်းပြီး လိုက်ပါလာနိုင်၏။

သားအမိနှစ်ယောက် တည်းခိုခန်းထဲတွင် မိမိကို ရှာမတွေ့လျှင် ထိုင်နေရမလို ထနေရမလို ဖြစ်နေပေတော့မည်။

၎င်းတို့သားအမိနှစ်ယောက်၏ အဖြစ်သည် ရယ်စရာ အလွန်ကောင်းသော ပြဇာတ်တစ်ပုဒ်ကို ကြည့်ရသလိုပင်။

ထိုအရာအားလုံးကို ဖန်တီးသူမှာ ယနေ့ သူဌေးမလေး ဖြစ်နေသော ငွေခင်ပင် ဖြစ်၏။

ငွေခင်၏ စီမံခန့်ခွဲမှု ကောင်းမွန်သောကြောင့် ဦးတိုင်းအုပ်ကဲ့သို့ လူလည်လူရှုပ်ကြီးတစ်ယောက်ပင် နောက်ကောက်ကျပြီး ကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စတုဘောကာကားနက်ကြီးထဲတွင် ပါရှိသော ငွေထုပ်ကြီးသည် သုမတစ်သက်လုံး စားလို့ပင် ကုန်မည်မဟုတ်။

ဘယ်လောက် ပျော်စရာကောင်းလိုက်သလဲ။

ငွေခင်သည် ပျော်လွန်းလှသဖြင့် တစ်ကိုယ်တည်း ပေးစနဲ့ အော်ဟစ်လိုက်၏။

အခန်းထဲရှိပစ္စည်းများ ရှင်းလင်းရသဖြင့် သုမတစ်ကိုယ်လုံး ချွေးများ‌ရွဲနစ်နေ၏။

ရေချိုးခန်းထဲသို့ဝင်၍ အားပါးတရ ရေမိုးချိုးပြီးမှ ညအိပ်ရာဝင်တော့မည်။

သုမသည် အင်္ကျီကိုချွတ်၍ ခုတင်ပေါ်သို့ ပစ်တင်လိုက်၏။ လုံချည်ကို ရေချိုးခန်းဝမှာ ကွင်းလုံးချွတ်ထားခဲ့၏။ ပြီးနောက် ရေချိုးခန်းထဲသို့ဝင်၍ ရေပန်းကိုဖွင့်လိုက်၏။

ရေပန်းမှ အေးစက်သော ရေများကြောင့် သုမ၏ စိတ်များ ပို၍လန်းဆန်းလာပြီး ရှေးအငြိမ့်မင်းသမီးကြီး ဩဘာသောင်း၏ သီချင်းတစ်ပုဒ်ကို တီးတိုးဆိုညည်းနေ၏။



"မနေ့ညက ကျွန်မမှာ စက်ရာထဲလဲပါလို့ ... မွေ့ဖက်ကစားပြီးတော့ အိုင်ဆေး ရှက်သလားရယ်လို့ ... အင်္ဂလိပ်စကားနဲ့မေးတာ အိပ်မက်ထဲမှာ မြင်ယောင် ... သခင့်မောင်အလှရယ်က ... လင်အချောင်ရသတော့ ..."

ထိုအချိန်မှာပင် ငွေခင် ရှိနေသော တည်းခိုခန်းတခါးကို တစ်စုံတစ်ယောက်က အပြင်မှ သော့ဖြင့်ဖွင့်လိုက်သဖြင့် ပွင့်သွားလေ၏။

တံခါးပွင့်သွားသောအခါ ထိုသူသည် အခန်းတွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာပြီး ...

ငွေခင်ရှိမည့်နေရာကို ရှာဖွေလေ၏။

ထို့နောက် ရေချိုးခန်းထဲမှ ငွေခင်၏သီချင်းဆိုသံကို ကြားရသောအခါ ရေချိုးခန်းအနီးသို့ တိုးကပ်သွားလေ၏။

ငွေခင်သည် ဩဘာသောင်း၏သီချင်းကို သီဆိုနေဆဲဖြစ်၏။

www.burmeseclassic.com



ထိုသူသည် ရေချိုးနေသော ငွေခင်ကိုကြည့်၍ လက်ထဲရှိဓားမြှောင်ကို လက်စနဲ မြှောက်လိုက်ပြီး စူးရှသောအသံဖြင့် "အရှက်မရှိတဲ့ ကောင်မ"ဟု အော်ဟစ်လိုက်လေ၏။

ငွေခင်သည် လွတ်လွတ်လပ်လပ် ရေချိုးနေရာမှ စူးရှသော အသံကြီးကို ကြားရသဖြင့် ဆတ်ခနဲတုန်ပြီး အနောက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ ထိတ်လန့်ဖွယ် မျက်နှာကြီးကို မြင်တွေ့လိုက်ရသဖြင့် အထိတ်တလန့် အော်ဟစ်လိုက်မိ၏။ ရေချိုးခန်းအဝ၌ ခေါင်းတစ်ခုလုံး ဆံပင်များ ဖြူဖွေးနေပြီး အနီရောင်ကတ္တီပါအင်္ကျီကို ဝတ်ဆင်ထားသော မိန်းမကြီးတစ်ယောက်ကို မြင်ရ၏။

မိန်းမကြီး၏ခေါင်း၌ အနီရောင်ပန်းကြီးတစ်ပွင့်ကို ပန်ထားပြီး မျက်နှာတစ်ခုလုံး ပေါင်ဒါများ မြင်မကောင်းအောင် ခြယ်သထားလေ၏။ ငွေခင်သည် အထိတ်တလန့်ဖြင့်ကြည့်ရင်း ထိုမိန်းမကြီးသည် အတ္တအလွန်ကြီးသော သူတော်၏အမေဟု





သိလိုက်၏။ မိန်းမကြီး၏လက်ထဲတွင် အရောင်တလက်လက် တောက်ပနေသော ဓားကြီးကို တွေ့ရသဖြင့် ...

"ရှင် ဘာလာလုပ်တာလဲ၊ ကျွန်မအခန်းထဲက ထွက်သွား၊ အခုထွက်သွား"

ဟု အော်ဟစ်မောင်းထုတ်လိုက်လေ၏။ ထိုအခါ မိန်းမကြီးက ငွေခင်ကို မုန်းတီးရွံရှာစွာဖြင့်ကြည့်၍ စူးရှသော အသံကြီးဖြင့် ...

"အရုပ်ဖျက်မ၊ နင်ဟာ ငါ့သားကို မြူဆွယ်ပြီး ပေါင်းသင်းခဲ့တယ်၊ ငါတို့သားအမိကို ရှင်ကွဲကွဲအောင်လုပ်တဲ့ ကောင်မ၊ နင့်ကို ငါ တစ်သက် မကျေဘူး၊ ငါ့သားလို လူရိုးလူကောင်းဟာ နင့်လို အရုပ်ဖျက်မကို ဘယ်တော့မှ မယူစေရဘူး"

ဟု ကြိုးဝါးလိုက်လေရာ ငွေခင်သည် ထိတ်လန့်တုန်လှုပ်သွားပြီး ...

"အဘွားကြီး ထွက်သွားစမ်း၊ ရှင် ဘာတွေလာပြောနေတာလဲ၊ အရူးမကြီး ထွက်သွားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်မောင်းထုတ်လေ၏။ မိန်းမကြီးက ငွေခင်ကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်၍ လက်ထဲရှိဓားကိုမြှောက်၍ ...

"ငါ မသွားဘူး၊ နင်နဲ့တန်တာကို ငါပေးမယ်၊ နင့်ကို အသေသတ်မယ်"

ဟု ပြောကာ ရှေ့သို့ တိုးကပ်လာ၏။ ငွေခင်သည် လိပ်ပြာလွင့်လုမတတ် ကြောက်ရွံ့သွားပြီး ရေချိုးခန်းထဲမှ ထွက်ပြေးရန် ကြိုးစားလေ၏။ သို့သော် မိန်းမကြီးသည် အရွယ်နှင့်မလိုက်အောင် ပေါ့ပါးလျင်မြန်စွာဖြင့် ငွေခင်၏အနီးသို့ ရောက်လာပြီး ငွေခင်၏ဗိုက်အား ဓားဖြင့် ထိုးစိုက်လိုက်၏။

ငွေခင်သည် ထိတ်လန့်တကြား အော်ဟစ်၍ ကြမ်းပေါ်သို့ လဲကျသွား၏။

ပြီးနောက် သွေးရူးသွေးတန်းဖြင့် ကုန်းရုန်းထပြီး ရေချိုးခန်းမှပြေးရန် ကြံလိုက်၏။





သို့သော် မိန်းမကြီးက ငွေခင်၏နောက်ကျောကို ဓားဖြင့် တစ်ချက်ပြီးတစ်ချက် ထိုးစိုက်လိုက်ရာ ငွေခင်၏ကိုယ်မှ သွေးများ မြင်မကောင်းအောင်ထွက်ပြီး လဲကျသေဆုံးသွားလေ၏။

မိန်းမကြီးသည် ဝမ်းသာမှောက်ပြီး သေဆုံးနေသော ငွေခင်ကို ရွံရှာစွာကြည့်၍ ...

"ငါနဲ့ ငါ့သားကို ခွဲတဲ့ကောင်မ"

ဟု ဆိုကာ သွေးများပေကျံနေသော ဓားကို ကြမ်းပေါ်သို့ ပစ်ချလိုက်၏။ ပြီးနောက် တည်းခိုခန်းထဲမှ အေးဆေးစွာ ပြန်လည်ထွက်ခွာသွားလေ၏။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် နံနက်အစောကြီး အိပ်ရာနိုးနေပြီး ငွေခင်နှင့် သွားရောက်တွေ့ဆုံရန် ဇိတ်စောနေ၏။ သို့သော် ငွေခင်က နေမြင့်မှလာရန် မှာကြားထားသဖြင့် သည်းခံပြီး စောင့်ဆိုင်းနေရ၏။

အတန်ကြာသောအခါ သူတော်သည် ၎င်းပိုင်ဆိုင်သော အဝတ်အစားများအနက် အကောင်းဆုံးဖြစ်သော ပိုးတိုက်ပုံနှင့် ဇနကောက်လုံချည်ကိုထုတ်၍ ဝတ်ဆင်လိုက်၏။

ပြီးနောက် ရှမ်းလွယ်အိတ်ကြီးကို သိုင်းလွယ်လိုက်ပြီး တည်းခိုခန်းရှိရာသို့ ခြေလျှောက်လှမ်းသွားလေ၏။

သူတော်သည် ယနေ့နံနက် ငွေခင်နှင့်တွေ့ရန် စိတ်စောနေလေ၏။





ငွေခင်၏မိဘများနှင့် တွေ့ဆုံပြီး တောင်းရမ်းရလျှင်ပြီးလျှင် ငွေခင့်ကို မိမိ တရားဝင်ပိုင်ဆိုင်ခွင့် ရပေတော့မည်။

ထိုအခါ မိမိဘဝသည် ပျော်ရွှင်ကြည်နူးဖွယ်အတိဖြစ်ပေတော့မည်။

သူတော်သည် ငွေခင်၏အခန်းဝသို့ ရောက်သောအခါ တံခါးကိုခေါက်ရန် ပြင်လိုက်၏။ သို့သော် အခန်းတံခါးသည် ပွင့်ဟပြီး ဖြစ်နေသဖြင့် တံခါးမခေါက်တော့ဘဲ အခန်းထဲသို့ ဝင်လိုက်၏။

အခန်းထဲ၌ ငွေခင့်ကို မတွေ့ရဘဲ ခရီးထွက်ရန် အထုပ်အပိုးများ အသင့်ပြင်ထားကြောင်း တွေ့ရလေ၏။

ငွေခင် ရေချိုးနေပုံရ၏။ သူတော်သည် အိပ်ခန်းထဲ၌ ခဏထိုင်၍ စောင့်ကြည့်နေလေ၏။

သို့သော် အတန်ကြာသည်အထိ ငွေခင် ထွက်မလာဘဲ ရေချိုးခန်းထဲမှ ရေသံလည်း မကြားရသဖြင့် သူတော်က ...

"မငွေခင် ... မငွေခင်၊ ကျုပ် ရောက်နေပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံပြုလိုက်လေ၏။ သို့သော် ငွေခင်ထံမှ မည်သည့်တုံ့ပြန်သံကိုမျှ မကြားရသဖြင့် ရေချိုးခန်းဆီသို့ လျှောက်လှမ်းသွားကာ ... "မငွေခင် ... မငွေခင်"ဟု အသံပြုလိုက်ပြန်၏။

သူတော်သည် ရေချိုးခန်းထဲသို့ ရောက်သောအခါ သွေးအိုင်ထဲ၌ လဲကျသေဆုံးနေသော ငွေခင်ကို မြင်တွေ့သွားပြီး ထိတ်လန့်တုန်လှုပ်ကာ "ဟာ ... ဘယ်လိုဖြစ်တာလဲ ငွေခင်ရယ်၊ အဖြစ်ဆိုးလှချည်လား"ဟု အော်ဟစ်ပြီး ခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ နံရံကိုကျောမှီ၍ ထိုင်ချလိုက်လေ၏။

ရေချိုးခန်းတစ်ခုလုံး သွေးများ အိုင်ထွန်းနေ၏။ သူတော်သည် လဲကျသေဆုံးနေသော ငွေခင်ကို ဝမ်းပန်းတနည်း ကြည့်ရှု၍ ကြမ်းပေါ်တွင်ကျနေသော သွေးများစွန်းပေနေသည့် ဓားမြှောင်ကို ကောက်ယူလိုက်၏။

သူတော်သည် ဓားမြှောင်ကိုကြည့်၍ အံကိုတင်းတင်း ကြိတ်လိုက်ပြီး ...





"ရက်စက်လိုက်တာ အမေရယ်၊ အမေ ဘာဖြစ်လို့ သားအပေါ် ဒီလောက်ရက်စက်ရတာလဲ၊ အမေ့ရဲ့အတ္တကြောင့် အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက် အသက်ဆုံးလိုက်ရပြီ၊ နောက်ပြီးတော့ ဒီမိန်းကလေးဟာ ကျုပ်သိပ်ချစ်တဲ့မိန်းကလေးဗျ၊ ကျုပ် ရင်ကျိုးပါပြီဗျာ၊ အမေ သိပ်ရက်စက်တယ် သိပ်ပြီးတော့ တစ်ကိုယ်ကောင်းဆန်တယ် အမေရာ"

ဟု ပြောရင်း ငွေခင်၏မျက်နှာကို အနီးကပ်ကြည့်၍ ဝမ်းပန်းတနည်း ရှိုက်ငိုနေမိ၏။

သူတော်သည် အတန်ကြာအောင် ဝမ်းပန်းတနည်း ရှိုက်ငိုနေပြီးနောက် မိခင်ဖြစ်သူကို မကျေမချမ်းစိတ်ဖြင့် အိမ်ကြီး၏ အပေါ်ထပ်သို့ ပြေးထွက်ခဲ့လေ၏။

မိခင်၏အိပ်ခန်းထဲသို့ ရောက်သောအခါ မိခင်သည် ...စံအတိုင်း မဟော်ဂနီရောင်ထိုင်ခုံကြီး၌ ကျောမှီပြီးထိုင်နေ...သ၏။ သူတော်သည် မိခင်၏ထိုင်ခုံကြီးရှေ့၌ ငိုကြီးချက်မနှင့် ...ထောက်ထိုင်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လိုက်တာ အမေရယ်၊ အမေ ဘာဖြစ်လို့ ဒီလောက် ရက်စက်တဲ့ အပြုအမူကို ကျူးလွန်ရတာလဲဗျာ၊ အမေက ကျွန်တော့်အမေမှ ဟုတ်သေးရဲ့လား၊ အမေ ဘာဖြစ်လို့ အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို သတ်ရတာလဲဗျာ၊ ဒါဟာ ရာဇဝတ်မှုဆိုတာ အမေ မသိဘူးလား၊ နောက်ပြီးတော့ ဒီမိန်းကလေးဟာ ကျွန်တော်လက်ထပ်မယ့် မိန်းကလေးလေ"

ဟုပြောပြီး ပကတိ တည်ကြည်နေသော မိခင်၏ မျက်လုံးများမှ အဓိပ္ပာယ်ကို ဖွေရှာကြည့်၍ သူတော်က ...

"ကျုပ်နဲ့လက်ထပ်ဖို့ သဘောမတူလို့ သတ်တာ ဟုတ်လား၊ ဒီမိန်းကလေးဟာ အရပ်ပျက်မ၊ မကောင်းတဲ့မိန်းမ ဟုတ်လား အမေ၊ ဒါတော့ လွန်ပြီအမေရာ၊ အမေဟာ မှိုင်တေး တဲ့အခန်းထဲက ကုလားထိုင်ကြီးမှာ ထိုင်ပြီးတော့ လူတွေကို ဘာလို့မှမတရားပြောချင်ရတာလဲ၊ အမေ ဒီလောက် တောင်လုပ်ဖို့ မလိုပါဘူးဗျာ၊ လူတစ်ယောက်ရဲ့အသက်ကိုသတ်ဖို့ အမေ ဘယ်လိုစိတ်ကူးရခဲ့တာလဲ"





ဟုပြောပြီး မိခင်၏မတုန်မလှုပ် မျက်နှာပေါ်ရှိ မျက်ဝန်းများမှ စကားအဓိပ္ပာယ်ကို နားလည်အောင် ကြိုးပမ်းဖြန်၏။ ပြီးနောက် ...

"အမေ ကျုပ်ကို စကားပြောပါဦး၊ အမေ စကားမပြောဝ ဘယ်နနှစ်ရှိပြီလဲ၊ တောခေါင်ခေါင်ကြီးက တည်းခိုခန်းမှာကို အမေနဲ့ ကျုပ် နှစ်ယောက်တည်းရှိတာဗျ၊ အမေ လူသေကာနီးမှာ စကားတွေအများကြီး ပြောမယ်ဆိုတာ ကျုပ်သိတယ်"

ဟု ပြောရင်း မိခင်၏မျက်လုံးမှ အဓိပ္ပာယ်ကို ကြည့်ရှုကာ ...

"သူ သေလို့ ဝမ်းမနည်းရဘူး ဟုတ်လား၊ ကျုပ် ဘာလို့ ဝမ်းမနည်းရမှာလဲ၊ ကျုပ် သူ့ကိုချစ်တယ်ဗျ၊ ကျုပ်တို့နှစ်ယောက်တွေ့တာ အချိန်ဘယ်လောက်မှ မကြာသေးပေမယ့် ကျုပ် သူ့ကို လွန်ကျူးခဲ့မိတယ်၊ ကျုပ်ကြောင့် သူ့အဝ



www.burmeseclassic.com

www.burmeseclassic.com



ပျက်ရာက အသက်ကိုတောင် ပေးလိုက်ရပြီ၊ အမေ့ကို ကျုပ် အတန်တန် ကတိတွေ ပေးခဲ့တယ်၊ ဒါပေမဲ့ ကျုပ်စကားဆိုရင် ဘယ်တော့မှ မယုံဘူး၊ အမေ့ကြောင့် စက်ပါတယ်ဗျာ၊ ဒီကိစ္စက နည်းနည်းမဟုတ်ဘူး၊ လူသတ်မှုဗျ၊ သူ ဘယ်အရပ်က လာတယ်ဆိုတာလည်း တိတိကျကျ မသိဘူး၊ တစ်နေ့နေ့မှာ ကျုပ်တို့ ဒုက္ခရောက်လိမ့်မယ်၊ အိမ်ရှေ့မှာလည်း သေသူမိန်းကလေးရဲ့ကားကြီးက ရှိနေတယ်"

ဟု ပြောရင်း ငွေခင်၏ မျက်နှာကို မြင်ယောင်ကာ ဝမ်းနည်းကြေကွဲစိတ်များ ဖြစ်ပေါ်လာ၏။

"ကြည့်စမ်းပါဗျာ၊ ငွေခင် ဘယ်လောက်ကံဆိုးရှာသလဲ၊ သူဟာ အပျိုစင်မိန်းကလေးတစ်ယောက်ဗျ၊ သူဟာ ကျုပ်ကြောင့် အစော်ကားခံရတယ်၊ အမေကြောင့် အသတ်ခံရတယ်၊ ကျုပ်တို့တည်းခိုခန်းကို ရောက်လာတာ သူ့ကံဆိုး





ပြီး အသေဆိုးနဲ့သေဖို့ ဖြစ်လာတယ်၊ တစ်နေ့နေ့ သူ့မိဘတွေ လိုက်လာရင် ကျုပ်တို့ ဘယ်လိုရှင်းမလဲ၊ ငွေခင်ဟာ ကျုပ်နဲ့လက်ထပ်ပြီး တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နေဖို့ ဆုံးဖြတ်ထားတာဗျ"

ဟု ပြောလိုက်ပြီး မိခင်၏ မျက်လုံးမှ အဓိပ္ပာယ်ကို မော်ကြည့်လေ၏။ ပြီးနောက် ခေါင်းခါယမ်းလိုက်ပြီး ...

"အမေ့ကို ထောင်ထဲပို့မယ်လို့ ကျုပ် မပြောဖူးဘူးနော်၊ ဒါပေမဲ့ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးဆိုတဲ့ စကားလည်းရှိတယ်၊ ကျုပ် သူ့ကို ဘယ်မှာသွားပြီးမြှုပ်နှံရမှာလဲ၊ တစ်နေ့နေ့မှာ မကောင်းမှုကြီး ပေါ်လာမှာသေချာတယ်၊ ဒီအချိန်ရောက်ရင် အမေ ဘယ်လိုရှင်းမလဲ ပြောစမ်းပါဦးဗျ"

ဟု ဆိုကာ မိခင်၏ မျက်နှာကို ကြည့်လိုက်ရာ မိခင်၏ မျက်လုံးများ အရောင်ပြောင်းသွားကြောင်း သတိပြုမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် မိခင်၏မျက်လုံးမှ အဓိပ္ပာယ်ကို ရှာဖွေကြည့်လိုက်ပြီး ခေါင်းခါယမ်း၍ ...

"အမေပြောတာ လွယ်လိုက်တာဗျာ၊ ဒီမိန်းကလေးရဲ့အလောင်းကို ကျုပ်က ဘယ်မှာသွားပြီး ဖျောက်ဖျက်ပစ်ရမှာလဲ၊ မိန်းကလေးရဲ့အလောင်းတင် မကဘူး၊ ကားကြီးကိုလည်း ဖျောက်ဖျက်ပစ်ရမှာဗျ"

ဟု ပြောလိုက်လေ၏။ ပြီးနောက် မိခင်၏မျက်နှာကို ကြည့်ရှုလိုက်ပြန်၏။ ပြီးနောက် သူတော်သည် အလန့်တကြား အမူအရာဖြင့် ...

"အမေ ဘယ်လိုဖြစ်သွားတာလဲ၊ အမေ ဘာကြောင့် ဒီလောက်ပြောင်းလဲသွားရတာလဲ၊ ညာဏ်နီညာဏ်နက်တွေလည်း များလိုက်တာ၊ ကားနဲ့မိန်းကလေးကို ရေကန်ကြီးထဲ တွန်းချလိုက်ရမယ် ဟုတ်လား၊ ကျုပ်ကတော့ သူနဲ့လက်ထပ်ယူပြီးရင် အမေ့ကို ဘယ်လိုပြုစုနိုင်းမယ်လို့ စိတ်ကူးယဉ်လိုက်ရတာဗျာ၊ အခုတော့ အားလုံး ရေစုန်မျောသွားပြီ၊





ဘာပဲဖြစ်ဖြစ် မိန်းကလေးရဲ့အလောင်းကို ဖျောက်ဖျက်နိုင်ရင်တောင် ကျုပ်လိပ်ပြာ ကျွမ်မလုံဘူး၊ ကျုပ် သူ့အပေါ် အကြွေးတင်သွားပြီ"

ဟုဆိုကာ သူတော်သည် မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာလေ၏။ ပြီးနောက် ငွေခင်၏အလောင်းကို ဖျောက်ဖျက်ရန် တည်းခိုခန်းသို့ ပြန်ခဲ့လေ၏။ ငွေခင်သည် ရေချိုးခန်းထဲရှိ သွေးအိုင်ထဲ၌ ခွေခွေခဲလေး လဲကျနေလေ၏။

သူတော်သည် ငွေခင်၏ကိုယ်ခန္ဓာကိုထမ်း၍ ကားထဲသို့ တင်လိုက်၏။

ပြီးနောက် ငွေခင်၏ ခရီးဆောင်အိတ်နှင့် အသုံးအဆောင်များ အားလုံးကိုလည်း ကားထဲသို့ သွင်းပေး၏။

သူတော်သည် ငွေခင်၏အလောင်းကိုကြည့်၍ ဝမ်းနည်းလွန်းသဖြင့် ...

"သနားစရာကောင်းတဲ့ မိန်းကလေးရယ်၊ တမလွန်ဘဝမှာ အေးအေးချမ်းချမ်း နေနိုင်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုတောင်းပေးလိုက်လေ၏။ သူတော်သည် ငွေခင်၏ကားကြီးကို တစ်ကိုယ်တည်း ခက်ခက်ခဲခဲ တွန်းခဲ့ရလေ၏။

သူတော်သည် ကားမောင်းတတ်သူ မဟုတ်သဖြင့် တည်းခိုအိမ်နှင့် ခပ်လှမ်းလှမ်း၌ရှိသော ရေကန်ကြီးသို့ ကားကို ပင်ပန်းကြီးစွာ တွန်းခဲ့ရလေ၏။

ရေကန်ကြီးအနီးသို့ ရောက်သောအခါ ငွေခင်၏ မျက်နှာကို နောက်ဆုံးအကြိမ်အနေဖြင့် ကြည့်လိုက်ပြီး ကားကို ကန်ထဲသို့ တွန်းချလိုက်လေ၏။

ငွေခင်၏ စတူဘေကာကားနက်ကြီးသည် ကုန်းဆင်း အတိုင်း လိမ့်ဆင်းသွားပြီး ရေကန်ထဲသို့ နစ်မြုပ်သွားလေ၏။

ဦးတိုင်းအုပ်ထံမှ ငွေခင် စွန့်စွန့်စားစား ခိုးယူလာခဲ့ သော ငွေထုပ်ကြီးလည်း စတူဘေကာကားကြီးနှင့်အတူ ရေအောက် သို့ ရောက်ရှိသွားလေ၏။





သူတော်သည် ရေထဲတွင် စုံးစုံးမြုပ်သွားသော ကား ကြီးကိုကြည့်၍ သက်ပြင်းချကာ ...

"နောင် နှစ်ပေါင်းများစွာကြာရင် ဒီအဖြစ်ဆိုးကြီးကို ငါ မေ့သွားမှာပါ"

ဟု တီးတိုးရေရွတ်လိုက်လေတော့၏။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



သူဌေးဦးတိုင်းအုပ်သည် ငွေခင်ယူသွားသော စတုဘောကာကားကြီးနှင့် ငွေထုပ်ကြီးကို စုံးစုံးမြုပ်အောင် ပျောက်ကွယ်သွားသဖြင့် မကြံတတ်အောင် ဖြစ်သွားလေ၏။

ဦးတိုင်းအုပ်၏တပည့် လူဆိုးလူမိုက်များသည် စကုဘောကာကားနက်ကြီးနှင့် ငွေခင်အား မြန်မာပြည်အနှံ့လှည့်၍ ရှာဖွေကြလေ၏။

ဦးတိုင်းအုပ်သည် ငွေခင်ကို ဒေါသထွက်လွန်းသဖြင့် တွေ့သည့်နေရာ၌ အပြတ်ရှင်းရန် လက်မရွံ့များကို မှာကြားထား၏။

ငွေခင့်ကို တွေ့အောင်ရှာနိုင်သူ ဆုတော်ငွေပေးမည်ဟူ၍လည်း မက်လုံးပေးထား၏။





ထို့ကြောင့် တပည့်များအားလုံး ကြိုးစားမာန်တက် ရှာဖွေသော်လည်း ငွေခင့်ကို မတွေ့ရသေးချေ။

ဤမျှလုံခြုံအောင် ငွေခင် ဘယ်အရပ်သို့သွား၍ ပုန်းခိုနေသနည်း။

တစ်လခန့်ကြာသည်အထိ ငွေခင်၏ အရိပ်အယောင်ကိုပင် မမြင်ရသဖြင့် ရန်ကုန်မြို့၌ သတင်းထောက်လုပ်နေသော ငွေခင်၏အစ်မ မကြာဖြူကို သွားရောက် အကူအညီတောင်းရန်ကြံခဲ့၏။

ထိုအခါ မကြာဖြူ သတင်းထောက် လုပ်နေသော ဂျာနယ်တိုက်၏ပိုင်ရှင်မှာ သူဌေးဦးတိုင်းအုပ်၏မိတ်ဆွေဖြစ်ကြောင်း သိရ၏။

ဦးတိုင်းအုပ်သည် မကြာဖြူနှင့် ဦးစွာတွေ့ဆုံခြင်းမရှိဘဲ ဂျာနယ်တိုက်ပိုင် ဦးဘထွားနှင့် အရင်တွေ့ကာ သူ၏ပြဿနာကို ရှင်းလင်းပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘထွားတို့ ဂျာနယ်တိုက်သည် မှခင်းသတင်းများကို အသားပေး၍ ဖော်ပြလေ့ရှိသော ဂျာနယ်ဖြစ်သဖြင့် ဦးတိုင်းအုပ်၏ သတင်းသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော သတင်းတစ်ပုဒ် ဖြစ်သွား၏။

ဦးဘထွားက စိတ်လှုပ်ရှားဟန်ဖြင့် ဦးတိုင်းအုပ်၏ မျက်နှာကိုကြည့်၍ ...

"ကြည့်စမ်း ... သိပ်ပြီးထူးဆန်းတဲ့ သတင်းပဲ၊ ဒီသတင်းကိုသာ ကျုပ်တို့ ဂျာနယ်မှာ တင်လိုက်ရရင် စောင်ရေတွေ ထိုးတက်သွားမှာပဲ၊ စတုဘောကာ ကားမောင်းပြီး ငွေသိန်းတစ်ရာနဲ့ ပျောက်ဆုံးသွားတဲ့ မိန်းမချောလေးတစ်ယောက်"

ဟု ဆိုလိုက်ရာ ဦးတိုင်းအုပ်က ဦးဘထွားကို စိတ်ပျက်လက်ပျက် အမူအရာဖြင့်ကြည့်နေ၍ ...

"ဒီမှာ ကျုပ်မိန်းမ ငွေခင်ရဲ့ကိစ္စက ပေါက်ကြားလို့ မဖြစ်ဘူးဗျ၊ သူ့မှာ ဒီလောက်များတဲ့ငွေပမာဏတွေ ပါသွားတယ်ဆိုတာသိရင် သူ့အတွက် အန္တရာယ်ရှိတယ်"





ဟု ဆိုလိုက်၏။ ထိုအခါ ဦးဘထွားက ဦးတိုင်းအုပ်ကို အံ့သြဟန်ဖြင့်ကြည့်၏။

"ခင်ဗျားက မိန်းမအပေါ်မှာ သံယောဇဉ် မကုန်သေးဘူးလား၊ ကိုယ့်အပေါ်မှာ ဒီလောက်တောင် မကောင်းတဲ့ မိန်းမကို စိုးရိမ်နေသေးလား"

ဟု မေးမြန်းလိုက်ရာ ဦးတိုင်းအုပ်က ခေါင်းခါယမ်း၍ ...

"အမှန်တော့ ကျုပ် သူ့ကို စိုးရိမ်တာမဟုတ်ဘူးဗျ၊ သူနဲ့ ပါသွားတဲ့ငွေ သိန်းတစ်ရာကို စိုးရိမ်တာ၊ သူ့မှာ ငွေတွေ အများကြီး ပါသွားမှန်း လူဆိုးလူမိုက်တွေ သိသွားရင် ဘာဖြစ်မလဲ၊ ခင်ဗျား စဉ်းစားကြည့်ပါ"

ဟု ပြောလိုက်၏။ ဦးဘထွားက ခေါင်းညိတ်၍ ...

"ဟုတ်ပြီ၊ သူဌေးဦးတိုင်းအုပ်ရဲ့ ဇနီးဆိုပြီး လူဆိုးလူမိုက်တွေက သူ့ကို ပြန်ပေးဆွဲခဲ့ရင် ဘယ်လိုလုပ်မလဲ"

ဟု ပြောလိုက်ရာ ဦးတိုင်းအုပ်က လက်သီးဆုပ်၍...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ပြန်ပေးဆွဲလို့ကတော့ ကျုပ် ပိုက်ဆံတစ်ပြားမှ စိုက်ပြီး ပြန်ရွေးမှာမဟုတ်ဘူး၊ အမြန်ဆုံး သတ်ပစ်ရင် တောင် ဝမ်းသာနေဦးမယ်"

ဟု ပြောလိုက်၏။ ဦးတိုင်းအုပ်၏စကားကြောင့် ဦးဘထွားက သဘောကျဟန်ဖြင့် ရယ်မော၍ ...

"မိန်းမကို အတော်ချစ်တဲ့ ယောက်ျားပါလား၊ ဂျာနယ်ထဲ ကိုထည့်ပြီး ရေးလိုက်ရင် နာမည်ကြီးဦးမယ်၊ ပြန်ပေးဆွဲ ခံရတဲ့မိန်းမကို ငွေတစ်ပြားမှ အကုန်ခံပြီး မရွေးဘူးဆိုတဲ့ သူဌေးကြီး ဆိုပြီးတော့"

ဟု ဆိုလိုက်ရာ ဦးတိုင်းအုပ်က လက်ကာပြ၍ ...

"တော်ပါတော့ဗျာ၊ မကြာဖြူကို ဒီကိစ္စတွေပြောပြီး အရှ အညီတောင်းကြည့်ချင်တယ်"

ဟု ပြောလိုက်၏။ ဦးဘထွားက ခေါင်းညိတ်၍ ...

"မကြာဖြူဟာ ကျုပ်တို့တိုက်မှာတော့ အတော်ဆုံးမိန်းက လေးတစ်ယောက်ပဲဗျ၊ သူက သတ္တိသိပ်ကောင်းတယ်





မဟုတ်ရင်လည်း ဘယ်တော့မှ မခံဘူး၊ သူ့ညီမအကြောင်း ကို သူသိရင် ဒီအမှုကို သဲကြီးမဲကြီးလိုက်မှာပဲဗျ၊ ခင်ဗျားရဲ့ အမှုကို ကျုပ် သိပ်စိတ်ဝင်စားတယ်၊ ဒီအမှုမှာ အင်မတန် စိတ်ဝင်စားဖွယ်ကောင်းတဲ့ နောက်ကြောင်းခံ ဇာတ်လမ်း တစ်ပုဒ် ရှိဦးမယ်ထင်တယ်၊ ဒါကြောင့် မကြာဖြူကို အဆုံး ရောက်အောင်လိုက်ဖို့ ကျုပ် တာဝန်ပေးမယ်၊ ဒါပေမယ့် ခင်ဗျား ကျုပ်ကို တစ်ခုတော့ ကတိပေးရမယ်"

ဟု ပြောလိုက်ရာ ဦးတိုင်းအုပ်က မျက်မှောင်ကြုတ်၍ "ဘာကတိလဲ"ဟု မေးမြန်းလေ၏။

ဦးဘထွားက ...

"ဒီအမှုပေါ်ပေါက်ခဲ့ရင် ကျုပ်ရဲ့ဂျာနယ်မှာ သတင်းထည့် ခွင့်ပေးရမယ်"

ဟု ပြောလိုက်ရာ ဦးတိုင်းအုပ်က ...

"ကျုပ်ရဲ့ဂုဏ်သိက္ခာကို မထိပါဘူး ဆိုရင်တော့ ခင်ဗျားတို့ ရေးချင်ရာရေးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေရာ သူဌေးနှစ်ဦးသည် သဘောတူညီချက်တစ်ခု ရရှိသွားလေ၏။

မကြာဖြူသည် ညီမဖြစ်သူ ပျောက်ဆုံးသွားသောအကြောင်းကို ဦးတိုင်းအုပ်ထံမှ ကြားသိရသောအခါ အလွန်အံ့ဩသွားပြီး ...

"ဘယ်လိုဖြစ်တာလဲရှင်၊ ညီမလေးနဲ့ အစ်ကိုကြီး အိမ်ထောင်ရေး အဆင်ပြေတယ် မဟုတ်လား၊ အိမ်ကဆင်းကာနီး အစ်ကိုကြီးနဲ့ ရန်ဖြစ်သွားသေးလား"

ဟု မေးမြန်းလေရာ ဦးတိုင်းအုပ်က ခေါင်းခါယမ်း၍ ...

"ကျုပ်နဲ့ရန်ဖြစ်မသွားပါဘူး၊ သူ ပျောက်ဆုံးမသွားမီညကတောင် ကျုပ်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ကျီစယ်နေသေးတယ်"

ဟု ပြောလေ၏။ မကြာဖြူက သက်ပြင်းချ၍ ...





"ညီမလေးက တစ်ဇွတ်ထိုး လုပ်တတ်တဲ့အကျင့် ရှိတယ်၊ သူလုပ်ချင်တာဆိုရင် ဘာမှမစဉ်းစားဘူး၊ မိဘတွေမရှိတော့ ပိုဆိုးတာပေါ့ရှင်၊ သူ အိမ်ကထွက်သွားတာ တစ်လရှိပြီ၊ သူနဲ့အတူ စတူဘေကာ ကားကြီးနဲ့ ငွေသိန်းတစ်ရာပါသွားတယ်ဆိုတော့ ညီမလေးမှာ အန္တရာယ်ရှိနိုင်တယ်ရှင့်၊ ကျွန်မကို ဘာလို့ စောစောမပြောတာလဲ"

ဟု မေးမြန်းလေရာ ဦးတိုင်းအုပ်က ...

"ကျုပ်တပည့်တွေနဲ့ ဝိုင်းပြီးရှာပါသေးတယ်၊ ကျုပ်တို့လည်း အလွယ်တကူ တွေ့မယ် ထင်ကြလို့"

ဟု ပြောလေ၏။ မကြာဖြူသည် ဦးတိုင်းအုပ်၏ စကားကို သေချာစွာ နားထောင်၏။ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"ညီမလေး ငွေခင်ကို ကျွန်မ မတွေ့တွေ့အောင်ရှာမယ်၊ ဒီအတွက် ကျွန်မ အလုပ်ထွက်ဆိုလည်း ထွက်တော့မယ်"

ဟု ပြောလေရာ ဂျာနယ်တိုက်ပိုင်ရှင် ဦးဘဖွားက ဝင်၍ ကြားက ... သက်ကာပြ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း အလုပ်ထွက်စရာ မလိုပါဘူး၊ ဒီအမှုကို ငါ သိပ်စိတ်ဝင်စားတယ်၊ ဒီအမှုရဲ့နောက်မှာ ထူးခြားတဲ့ နောက်ကြောင်းခံဇာတ်လမ်း ရှိမယ်လို့ ငါထင်တယ်၊ ဒါကြောင့် ဒီအမှုကို မင်း မဖြစ်ဖြစ်အောင်လိုက်ပါ၊ ဒီအမှုအတွက် မင်းကို ကျူပ် သုံးလအချိန်ပေးမယ်၊ အမှုမှန်ပေါ်ခဲ့ရင် ငါတို့ဂျာနယ်မှာ သတင်းထည့်ဖို့ ဦးတိုင်းအုပ်ကလည်း သဘောတူထားပြီးပြီ"

ဟုပြောလေ၏။ မကြာဖြူသည် ဦးဘထွား၏စကားကြောင့် အံကိုကြိတ်လိုက်ပြီး ...

"ဟုတ်တယ်၊ ဒီအမှုမှာ နောက်ကြောင်းခံဇာတ်လမ်းရှိနိုင်တယ်၊ ညီမလေးတစ်ယောက်တည်း ပျောက်နေရင် သိပ်မထူးဆန်းဘူး၊ အခုတော့ စတုဘောကာကားကြီးတောင် ပျောက်နေတယ်ဆိုတော့ အံ့သြစရာပဲ၊ ဦးတိုင်းအုပ်ရဲ့တပည့်တွေ စုံစမ်းသမျှတော့ ဦးတိုင်းအုပ်ဆီမှာ အချက်အလက်တွေ ရှိမှာပေါ့"





ဟု မေးမြန်းလိုက်ရာ ဦးတိုင်းအုပ်က ခေါင်းညိတ်၍...

"ရှိပါတယ်၊ ပထမတော့ ငွေခင်နဲ့ ကားနက်ကြီးရဲ့ သဲလွန်စတွေကို ရနေသေးတယ်၊ နောက်ဆုံးရတဲ့နေရာက မိတ္ထီလာနဲ့ သာစည်လောက်မှာပဲ၊ ဒီအချိန်ကစပြီးတော့ ငွေခင်ရဲ့သတင်းကို မကြားရတော့ဘူး"

ဟု ပြောလေ၏။ မကြာဖြူက သက်ပြင်းချ၍ ...

"သာစည်ဆိုတော့ ရှမ်းပြည်နယ်နဲ့ နီးနေပြီ၊ ရှမ်းတော်ဘွားတွေဆီကိုပဲ ရောက်သွားလို့လား၊ ဒါဆိုရင်တော့ ကျွန်မတို့ ပိုပြီးတော့ လိုက်ရှာနေပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်မ မရ ရအောင် လိုက်ပါ့မယ်၊ ညီမလေးနဲ့ ပတ်သက်တဲ့ သဲလွန်စ မရမချင်း မပြန်ဘူး"

ဟု ပြောလိုက်ရာ ဂျာနယ်တိုက်ပိုင်ရှင် ဦးဘထွားက မကြာဖြူကိုကြည့်၍ ...

"ကျူပ်က အချိန်သုံးလပဲ ပေးတာနော်"

ဟု ပြောလိုက်ရာ မကြာဖြူက သက်ပြင်းချ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ညီမလေးရဲ့ကိစ္စကို သုံးလမကဘူး၊ သုံးနှစ်လည်း လိုက်မှာပဲ၊ သုံးလကျော်လို့ မကျေနပ်ရင် ကျွန်မကို အလုပ်ထုတ်ပစ်လိုက်ပါ"

ဟု ပြောလိုက်၏။ သူဌေးဦးဘထွားသည် မကြာဖြူကဲ့သို့ အရည်အချင်းရှိသော သတင်းထောက်တစ်ယောက်ကို မဆုံးရှုံးလိုသဖြင့် ...

"ကဲ ... မင်းကို အချိန်သုံးလဆိုတဲ့ အကန့်အသတ်ကို ကျုပ် ပြင်လိုက်ပြီ၊ ဒီအမှုနဲ့ပတ်သက်လို့ အချိန်အကန့်အသတ် မထားတော့ဘူး၊ မင်းက ကျုပ်ကို တစ်ခုပြန်လုပ်ပေးရမယ်"

ဟု ပြောလိုက်၏။ မကြာဖြူက ခေါင်းညိတ်၍ –

"ရှင် ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်မ သိတယ်၊ ကျွန်မ ရောက်လေရာအရပ်က သတင်းတွေကို ရေးပို့ပေးရမယ် ပေါ့၊ ဟုတ်လား၊ ကျွန်မကလည်း သတင်းမရေးရရင် မနေနိုင်တဲ့သူဆိုတော့ ရေးပို့ဖြစ်မှာပါ"





ဟု ပြောလိုက်၏။ ဂျာနယ်တိုက်ပိုင်ရှင် ဦးဘထွားသည် မကြာဖြူကိုကြည့်၍ တစ်စုံတစ်ရာကို သတိရသွားပြီး ...

"ဟုတ်ပြီ၊ မင်း တစ်ယောက်တည်း သွားနိုင်းမယ့်အစား အလုပ်သင်သတင်းထောက် ဝင်းစိုးကို ထည့်ပေးလိုက်မယ်၊ မင်းလည်း အဖော်ရတာပေါ့၊ ဝင်းစိုးလည်း ပညာတိုးတာပေါ့၊ ငါ့စိတ်ထဲမှာ ဝင်းစိုးက အလားအလာ ရှိတယ်ထင်လို့ မင်းနဲ့တွဲပေးရတာပဲ"

ဟု ပြောလိုက်၏။ မကြာဖြူက မျက်မှောင်ကြုတ်၍ ...

"ကျွန်မ အဖော်နဲ့မသွားချင်ဘူး၊ တစ်ယောက်တည်းလုပ်ချင်တာ၊ ဘာပဲဖြစ်ဖြစ် ရှင်တို့သဘောပါပဲ၊ နေဦး ... ဝင်းစိုးက ကားမောင်းတတ်တယ်ဆိုတော့ ကျွန်မတို့ကို ကားတစ်စီး စီစဉ်ပေးရင် ကောင်းမယ်"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ သူဌေးဦးတိုင်းအုပ်သည် ၎င်း၏ ဇာတိမြို့သို့ ဦးဗျာပြန်ထွက်သွားလေ၏။

မကြာဖြူသည် သူမ၏ခရီးလမ်းအတွက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူစုဆောင်းရလေ၏။

သူမနှင့်အတူ ဤအမှုကို ပူးတွဲလိုက်ပါမည့် ဝင်းစိုးဆိုသူကိုလည်း လမ်းခရီးအတွက် လိုအပ်သောပစ္စည်းများကို ဝယ်ယူပေးရလေ၏။ ဝင်းစိုးသည် အလုပ်သင်သတင်းထောက်တစ်ဦးဖြစ်ပြီး တက်ကြွချင်လန်းသော အမူအရာရှိသဖြင့် အနာဂတ်၌ ထူးချွန်သတင်းထောက်တစ်ဦး ဖြစ်နိုင်သည် ထင်ရ၏။

မကြာဖြူသည် ဝင်းစိုးနှင့်အတူ ဦးတိုင်းအုပ်တို့မြို့သို့ မီးရထားဖြင့် လိုက်ခဲ့လေ၏။

ဦးတိုင်းအုပ်၏အိမ်ကြီးသို့ ရောက်သောအခါ ဦးတိုင်းအုပ်ကိုယ်တိုင် မကြာဖြူတို့ကို ဖော်ရွေစွာကြိုဆိုပြီး အိမ်ကြီး၏ အပေါ်ထပ်ရှိ အခန်းများ၌ နေရာချပေးလေ၏။





ညနေစောင်းသောအခါ ဦးတိုင်းအုပ်၏ ခြံဝင်းထဲရှိ ကြက်တောင်ကွင်းအနီး ထိုင်၍စကားဝိုင်းဖွဲ့၏။

ဦးတိုင်းအုပ်က မျက်နှာမကြည်မသာဖြင့် ...

"ငွေခင်နဲ့ပတ်သက်တဲ့ သဲလွန်စတစ်ခုတော့ ရတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်လုံးဝမထင်မှတ်တဲ့ အဖြစ်ကို ကြုံတွေ့ရတော့ ကိုယ့်နားကိုတောင် ကိုယ်မယုံဘူး"

ဟုဆိုကာ မကြာဖြူ၏လက်ထဲသို့ စာတစ်စောင် ပေးလိုက်လေ၏။ မကြာဖြူက မျက်မှောင်ကြုတ်၍ စာကိုဖတ်ကြည့်သောအခါ ငွေခင်နှင့် သူစိမ်းယောကျ်ားတစ်ဦး ချိန်းဆိုသောစာဖြစ်၏။

ထိုစာထဲတွင် မြို့ပြင်ရှိ အိမ်တစ်လုံး၌ လျှို့ဝှက်တွေ့ဆုံရန် ချိန်းဆိုသောစာဖြစ်ပြီး စာ၏အောက်ခြေ၌ ထိုသူက ချစ်ရတဲ့ ဓော်တင် ဟု ရေးသားထားလေ၏။

မကြာဖြူက ဦးတိုင်းအုပ်ကိုကြည့်၍ "ဓော်တင်ဆိုတာ ဘယ်သူလဲ"ဟု မေးမြန်းလေရာ ဦးတိုင်းအုပ်က အံကိုကြိတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့တပည့်တစ်ယောက်ပါ၊ သူက ဆီစက်မှာ မန်နေဂျာ လုပ်တယ်၊ ဓော်တင်ကို ကျုပ် စစ်ဆေးပြီး အလုပ်ထုတ် ပစ်လိုက်ပြီ၊ ဓော်တင် ကိုယ်တိုင်က တစ်ကြိမ်တစ်ခါမှား မိတယ်လို့ ဝန်ခံတယ်"

ဟု ပြောလေ၏၊ မကြာဖြူက သက်ပြင်းချ၍ ...

"ညီမလေးက မိုက်လိုက်တာ၊ ဓော်တင် ဆိုတဲ့လူကို ကျွန်မတွေ့ချင်လိုက်တာ"

ဟု ပြောလေရာ ဦးတိုင်းအုပ်က ...

"မင်း တွေ့ချင်တယ်ဆိုရင် ဒီနေ့ညနေ ဓော်တင်ကို လာ ခိုင်းလိုက်မယ်"

ဟု ပြောလေ၏။ မကြာဖြူသည် ညီမဖြစ်သူနှင့် ဓော်တင် ရှိန်းဆိုသောစာကို ဖတ်ရှုရင်း အတွေးနယ်ချဲ့နေမိ၏။

ငွေခင်သည် ငယ်စဉ်က စိတ်ဓာတ်သန့်ရှင်းသူဖြစ် ပြီး ဦးတိုင်းအုပ်နှင့် အိမ်ထောင်ပြုပြီးမှသာ သူမ၏စရိုက်များ ဆိုးသွမ်းသွားခြင်းဖြစ်၏။





ညနေစောင်းသောအခါ ဦးတိုင်းအုပ်၏ အိမ်သို့ ဓော်တင်ဆိုသူ ရောက်ရှိလာ၏။

ဓော်တင်က မျက်နှာညှိုးငယ်စွာဖြင့် ဦးတိုင်းအုပ်၏ ရှေ့၌ ခေါင်းငုံ့၍ရပ်နေပြီး ထိုသူက ...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ၊ မမလေးဘက်ကစလို့ ကျွန်တော် မှားခဲ့မိတာပါ ကျွန်တော့်ကို အလုပ်ပြန်ပေးပါ ဆရာ၊ ကျွန်တော်က အမေအိုကြီးကို လုပ်ကျွေးနေတာပါ"

ဟု ပြောလေ၏။ မကြာဖြူသည် ထိုသူကို စူးစူးရှရှ စွာကြည့်ရင်း မေးခွန်းများကို အပြန်အလှန် မေးမြန်းခဲ့၏။

"ရှင်တို့နှစ်ယောက် တိတ်တိတ်ပုန်း ဖြစ်နေတာ ဘယ် လောက်ကြာပြီလဲ"

"ခြောက်လကျော်ပဲ ရှိပါသေးတယ်"

"ရှင်တို့ ဘယ်နှကြိမ်လောက် တွေ့ခဲ့ဖူးလဲ"

"ဆရာမြို့မှာမရှိတဲ့အချိန်တိုင်း ခိုးတွေ့ပါတယ်"

"ရှင်တို့ ထွက်ပြေးကြမယ်လို့ တိုင်ပင်ခဲ့ဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုတော့ တစ်ခါမှ မတိုင်ပင်ဖူးပါဘူး"

"မငွေခင်က ရှင့်အပြင် ဒီပြင်ယောကျ်ားနဲ့ တိတ်တိတ်ပုန်း ဖြစ်နေသလား"

"ကျွန်တော် မသိပါဘူးဗျာ"

မကြာဖြူသည် ထိုလူယုတ်မာအား မေးခွန်းများ ဆက်၍ မမေးဖြစ်တော့ချေ။

ဦးတိုင်းအုပ်က ထိုသူအား ဒေါသတကြီး အော်ဟစ် မောင်းထုတ်လိုက်၏။

ထိုသူ ထွက်ခွာသွားသောအခါ ဦးတိုင်းအုပ်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် ...

"ကြာဖြူညီမရဲ့ အကျင့်စရိုက်ကတော့ မြင်တဲ့အတိုင်းပဲဗျာ၊ ကျုပ်တော့ ဂုဏ်သိက္ခာကျပါပြီ၊ ရှေ့ဆက်ပြီး မကြာဖြူ ဘယ်လိုလုပ်ကြမလဲ၊ ငွေခင်ဟာ အဲတော်မိုက်မဲတယ်၊ သူ ဒီလိုလုပ်မယ်လို့ လုံးဝမထင်ဘူး"

ဟု ပြောလေ၏။ မကြာဖြူက သက်ပြင်းချ၍ ...





"ကျွန်မတို့ မနက်ဖြန်စပြီး ခရီးဆက်ကြမယ်၊ ကျွန်မညီမ ငွေခင်ကို နောက်ဆုံးတွေ့ခဲ့တာက မိတ္ထီလာနဲ့ သာစည်လို့ သိရတယ်၊ ဒါကြောင့် သာစည်ဘက်ကိုသွားပြီး သဲလွန်စ ကို ရှာဖွေရမယ်"

ဟု ပြောလေရာ ဦးတိုင်းအုပ်က ...

"ကျုပ်တပည့်တွေလည်း ဒီဒေသတွေမှာ ရှာဖွေပြီးပါပြီ"

ဟု ပြောလေ၏။

မကြာဖြူက သက်ပြင်းချ၍ ...

"ဦးတိုင်းအုပ်ရဲ့တပည့်တွေ အရည်အချင်း မရှိတဲ့အတွက် ကျွန်မကို အကူအညီ တောင်းခဲ့တယ် မဟုတ်လား"

ဟု ပြောလေ၏။ ဦးတိုင်းအုပ်က ခေါင်းညိတ်၍...

"ကောင်းပြီ၊ မနက်ဖြန် ကျုပ်ဆီက ဂျစ်ကားတစ်စီးကို ဆီဖြည့်ပေးလိုက်မယ်၊ လမ်းခရီးမှာ လိုအပ်သမျှ ငွေကြေး ကိစ္စတွေ ဘာမှမပူနဲ့၊ ကျုပ် တာဝန်ယူတယ်"

ဟုဆိုကာ ငွေစက္ကူတစ်အုပ်ကို ထုတ်၍ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် မကြာဖြူက သတင်းထောက် ဝင်းစိုးကိုခေါ်၍ ဂျစ်ကားအခြေအနေကို စစ်ဆေးခိုင်းလေ၏။

ဝင်းစိုးက ဂျစ်ကားကို စက်နှိုးပြီး လမ်းတစ်ပတ် ပတ်ကြည့်ကာ ...

"ဂျစ်ကားက အကောင်းဆုံး အခြေအနေမှာရှိတယ်၊ ကျုပ်က ဝပ်ရှော့တစ်ခုမှာ စက်ဆရာ လုပ်ဖူးတော့ ကားစက်တော့ ကောင်းကောင်း နားလည်တယ်"

ဟုပြောလေ၏။ မကြာဖြူက ...

"ငါတို့ မိတ္ထီလာနဲ့ သာစည်ဘက်ကို သွားကြမယ်၊ မိတ္ထီလာဘက်ရောက်ရင် ငါ့ညီမသတင်းကို စုံစမ်းကြမယ်"

ဟု ပြောကာ ခရီးဆက်ခဲ့ကြလေ၏။ ၎င်းတို့သည် ကားကို တစ်နေကုန် မောင်းနှင်ခဲ့လေ၏။ လမ်းခရီး၌ ဝင်းစိုးက ...

"ငွေခင်ဆိုတဲ့ မိန်းကလေးဟာ အန္တရာယ်တစ်ခုခု ကြုံတွေ့နေနိုင်တယ်၊ ဦးတိုင်းအုပ်တို့လုစုကို ကျုပ် သိပ်ပြီးတော့ မသင်္ကာဘူးဗျာ၊ အစ်မ ဘယ် လိုမြင်လဲ"





ဟု မေးမြန်းလေ၏။ မကြာဖြူက အံကိုကြိတ်၍...

"ငါလည်း နင့်လို တွေးဖူးပါတယ်၊ ဒါပေမဲ့ ဦးတိုင်းအုပ်သာ တရားခံဆိုရင်တော့ ငါ့ညီမ ပျောက်ဆုံးတဲ့ကိစ္စကို ဒီလောက် ရေးကြီးခွင်ကျယ် လုပ်စရာမလိုဘူး၊ ဒီလိုလုပ်တာဟာ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေပြီ"

ဟု ပြောလိုက်လေ၏။ ဝင်းစိုးက မကြာဖြူဘက်သို့ လှည့်၍ ...

"မငွေခင်နဲ့ တိတ်တိတ်ပုန်းဖြစ်တဲ့ ဇော်တင် ဆိုတဲ့လူရှိ တယ်ဆိုတာ နောက်ထပ် ဇော်တင်လိုလူမျိုးလည်း ရှိနိုင် တယ်နော်"

ဟု ပြောလိုက်ရာ မကြာဖြူက အံကိုကြိတ်၍ ...

"ညီမလေးဟာ အပျိုဘဝတုန်းက ဒီလိုအကျင့်စရိုက်မဆိုး ပါဘူး၊ ဦးတိုင်းအုပ်နဲ့ယူပြီးမှ သူ့စိတ်ဓာတ်တွေ ဘယ်လို ဖြစ်သွားလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ၎င်းတို့၏ဂျစ်ကားလေးသည် တောင်ငူနှင့် ရေတာရှည်ကြားသို့ ရောက်သောအခါ ဒိုင်းခနဲမြည်ပြီး ကားဘီးပေါက်သွားလေ၏။ ဝင်းစိုးက ကားကို လမ်းနံဘေးသို့ တိုးကပ်လိုက်ပြီး ကားဘီးကိုလဲရန် ပြင်လေ၏။

မကြာဖြူသည် ကားပေါ်မှဆင်း၍ အညောင်းဆန့်လိုက်ပြီး မနီးမဝေး၌ မြင်တွေ့ရသော တဲလေးကိုကြည့်၍ ...

"ကားထဲကို ရေထည့်ဖို့အတွက် ရှေ့နားက တဲကလေးမှာ ရေသွားတောင်းဦးမယ်"

ဟုဆိုကာ တဲရှိရာကို လျှောက်သွားလေ၏။ တဲကလေးသည် အမိုးအကာများ မလုံတော့ဘဲ ပျက်စီးယိုယွင်းနေလေ၏။

မကြာဖြူသည် တဲအတွင်းသို့ ကြည့်လိုက်ရာ လူသူ အရိပ်အယောင် မမြင်ရသဖြင့် ...

"တဲရှင်တို့ ... တဲရှင်တို့ ... ရေကလေးနည်းနည်းလောက် လိုချင်လို့ပါ"

ဟု ပြောလေ၏။





မကြာဖြူသည် တဲကလေးအတွင်းသို့ ဝင်ရောက်၍ အသံပြုလိုက်ပြန်၏။ ထိုအခါ အသက်ဆယ့်သုံးနှစ်အရွယ်ရှိသော မိန်းကလေးတစ်ယောက်သည် ရောင်ကိုင်းနေသော ခြေထောက်ကိုကိုင်၍ နာကျင်စွာ အော်ဟစ်နေ၏။

အခန်းထောင့် တစ်နေရာရှိ ဖျာစုတ်ကလေး၌ စောင်ခြုံ၍ အိပ်ပျော်နေသော မိန်းမတစ်ဦးကိုလည်း မြင်ရ၏။

ထိုမိန်းမသည် မကြာဖြူ၏အသံကြောင့် ...

"အစ်မတို့သားအမိနှစ်ယောက်စလုံး နေမကောင်းကြလို့ပါ ညီမရယ်၊ ညီမလေး ရေလိုချင်ရင် အိမ်နံဘေးက စဉ့်အိုးထဲမှာ ခပ်သွားပါ"

ဟု ပြောလေ၏။ မကြာဖြူသည် နေမကောင်းဖြစ်နေသော သားအမိနှစ်ယောက်ကို တွေ့သဖြင့် ရေတောင်းရန်ပင် သတိမရတော့ဘဲ ...

"ဘယ်လိုဖြစ်တာလဲ အစ်မရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ နေမကောင်းဖြစ်နေသော မိန်းမက ...

"အစ်မ ဖျားနေတာ သုံးရက်တောင်ရှိပြီ၊ အစ်မရဲ့သမီးလေး ကလည်း ထင်းကောက်ရင်း သံဆူးငြိး ရောင်ကိုင်းနေလို့ အော်ဟစ်နေရတယ်၊ ကျန်တဲ့သမီးငယ်လေးကတော့ မြို့ပြင် ကားဂိတ်မှာ တောင်းရမ်းစားသောက်နေတယ် ထင်တယ်"

ဟု ပြောလေ၏။

မကြာဖြူသည် နေထိုင်မကောင်း ဖြစ်နေသော မိသားစုကို ကြည့်၍ စိတ်မကောင်း ဖြစ်သွားပြီး ...

"အစ်မတို့မှာ ဒီပြင်ဆွေမျိုးတွေ မရှိတော့ဘူးလား"

ဟု မေးမြန်းလေရာ ထိုမိန်းမက အားယူ၍ ထလိုင်ကာ ...

"အစ်မတို့သားအမိမှာ အားကိုးစရာဆွေမျိုး မရှိပါဘူး အစ်မယောက်ျားက လွန်ခဲ့တဲ့နှစ်က ပုလိပ်ရောဂါနဲ့ဆုံးပါး သွားပါပြီ"





ဟု ပြောလေ၏။

မကြာဖြူသည် နေမကောင်းဖြစ်နေသော သားအမိ၏ အခက်အခဲကို နားလည်သဘောပေါက်သွားပြီး ကားရှိရာသို့ ပြန်သွားလေ၏။

ထိုအချိန်၌ ဝင်းစိုးသည် ကားဘီးကို ပြန်လည်တပ်ဆင်ပြီး ဖြစ်နေ၏။

မကြာဖြူက ...

"ဟိုတဲထဲမှာ သားအမိနှစ်ယောက် ဖျားနာပြီး ဒုက္ခရောက်နေတယ်၊ ငါတို့ အကူအညီနည်းနည်း ပေးရမယ်"

ဟု ပြောလိုက်ရာ ဝင်းစိုးသည် မကြာဖြူကို နားမလည်ဟန်ဖြင့်ကြည့်၍ ...

"ကျုပ်တို့က ခရီးသွားရမှာလေဗျာ၊ ဘယ်လိုအကူအညီပေးရမှာလဲ"

ဟု မေးမြန်းလေ၏။ မကြာဖြူက ဝင်းစိုးကိုကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"တဲထဲက သားအမိက ကူညီမဲ့သူ မရှိဘူး၊ လူအချင်းချင်း ကူညီစောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်ဆိုတာ နားလည်စမ်းပါ၊ လောလောဆယ် အနီးဆုံးမြို့ကိုသွားပြီး ဆရာဝန်ပင့်ရအောင်"

ဟု ပြောလိုက်ရာ ဝင်းစိုးသည် မကြာဖြူကို မလွန်ဆန်နိုင်ဘဲ အနီးဆုံးမြို့သို့သွား၍ ဆရာဝန်ရှာရ၏။

အနီးဆုံးမြို့၌ ကုလားဆရာဝန်ကြီး၏ အိမ်ကို တွေ့ရသဖြင့် လူနာကိုကြည့်ရှုပေးရန် ပြောဆိုလေရာ ဆရာဝန်ကြီးက –

"လူနာဆိုတာ ဘယ်လိုလူနာမျိုးလဲ၊ ဆင်းရဲသားလူနာလား သူဌေးလူနာလား၊ဆင်းရဲသားတွေကို ကျုပ် သိပ်မုန်းတယ်"

ဟု ပြောလေ၏။ မကြာဖြူသည် ဆရာဝန်ကြီး စကားကြောင့် ရင်းကို အလွန်စိတ်ပျက်သွားပြီး ...

"ဆင်းရဲသားဖြစ်ဖြစ် သူဌေးဖြစ်ဖြစ် ဒေါက်တာရဲ့ဆေးကုသစရိတ်ကို ကျွန်မတို့က ပေးနိုင်ပါတယ်၊ ကျေးဇူးပြုပြီး လိုက်ခဲ့ပါရှင်"





ပြောလေရာ ကုလားဆရာဝန်ကြီးက ခေါင်းခါယမ်း၍ ...

"စိတ်မရှိနဲ့ မိန်းကလေး၊ ဆင်းရဲသားလူနာဆိုရင်တော့ ပိုက်ဆံ ဘယ်လောက်ရရ မကုဘူးလို့ ဆုံးဖြတ်ထားတယ်၊ ကျုပ်ကို စော်ကားခံရတာ များလွန်းလို့ပါ"

ဟု ပြောလေ၏။ ဆရာဝန်ကြီး၏ စကားကြောင့် မကြာဖြူက စိတ်ပျက်ဟန်ဖြင့်ကြည့်၍ ...

"လူနာအရေးကြီးနေလို့ ဒေါက်တာ့ကို လာပင့်တာပါ၊ ဆင်းရဲသားဆိုပေမယ့် မစော်ကားစေရဘူး၊ ကျွန်မ အာမခံတယ်"

ဟု ပြောလေရာ ကုလားဆရာဝန်ကြီးက သူမ၏ စကားကို လက်မခံဘဲ အကြောက်အကန် ငြင်းဆိုလေ၏။ မကြာဖြူသည် ကရုဏာတရား ခေါင်းပါးလှသော ဆရာဝန်ကြီးကို ဒေါသူပုန်ထသွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာမြေမှာနေ မြန်မာရေကိုသောက်ပြီး မြန်မာတွေကို စော်ကားတဲ့ ဒေါက်တာကြီး၊ ရှင် တစ်နေ့ ဒုက္ခတွေ့မှာ မြင်ယောင်သေးတယ်၊ တိရစ္ဆာန်စိတ်ရှိတဲ့လူကြီး"

ဟု ပြောကာ ကုလားဆရာဝန်ကြီးအိမ်မှ ပြန်လည်ထွက်ခွာခဲ့၏။ ထို့နောက် မြို့ပေါ်ရှိဈေးသို့သွားပြီး စားသောက်ဖွယ်ရာအချို့ကို ဝယ်ယူခဲ့လေ၏။ မြို့ပေါ်ရှိ မြန်မာဆေးဆိုင်တစ်ဆိုင်မှ လူနာအတွက် အဖျားဖြတ်ဆေးတစ်ထုပ်ကိုလည်း ဝယ်ယူခဲ့၏။ သတင်းထောက်လုငယ် ဝင်းစိုးသည် မကြာဖြူ၏အပြုအမူကို နားမလည်ဟန်ဖြင့်ကြည့်၍ လိုက်လံပို့ဆောင်ပေးလေ၏။

မကြာဖြူသည် တဲအိမ်ကလေးသို့ ရောက်သောအခါ ပထမဦးစွာ အဖျားတက်နေသော မိန်းမအား အဖျားဖြတ်ဆေးအနည်းငယ် တိုက်လေ၏။

ပြီးနောက် သံရုံးပြီး ခြေထောက်တစ်ခုလုံး ရောင်ကိုင်းနေသော ကလေးမကိုလည်း အနာကိုရေဆေး၊ ပြည်ဖောက်ပြီး ကားပေါ်တွင်ပါရှိသော လိမ်းဆေးနှင့် လိမ်းကျံပေးလေ၏။





ကလေးမလေး၏ အနာသည် ပြည်ဖောက်လိုက်သဖြင့် အတော်အတန် သက်သာသွားလေ၏။ ထို့နောက် မီးဖိုချောင်သို့ သူမကိုယ်တိုင်ဝင်ကာ ဝယ်ယူလာသော ဆန်ဖြင့် ဆန်ပြုတ်တစ်အိုးတည်လေ၏။

မကြာဖြူ ဆန်ပြုတ် ပြုတ်နေချိန်၌ ကားဂိတ်၌ တောင်းရမ်းစားသောက်နေသော ကလေးငယ် ပြန်ရောက်လာ၏။ ကလေးငယ် တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေသဖြင့် ကြာဖြူကိုယ်တိုင် ရေချိုးပေးလိုက်၏။

ပြီးနောက် ကလေးနှစ်ဦးအား ငါးသေတ္တာဘူးကိုဖောက်၍ ပေါင်မုန့်နှင့်တို့ပြီး စားသောက်စေ၏။ ကလေးများသည် ဆာလောင်လွန်းသဖြင့် မြိန်ရှက်စွာ စားသောက်ကြ၏။ သတင်းထောက် ဝင်းစိုးသည် မကြာဖြူ၏အပြုအမူကို မကြည်ဖြူဟန်ဖြင့် ရပ်ကြည့်၍ ...

"အစ်မကိုကြည့်ရတာ ဒီလူတွေနဲ့ အမျိုးတော်တာကျနေတာပဲ၊ အောက်တန်းစားတွေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မကြာဖြူက ...

"လူတွေအားလုံးကို ကိုယ့်အမျိုးလို သဘောထားရင် သူ တစ်ပါးအပေါ် ကြင်နာသနားတဲ့စိတ်တွေ ဖြစ်ပေါ်လာလိမ့်မယ်"

ဟု ပြောလေ၏။ မကြာဖြူ၏ အဖျားဖြတ်ဆေးကြောင့် ဖျားနေသော မိန်းမသည် အနည်းငယ် သက်သာလာလေ၏။

မကြာဖြူသည် အဖျားသက်သာလာသော မိန်းမအား ဆန်ပြုတ်ပန်းကန်ကိုယူ၍ ကိုယ်တိုင်တိုက်ကျွေး၏။

ထိုမိန်းမသည် မကြာဖြူကို ကျေးဇူးတင်လွန်းသဖြင့် ...

"အစ်မတော့ ကိုယ့်ကံကြမ္မာကို ဘယ်လိုယုံရမှန်း မသိပါဘူး၊ ညီမလေးက နတ်သမီးလေး လူယောင်ဖန်ဆင်းလာသလား အောက်မေ့ရတယ်"

ဟု ပြောလေရာ မကြာဖြူက ရယ်မော၍ ...





"နတ်သမီး မဟုတ်ပါဘူး အစ်မရယ်၊ လူအစစ်ပါ၊ ဒါနဲ့ နေပါဦး၊ အစ်မနာမည် ဘယ်လိုခေါ်သလဲ၊ ဘာကြောင့် ဒီလို ဒုက္ခတွေပင်လယ်ဝေနေရတာလဲ"

ဟု မေးမြန်းလေ၏။

မကြာဖြူ၏အမေးကြောင့် ထိုမိန်းမက သက်ပြင်းချ၍ ...

"အစ်မနာမည် မမြညွန့်လို့ ခေါ်တယ်၊ အစ်မယောက်ျား ဆုံးပြီးတော့ ကားဂိတ်မှာ ရာသီပေါ်သီးနှံလေးတွေ ရောင်းတဲ့အလုပ်နဲ့ အသက်မွေးပါတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကစပြီး မိုးတွေမိပြီး အစ်မအဖျားရောဂါဖြစ်ခဲ့တယ်၊ အစ်မကိုယ်စား ဈေးသွားရောင်းတဲ့ သမီးလေးလည်း ခြေထောက်ကို သံစူးပြီး ညီမမြင်တဲ့အတိုင်း ဖြစ်ခဲ့တယ်၊ ကျန်တဲ့ ကလေးမလေးကတော့ အဟာရပြတ်နေတာပါ၊ သူ့ရဲ့ကျန်းမာရေး ကောင်းရှာပါတယ်"

ဟု ပြောလေရာ မကြာဖြူက ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ကာ ခရီးသွားတွေပါ၊ မမျှော်လင့်ဘဲ အစ်မတို့ မိသားစု ဒုက္ခရောက်နေတာမြင်လို့ ဝင်ပြီးကူညီပေးတာပါ၊ ကျွန်မနာမည် မကြာဖြူလို့ ခေါ်တယ်၊ ကျွန်မမိတ်ဆွေ နာမည်က ကိုဝင်းစိုးတဲ့၊ ကျွန်မတို့ အစ်မအိမ်မှာ တစ်ရက်နှစ်ရက်နေပြီးမှ ခရီးဆက်တော့မယ်"

ဟု ပြောလေ၏။ ထိုအခါ မမြညွန့်ဆိုသော မိန်းမက ...

"ဝမ်းသာလိုက်တာ ညီမရယ်၊ အစ်မတော့ အဖျားတက်ပြီး ကယ်သူ မရှိလို့ ကိုယ့်ကိုယ်ကိုယ် သေပြီလို့ မှတ်နေတာ"

ဟု ဝမ်းသာအားရ ပြောလေ၏။ မကြာဖြူသည် ဆင်းရဲနွမ်းပါးသော မိသားစု၏ အိမ်ကလေး၌ပင် ညအိပ်လိုက်လေတော့၏။

ဝင်းစိုးသည် မကြာဖြူ၏စိတ်ဓာတ်ကို နားမလည်နိုင်အောင် ဖြစ်မိလေ၏။ မကြာဖြူသည် နောက်တစ်နေ့သို့ရောက်သောအခါ မြို့ပေါ်ရှိဈေးသို့ သူမကိုယ်တိုင်သွားကာ ဆင်းရဲနွမ်း





ပါးသော မိသားစုကို ချက်ပြုတ်ကျွေးမွေးလေ၏။ ထိုနေ့ညနေမှာပင် မမြညွန့်ဆိုသော မိန်းမသည် အဖျားရောဂါ လုံးဝပျောက်ကင်းသွားလေ၏။ မကြာဖြူသည် မြို့ပေါ်ရှိဈေးမှ ကလေးများအတွက် အဝတ်အထည်များနှင့် အခြားလိုအပ်သော အသုံးအဆောင်များကိုလည်း ဝယ်ယူပေးခဲ့လေ၏။

ကလေးနှစ်ဦးသည် အဝတ်သစ်များကို ဝတ်ဆင်ရသဖြင့် လွန်စွာပျော်ရွှင်နေလေ၏။

မကြာဖြူသည် အိမ်၌ နှစ်ညတိတိအိပ်စက်ပြီး နောက်တစ်နေ့နံနက်တွင် ဆင်းရဲသားမိသားစုထံမှ ထွက်ခွာခဲ့လေ၏။ မကြာဖြူ သွားကာနီးတွင် မိမိ၌ပါသော ငွေအနည်းငယ်ကို ဆင်းရဲသားမိသားစုအား လှူဒါန်းခဲ့လေ၏။

မမြညွန့်နှင့် ကလေးနှစ်ဦးသည် မကြာဖြူသွားကာနီးတွင် မျက်ရည်လည်ပြီး ကျန်ရစ်ခဲ့လေ၏။

မမြညွန့်သည် မကြာဖြူကို ကျေးဇူးတင်လွန်း၍ အမှတ်တရ ကြည့်ရှုရန် မကြာဖြူ၏ ဓာတ်ပုံလေးတစ်ပုံကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းထားလေ၏။ မမြညွန့်က "ညီမလေးရဲ့ဓာတ်ပုံကိုကြည့်ပြီး အစ်မ ဘုရားရှိခိုးတိုင်း မေတ္တာပို့ပေးမယ်"ဟု ပြောလေ၏။ မကြာဖြူတို့ကား ထွက်ခွာသွားသောအခါ မမြညွန့်တို့မိသားစုသည် ဝမ်းပန်းတနည်း ရှိုက်ငိုပြီး ကျန်ရစ်ခဲ့လေ၏။

သတင်းထောက်လူငယ် ဝင်းစိုးသည် ကားထွက်သောအခါမှပင် မျက်နှာရွှင်လန်းလာပြီး ...

"အစ်မကတော့ စံပဲဗျား၊ သွေးမတော် သားမစပ်တဲ့အိမ်မှာ သွားပြီး ကူညီပေးနိုင်တယ်၊ ကျုပ်တော့ သူတို့နဲ့နေရတာ ပျင်းလိုက်တာဗျာ၊ ကားပေါ်ရောက်မှ စိတ်ချမ်းသာရတယ်"

ဟု ပြောလေရာ မကြာဖြူက ဝင်းစိုးကိုကြည့်၍ ...

"နင့်မှာတစ်ကိုယ်ကောင်းစိတ်တွေ သိပ်များနေတယ်၊ လျှော့လိုက်ဦး၊ ဒီမိသားစုဟာ ငါတို့နဲ့မတွေ့ရင် ဒုက္ခတွေအများကြီး ကြုံတွေ့သွားနိုင်တယ်၊ ငါတို့ကြောင့် သူတို့အေးချမ်းသာယာစွာ နေထိုင်ရတာကိုကြည့်ပြီး ငါတော့ ပီတိဖြစ်လို့မဆုံးဘူး၊ လောကမှာ ပီတိဆိုတာ စားလို့တော့မရဘူး





ဒါပေမဲ့ ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့စေတာယ်ဟဲ့၊ နင်လိုလူကတော့ ဘယ်တော့မှ ပျော်ရွှင်ချမ်းမြေ့မှုကို ရမှာမဟုတ်ဘူး"

ဟုပြောရင်း ကားလမ်းတစ်နေရာသို့ကြည့်ကာ ...

"ဟိုးရှေ့မှာ လူတွေအုံနေတယ်၊ ကားတိုက်တာလား မသိဘူး၊ ကားရပ်ကြည့်ရအောင်"

ဟု ပြောလိုက်ရာ ဝင်းစိုးသည် ကားကိုအရှိန်သတ်၍ ရပ်ပေးလေ၏။

မကြာဖြူသည် သတင်းထောက်ပီပီ ကင်မရာကိုလည်း တစ်ပါတည်း ယူဆောင်သွားလေ၏။ မကြာဖြူ လူအုပ်ထဲသို့ တိုးဝင်၍ ကြည့်လိုက်သောအခါ ကားတစ်စီးသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်ပြီး သစ်ပင်ကိုဝင်တိုက်ကာ ကားပေါ်ရှိလူမှာ ပွဲချင်းပြီး သေဆုံးသွားသည်ဆို၏။

မကြာဖြူသည် သေဆုံးနေသူကို အနီးကပ်ကြည့်လိုက်သောအခါ ဆင်းရဲသားများကို အလွန်မုန်းတီးသော ကုလား



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဖြစ်နေကြောင်း တွေ့ရ၏။ ဆင်းရဲသားများကို အလွန်မုန်းတီးရွံရှာသည်ဆိုသော ကုလားဆရာဝန်ကြီးသည် ဆင်းရဲသားများ၏အလယ်၌ အသက်ပျောက်နေလေ၏။ ဘဝသည် အံ့ဩဖွယ်ကောင်းလွန်းပေစွ၊ မကြာဖြူက အနီး၌ရှိသော ဝင်းစိုးဘက်သို့လှည့်၍ ...

"နင်လည်း ဆင်းရဲသားတွေကို လူတန်းစားသိပ်ခွဲတယ်၊ ဒေါက်တာကြီးကို ကြည့်ထား"

ဟု ဆိုလိုက်ရာ ဝင်းစိုးသည် အထိတ်တလန့် လက်ကာ၍ "အမယ်လေး၊ လူတန်းစား မခွဲတော့ပါဘူး" ဟု ပြောလေ၏။

မကြာဖြူတို့သည် ခရီးလမ်းတလျှောက်လုံး ငွေခင်နှင့် ကားနက်ကြီး၏ သဲလွန်စကို မေးမြန်းစုံစမ်းသွားလေ၏။ ထမင်းဆိုင်တစ်ဆိုင်ရှိ စားပွဲထိုးလူငယ်များက "ကားနက်ကြီးကို မောင်းလာတဲ့ အစ်မက သိပ်လှတယ်၊ သူ့ကို ကျွန်တော်တို့ တွေ့လိုက်တယ်"ဟု ပြောလေ၏။





ခေါက်ဆွဲဆိုင်တစ်ဆိုင်ရှိ စားပွဲထိုးတစ်ဦးကလည်း "ကျွန်တော်တို့ဆိုင်မှာ ကားခဏရပ်ပြီးတော့ ကားထဲကိုကြည့်ဖို့ ရေတောင်းသွားတယ်၊ ကျုပ်တစ်သက်မှာ မိန်းမကားမောင်းသွားတာ ဒီတစ်ကြိမ်ပဲ မြင်ဖူးသေးတယ်၊ အဲဒီအစ်မကြီးက ချောလိုက်တာဗျာ၊ ကားကလည်း အနက်ကြီးဗျ၊ သိပ်ကောင်းတာပဲ"

ဟု ပြောလေ၏။ မကြာဖြူတို့သည် ထိုခေါက်ဆွဲဆိုင်၌ပင် ဝင်ရောက်၍ နေ့လယ်စာ စားသောက်လိုက်ကြ၏။

ဝင်းစိုးက ခေါက်ဆွဲကြော်စားရင်း "အစ်မရဲ့ညီမဟာ ဒီမြို့တွေအထိတော့ ရောက်လာခဲ့တယ်"ဟု ပြောလေရာ မကြာဖြူက ခေါင်းညိတ်၍ ...

"ငါတို့ သာစည်ကိုကျော်ပြီး သွားကြည့်ကြမယ်၊ သာစည်ဟာ ငါတို့ရဲ့ အဓိကဆုံမှတ်နေရာပဲ၊ ငါတို့ ငွေခင့်ကို သာစည်ပတ်ဝန်းကျင်မှာ ပိုက်စိပ်တိုက်ပြီး ရှာဖွေရမယ်"

ဟုဆိုကာ သာစည်ကို ကျော်လွန်ပြီး အသေးစိတ်စုံစမ်းသွားလေ၏။ ၎င်းတို့သည် ညသို့ရောက်သောအခါ သာစည်



www.burmeseclassic.com

www.burmeseclassic.com



ဖြို့၍ပင် ညအိပ်လိုက်ကြ၏။ ထိုညက မကြာဖြူသည် ငွေခင်နှင့် ပတ်သက်၍ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။

ငွေခင်သည် လေထဲတွင် ဝဲပျံနေသကဲ့သို့ သူမ၏ ဆံနွယ်များလည်း လွင့်မျောနေပြီး အစ်မရယ် ကျွန်မမှားသွားပါတယ်၊ ခွင့်လွှတ်ပါ အစ်မရယ်ဟု တောင်းပန်နေလေ၏။ မကြာဖြူသည် ငွေခင်ကိုကြည့်၍ ဝမ်းပန်းတနည်း ဖြစ်ပေါ်လာပြီး "ညီမလေး ဘယ်မှာလဲ၊ အစ်မကိုပြောပါ၊ ဘယ်မှာလဲဟင်" မေးမြန်းနေချိန်မှာပင် အိပ်မက်မှ လန့်နိုးသွားလေ၏။

မကြာဖြူ၏ တစ်ကိုယ်လုံး ချွေးများထွက်နေပြီး မောဟိုက်နွမ်းနယ်နေလေ၏။

မကြာဖြူသည် ငွေခင်ကို အိပ်မက်ထဲတွင် မြင်မက်သဖြင့် မကြာမီ သူမကို တွေ့ရတော့မည်ထင်၏။

ငွေခင် သေးအန္တရာယ် ကျရောက်နေလေသလား။

နောက်တစ်နေ့သို့ ရောက်သောအခါ ဝင်းစိုးက အံ့သြထိတ်လန့်ဟန်ဖြင့် ...





"ခင်ရှားညီမ မငွေခင်ကို ကျုပ် အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ မငွေခင်ဟာ ရေကန်ကြီးတစ်ကန်ထဲမှာ ရောက်နေသလိုပဲ၊ သူ့ဆံပင်တွေ လေထဲမှာလွင့်ပျံနေတယ်"

ဟု ပြောလေရာ မကြာဖြူသည် မျက်မှောင်ကြုတ်၍ မိမိညက အိပ်မက်ကို ပြန်လည်မြင်ယောင်မိပြီး ...

"ငါညတုန်းက ငွေခင့်ကို လေထဲမှာ လွင့်ပျံနေတယ်လို့ အိပ်မက် မက်တာ ဟုတ်ရဲ့လား၊ ရေထဲမှာ မျောလွင့်နေတာပဲလား"

ဟု တွေးမိလေ၏။ အတန်ကြာသောအခါ မကြာဖြူက သက်ပြင်းချ၍ ...

"ငါတို့ ငွေခင်ရှိတဲ့နေရာနဲ့ တဖြည်းဖြည်း နီးလာပြီထင်တာပဲ၊ ငွေခင်က ငါတို့ကို စောင့်ကြိုနေပြီ"

ဟု ပြောကာ ညီမဖြစ်သူကို ရှာဖွေရန် စောင်ထွက်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာဖြူသည် ငွေခင်ကို အနီးပတ်ဝန်းကျင်၌ တွေ့ဆုံနိုင်မည်ဟု မျှော်လင့်ကာ လမ်းမကြီးအတိုင်း ကားကို အမြန်အလျှန် မောင်းနှင်နိုင်းနေလေ၏။

ဝင်းစိုးသည် ထိုသို့မောင်းနှင်နိုင်းခြင်းကို မကျေနပ်သော်လည်း မိမိထက် အတွေ့အကြုံများသော မကြာဖြူကို နှုတ်လှန်မထိုးဝံ့၍ ငြိမ်နေလိုက်၏။

သူသည် ဤခရီးကို စိတ်မပါဘဲ လိုက်လာရသူဖြစ်၏။ ငွေခင် ဆိုသော မိန်းမသည် သူဌေးကြီး၏ငွေများကို ခိုးယူပြီး တစ်ဖက်နိုင်ငံဘက်သို့ ရောက်သွားပြီ ထင်မိ၏။

မကြာဖြူကမူ မျက်လုံးကိုမှိတ်၍ တစ်စုံတစ်ရာကို လေးလေးနက်နက်တွေးပြီး ကားနှင့်လိုက်ပါလာ၏။

မကြာဖြူသည် မျက်လုံးမှိတ်၍ လေးနက်စွာ စဉ်းစားရသည်မှာ အချိန်များစွာ ကြာမြင့်ခဲ့ချေပြီ။

သူမသည် ထိုသို့စဉ်းစားနေရင်း ကျယ်လောင်သော အသံဖြင့် "ကားကိုရပ်လိုက်"ဟု အော်ဟစ်လိုက်၏။



ထိုအခါ ကားမောင်းရင်း အတွေးနယ်ချဲ့နေသော ဝင်းစိုးသည် ကားဘရိတ်ကို ဆောင့်နင်းချလိုက်လေ၏။

ကားသည် ကတ္တရာလမ်းနှင့် တာယာပွတ်တိုက်သံ ကျယ်လောင်စွာ မြည်ဟီးပြီး ရပ်တန့်သွားလေ၏။

ကားရပ်သွားသောအခါ ဝင်းစိုးက မကြာဖြူကို စိတ်ပျက်ဟန်ဖြင့်ကြည့်၍ ...

"ဘယ်လိုဖြစ်တာလဲဗျာ၊ ခင်ဗျား အိပ်မက် မက်ပြီး အော်ဟစ်လိုက်တာလား၊ ကျုပ်ကလည်း လန့်ပြီးတော့ ကားဘရိတ်ကို ဆောင့်နင်းလိုက်တာပေါ့"

ဟု ပြောလေရာ မကြာဖြူက နားမလည်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး ...

"ငါ့ရင်ထဲမှာ ငွေခင်နဲ့ပတ်သက်တဲ့ ခံစားမှုတစ်မျိုးပေါ်လာလို့ ကားရပ်နိုင်းလိုက်ရတာပဲ၊ ကား ဒီနားကိုရောက်တော့ ငွေခင်ရဲ့ 'အစ်မရေ၊ အစ်မရေ'ဆိုတဲ့ ခေါ်သံကို ကြားလိုက်ရသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဝင်းနိုးက စိတ်ပျက်လက်ပျက် ခေါင်းခါယမ်း၍ ...

"ကျုပ်တော့ မှုထင်တော့ဘူးဗျာ၊ ငွေခင်ဆိုတဲ့ မိန်းမကိုရှာဖို့မလွယ်တော့ဘူး၊ သဲလွန်စပျောက်နေပြီ"

ဟု ပြောလေ၏။

မကြာဖြူသည် ဝင်းနိုး၏ ညှိုးဖျင်းလှသော စိတ်ဓာတ်ကို သဘောမကျဘဲ သက်ပြင်းချ၍ ...

"သူဌေးဦးဘထွားက နင့်လို မျှော်လင့်ချက် မရှိတဲ့သူကို အထင်ကြီးတာ သိပ်မှားသွားပြီ"

ဟု ဆိုလိုက်ရာ ဝင်းနိုးက မျက်နှာရှုံ့မဲ့၍ ...

"ခင်ဗျားကို ကိုယ့်အထက်ကလူမို့လို့ မဝေဖန်ခဲ့ဘူး၊ တကယ်တော့ အစ်မက ကိုယ်ညီမဆိုတဲ့ အတ္တစွဲနဲ့ သတင်းကို လိုက်တယ်၊ သူဌေးဦးဘထွားကလည်း သတင်းဦး သတင်းထူးဆိုပြီး မဖြစ်နိုင်တာကို စိတ်ကူးနဲ့ ရူးနေတာပဲ၊ တကယ်တော့ မငွေခင်ကို ပြန်တွေ့ဖို့ဆိုတာ မလွယ်တော့ပါဘူး"





ဟု ပြောလေ၏။ မကြာဖြူက မိုးမြစ်ပြီး အတန်ကြာ ဟန်ဖြင့်ကြည့်၍ ...

"နင်ဟာ မကောင်းမြင်ဝါဒသမားပဲ၊ အကောင်းမြင်စိတ်နဲ့ ကြိုးစားဖန်တီးသူတွေကြောင့် ကမ္ဘာကြီး တိုးတက်ခဲ့ကြတယ်၊ အက်ဒီဆင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ မီးလုံးကို ရရှိဖို့အတွက် အကြိမ်ပေါင်းတစ်သောင်းကျော် စမ်းသပ်ခဲ့ရတယ်၊ သူ့ကြိုးပမ်းမှုကြောင့် လူသားတွေဟာ မီးလုံးရဲ့အလင်းရောင်ကို ရရှိခဲ့တယ်၊ နင်ဟာ ယောကျ်ားတစ်ယောက် မလုပ်သင့်ဘူး၊ ထဘီဝတ်ထားဖို့ ကောင်းတယ်"

ဟု ပြောလိုက်လေရာ ဝင်းနိုးသည် မျက်စိမျက်နှာပျက်သွားလေ၏။ မကြာဖြူက လမ်းဘေးဝဲယာကို ကြည့်ရှုရင်း ...

"ဒီနေရာမှာ ငါညီမရဲ့ခေါ်သံလိုလို ကြားလိုက်ရတယ်၊ ငါစိတ်ထင်တာလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ သဘာဝလောကကြီးမှာ မမြင်ရတဲ့အစွမ်းသတ္တိတွေ ရှိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟု ... လိုက်လို့မမီဘူး၊ ကားကိုနောက်ကို ဖြည်းဖြည်းချင်း ဆုတ်ကြည့်စမ်းပါ”

ဟု ပြောလိုက်ရာ ဝင်းစိုးသည် မျက်နှာမသာမယာဖြင့် ကားကို နောက်သို့ တဖြည်းဖြည်း ဆုတ်လေ၏။

ကားကို နောက်သို့ ဆုတ်သွားရာ တစ်နေရာသို့အရောက်တွင် လမ်းမကြီးမှ ခွဲထွက်သွားသော လမ်းခွဲတစ်ခုကို မမျှော်လင့်ဘဲ တွေ့မြင်ရသဖြင့် မကြာဖြူက “ရပ်”ဟု အော်ဟစ်လိုက်လေ၏။ သူမက လမ်းခွဲကိုကြည့်၍ ...

“မြူတွေထူထပ်လွန်းလို့ ဒီလမ်းခွဲကို တော်ရုံနဲ့ မမြင်နိုင်ဘူး၊ ဦးတိုင်းအုပ်ရဲ့တပည့်တွေ ကျော်သွားတာ ဖြစ်မယ်၊ ငါတို့ ဒီလမ်းခွဲကို ဝင်ကြရအောင်၊ လမ်းခွဲအဆုံးမှာ ဘာရှိသလဲ မသိဘူး”

ဟု ပြောလေရာ ဝင်းစိုးသည် စောဒကမတက်တော့ဘဲ ကားကို လမ်းခွဲအတွင်းသို့ ချိုးဝင်လိုက်၏။





လမ်းခွဲကလေးသည် မြေနီလမ်းဖြစ်ပြီး အတန်ကြာအောင် မောင်းနှင်ပြီးနောက် လမ်း၏တစ်ဖက်တစ်ချက်၌ သစ်တောများ ထူထပ်စွာ ပေါက်ရောက်နေလေ၏။

ဝင်းစိုးသည် ဂျစ်ကားကို စိတ်မပါဘဲ မောင်းနှင်နေရာမှ မကြာဖြူဘက်သို့လှည့်၍ ...

“ဘာမှမထူးဘူး၊ ပြန်လှည့်ကြမှာလား”

ဟု မေးမြန်းလေ၏။ မကြာဖြူက လက်ကာပြ၍ ...

“ဆက်မောင်း၊ လမ်းမဆုံးချင်း ပြန်မကွေ့နဲ့၊ ဒါငါ့အမိန့်ပဲ”

ဟု ပြောလိုက်ရာ ဝင်းစိုးသည် စိတ်မသက်သာဟန်ဖြင့် ဂျစ်ကားကို ဆက်လက်မောင်းနှင်လေ၏။

ထိုသို့မောင်းနှင်ရင်း ကျဉ်းမြောင်းကာ လမ်းသည် တဖြည်းဖြည်း ကျယ်ပြန့်လာ၏။

သစ်တောများလည်း တဖြည်းဖြည်း နည်းပါးလာ၏။ ထိုနောက် အနည်းငယ်မြင့်သော ကုန်းမြင့်တစ်ခုသို့တက်ပြီး ရေကန်ကြီး တစ်ကန်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာဖြူသည် ရောကန်ကြီးကိုကြည့်ရင်း ရင်ထဲတွင် ဆို့နင့်လာသကဲ့သို့ ခံစားရ၏။

ရေကန်ကြီးကို ကျော်လွန်သောအခါ ၎င်းတို့နှစ်ယောက်စလုံး အံ့ဩဖွယ်ရာ မြင်ကွင်းကို မြင်တွေ့လိုက်ရ၏။ မကြာဖြူက ...

"ဟင် ... တောခေါင်ခေါင်ကြီးမှာ ရှေးဟောင်းအိမ်ကြီးတစ်လုံးပါလား၊ အိမ်ကြီးရဲ့သက်တမ်းက တော်တော်ကြာနေပြီထင်တယ်၊ ဒီအိမ်ကြီးကို ဓာတ်ပုံရိုက်ပြီး သတင်းရေးရမယ်၊ ဒီအိမ်ကြီးမှာ ဘယ်လိုလူမျိုးတွေနေသလဲ မသိဘူး"

ဟု ပြောလေရာ ဝင်းနိုးက အိမ်အိုကြီးကို စိတ်ဝင်စားစွာကြည့်၍ ...

"ဒီအိမ်ကြီးမှာ လူမှနေထိုင်ရဲ့လား မသိဘူး၊ ရှေးတော်တော်ကျတယ်၊ ဟောင်းနွမ်းဆွေးမြည့်နေပြီ၊ မြန်မာဘုရင်တွေ လက်ထက်က မင်းဆွေမင်းမျိုးတွေ နေထိုင်တဲ့ အိမ်ကြီးလား"





ဟု မှန်းဆလေရာ မကြာဖြူက ...

"အိမ်ကြီးရဲ့တည်ဆောက်ထားတဲ့ ဗိသုကာလက်ရာက အရှေ့တိုင်းထက် အနောက်တိုင်း ပိုဆန်တယ်၊ အိမ်ကြီးဟာ ရဲတိုက်ကြီးနဲ့လည်း ဆင်တူတယ်၊ မြို့နဲ့မနီးတဲ့နေရာမှာ ဆောက်ထားတာ ဘာသဘောလဲ၊ ဘိုတဲ့ထိုသဘောမျိုးဖြစ်မယ်ထင်တယ်၊ ဒါမှမဟုတ် ရှမ်းပြည်နယ်ဘက်က စော်ဘွားတွေ ဆောက်ထားတာများလား"

ဟု ဆိုကာ ကားကို အိမ်ကြီးနှင့် မလှမ်းမကမ်း၌ ရပ်လိုက်လေ၏။ ထိုအခါ အိမ်ကြီး၏အနီး၌ အုတ်တန်းလျားတစ်ခုကို မြင်လေ၏။

ထိုတန်းလျားသည် အခန်းငယ်လေး(၈)ခန်းရှိပြီး အခန်းများအားလုံးကို သော့ခတ်ထားလေ၏။

ထိုတန်းလျားရှေ့၌ "မြယာမုံစာသင်းနိုင်ရှိပ်သာ" ဟူသော အမည်ကို တွေ့ရသဖြင့် နှစ်ယောက်စလုံး အံ့ဩသွားလေ၏။

ဝင်းနိုးက ...

www.burmeseclassic.com



"အံ့ဩစရာ ကောင်းတယ်ဗျာ၊ မြို့နဲ့ဒီလောက်ဝေးတဲ့နေရာမှာ တည်းခိုခန်း ဖွင့်ထားတာ ဘာသဘောလဲ၊ ဒီလိုနေရာများမှာဖွင့်ရင် ဘယ်သူလာတည်းမှာလဲဗျ"

ဟု ပြောလေရာ မကြာဖြူက ...

"အရင်က ဒီနေရာမှာ လူစည်ကားတဲ့ သတ္တုတွင်းလိုနေရာမျိုးရှိတယ် ထင်တယ်၊ ရှေးအိမ်ကြီးကတော့ ဘိုတဲဆန်ဆန်ဆောက်ထားတယ်၊ ဒါပေမဲ့ ငါတို့တွေ့ဖူးတဲ့ ဘိုတဲတွေထက် အများကြီး ခမ်းနားကြီးကျယ်တယ်၊ ဘာပဲဖြစ်ဖြစ် မြို့နဲ့အလှမ်းဝေးတဲ့အရပ်မှာ တည်းခိုအိမ်တစ်လုံးရှိနေတာ အလွန်ထူးခြားတယ်၊ ငါသာ ငွေခင် ဆိုရင်တော့ သူ့ယောက်ျားဦးတိုင်းအုပ်တို့လူစုရဲ့ရန်က လွတ်အောင် ဒီနေရာမျိုးမှာ ရှောင်ပုန်းနေမှာပဲ၊ သူလိုမိန်းကလေးတစ်ယောက်နဲ့ တန်ဖိုးကြီးတဲ့ ငွေထုပ်ကြီး ရှိနေတာ ဘယ်လောက်အန္တရာယ်များသလဲ စဉ်းစားကြည့်ပါ"





ဟု ပြောလေ၏။ မကြာဖြူ၏စကားကြောင့် ဝင်းမိုးက ရယ်မော၍ ...

"ခင်ဗျားက သိပ်ပြီးစိတ်ကူးယဉ်နေပြီ"

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် ရှေးအိမ်ကြီးဆီမှ လူတစ်ဦး လျှောက်လှမ်းလာ၏။ ထိုသူသည် လူလတ်ပိုင်းအရွယ် လူတစ်ယောက်ဖြစ်ပြီး ရှင်းနှင့် မတော်သော အညိုရောင်ဘောင်းဘီပွကြီးနှင့် ကွက်ကျားအင်္ကျီကြီးကို ဝတ်ဆင်ထားလေ၏။

ထိုသူသည် မကြာဖြူကို ပြူးကျယ်သော မျက်လုံးများဖြင့် ကြည့်၍ ...

"ဘာကိစ္စရှိလို့လဲ၊ ကျုပ် ဘာကူညီရမလဲ"

ဟု မေးမြန်းလိုက်လေ၏။ မကြာဖြူက ထိုသူ၏အမူအရာကို အကဲခတ်၍ ...

"ကျွန်မတို့ ဒီနေရာမှာ တည်းလို့ရမလား မသိဘူး"

ဟု မေးမြန်းလိုက်၏။

ထိုအခါ အူကြောင်ကြောင် အမူအရာရှိသောလူက ...



www.burmeseclassic.com

www.burmeseclassic.com



"မြို့နဲ့ဒီလောက်ဝေးတဲ့ နေရာမှာ ဘာလို့ တိုက်တိုက်ဆိုင် ဆိုင် လာတည်းကြတာလဲ"

ဟု မေးမြန်းလေ၏။ မကြာဖြူက သက်ပြင်းချ၍ ...

"ကျွန်မတို့ ခရီးသွားရင်း လမ်းမှားပြီး ဒီကိုရောက်လာတာ ပါ၊ ဒီနေရာကို ရောက်လက်စနဲ့ နားအေးပါးအေး တည်း ခိုချင်လို့ပါ၊ ကျွန်မတို့ လင်မယား ဒီမှာတည်းလို့ ရမှာ လား"

ဟု မေးမြန်းလိုက်၏။ မကြာဖြူ၏ စကားကြောင့် ဝင်းစိုးသည် ကြာဖြူ၏ မျက်နှာကို အံ့သြဟန်ဖြင့် ကြည့်လိုက်၏။

မကြာဖြူသည် အဘယ်ကြောင့် ၎င်းနှင့် မိမိကို လင်မယားဖြစ်သည်ဟု မိတ်ဆက်ပေးလိုက်သနည်း။

တည်းခိုအိမ်ရှိ ကြောင်စီစီလူသည် မကြာဖြူ၏ အမေး ကြောင့် စဉ်းစားဟန်ဖြင့် တွေဝေသွားပြီး ...

"ဖြစ်,ဖြစ်ပါတယ်ဗျာ၊ ခင်ဗျားတို့ ဘယ်နှရက်လောက် နေမှာလဲ"





ဟု မေးမြန်းလေ၏။

မကြာဖြူက မျက်မှောင်ကြုတ်၍ ...

"ကျွန်မတို့ ပျော်သလောက်နေမှာပေါ့ရှင်၊ စားရေးသောက် ရေးအတွက်ရော စီစဉ်ပေးမှာလား"

ဟု မေးမြန်းလိုက်ရာ ကြောင်စီစီလူက ...

"ကျုပ်တို့သားအမိ စားသလိုပဲ စားရမယ်ဗျား၊ တောထဲမှာ ဆိုတော့ အစားအသောက်တော့ သိပ်မကောင်းဘူးပေါ့ဗျာ၊ ခင်ဗျားတို့ သည်းခံပြီးစားမှဖြစ်မယ်"

ဟု ပြောလေ၏။ ဝင်းစိုးက သော့စော်တားသော တည်းခိုခန်းများကိုကြည့်၍ ...

"အခန်းတွေအားလုံး လူတည်းလို့ ရသလား"

ဟု မေးမြန်းလိုက်ရာ ကြောင်စီစီလူက ...

"အခန်းအားလုံးတော့ တည်းလို့မရပါဘူး၊ အခန်းနံပါတ် (၇)နဲ့ (၈)ပဲ တည်းလို့ရပါတယ်၊ တောထဲမှာ တည်းတဲ့သူ မလာတာ နှစ်တွေကြာပြီဗျ၊ အရင်တုန်းကတော့ ဒီအနီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအစိုးရရဲ့သတ္တုမိုင်း ရှိတဲ့အတွက် တရုတ်ကုန်သည်ကြီးတွေ ဝင်ထွက်သွားလာကြတယ်၊ နောက်တော့ သတ္တုမိုင်းကြီး ကောသွားတော့ ကုန်သည်တွေလည်း မလာတော့ဘူး"

ဟု ပြောလေရာ မကြာမြှုကာ ...

"တည်းခိုအိမ်တွေအနောက်က ရှေးအိမ်ကြီးက ဘယ်သူဆောက်ထားတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ကြောင်စီစီလှက ...

"ရှမ်းပြည်နယ်ဘက်က စော်ဘွားကြီးတွေ အမဲလိုက်ထွက်တဲ့အခါ တည်းခိုဖို့အတွက် ဆောက်ထားတာပါ၊ နောက်တော့ စော်ဘွားကြီးတွေ အမဲလိုက်မထွက်နိုင်တဲ့အခါ ကျုပ်မိခင်ကို ဒီအိမ်ကြီးကို အပိုင်ပေးသွားတာပဲ၊ ကျုပ်မိခင်က စော်ဘွားကြီးရဲ့ဟော်နန်းမှာ လှယ့်တော်အနေနဲ့ လုပ်ကိုင်ခဲ့ဖူးတယ်၊ အမေဟာ စော်ဘွားပေးသနားလိုက်တဲ့ ရှေးအိမ်ကြီးကို အလွန်မြတ်နိုးပြီး တန်ဖိုးထားခဲ့တယ်၊





နောက်တော့ သတ္တုမိုင်းကြီး အောင်မြင်လာတော့ စော်ဘွားကြီးအမဲလိုက်ထွက်တဲ့အခါ လချော်အောက်ယေယ်သားတွေ တည်းခိုလေ့ရှိတဲ့ အဆောင်ကို မြယမုံတည်းခိုရိပ်သာဆိုပြီး ဖွင့်ခဲ့တယ်၊ အမေဟာ တည်းခိုရိပ်သာဖွင့်ရတာကိုလည်း အလွန်သဘောကျတယ်၊ အမေရဲ့တည်းခိုရိပ်သာမှာ လာတည်းခိုတဲ့ တရုတ်ကုန်သည်ကြီးတွေဆိုရင် အမေ့တည်းခိုခန်းကို သိပ်ကြိုက်တာပေါ့"

ဟု ပြောလိုက်ရာ ဝင်းစိုးက တည်းခိုခန်းများကို ကြည့်၍ ...

"ခင်ဗျားရဲ့အခန်းက လူနေလို့ရအောင် သန့်ရှင်းမှုရှိရဲ့လား"

ဟု မေးမြန်းလေရာ ကြောင်စီစီလှက ...

"ရှိပါတယ်ဗျာ၊ အမေက တည်းခိုခန်းကို သိပ်ဂရုစိုက်တာ၊ သူ ကျန်းမာရေးမကောင်းလို့ မလာနိုင်ပေမယ့် တည်းခိုခန်းကိုတော့ အမြဲသန့်ရှင်းနေမှ သဘောကျတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ပြီးနောက် ထိုသူသည် တည်းခိုခန်းအမှတ်(၈)၏ တံခါးသော့ကိုဖွင့်၍ ...

"ကျုပ်နာမည် သူတော်လို့ ခေါ်တယ်၊ ခင်ဗျားတို့နာမည်တွေ ပြောပါဦး"

ဟု မေးမြန်းလေရာ မကြာဖြူက ...

"ကျွန်မနာမည် မကြာဖြူပါ၊ ကျွန်မယောက်ျားနာမည်က ဝင်းစိုးလို့ ခေါ်တယ်"

ဟု ပြောလေ၏။ တည်းခိုခန်းတံခါး ပွင့်သွားသောအခါ တောခေါင်ခေါင်၌ ဖွင့်ထားသော အခန်းဟူ၍ မထင်ရလောက်အောင် သန့်ရှင်းစင်ကြယ်ကြောင်း တွေ့ရ၏။ ရေချိုးခန်းမှာလည်း မြို့ပေါ်ရှိ တည်းခိုခန်းများကဲ့သို့ သန့်သန့်ရှင်းရှင်း ရှိနေ၏။

ထိုသူသည် အရေးအကြောင်းရှိလျှင် အိမ်အိုကြီး၌ ၎င်းရှိနေကြောင်း၊ တည်းခိုဆောင်အရှေ့မှ ခေါင်းလောင်းကြိုးကို ဆွဲနိုင်ကြောင်း၊ အရေးကြီးသောအချက်မှာ ဧည့်သည်များ ၎င်းတို့





သားအမိနေထိုင်သော ရှေးဟောင်းအိမ်ကြီးဘက်သို့ မလာရန်ဟု ပြောလေ၏။ မကြာဖြူက သူတော် ဆိုသူ၏စကားကြောင့် မျက်မှောင်ကြုတ်၍ ...

"အိမ်အိုကြီးဘက်ကို ဧည့်သည်တွေ မလာရဘူးဟုတ်လား၊ ဘာကြောင့်များပါလိမ့်"

ဟု မေးမြန်းလေ၏။ ထိုအခါ သူတော် ဆိုသူက သက်ပြင်းချ၍ ...

"ဘယ်လိုရှင်းပြရမလဲ မသိတော့ဘူး၊ ကျုပ်အမေရဲ့ဆန္ဒလို့သာ မှတ်ကြပါဗျာ၊ အမေက အသက်ကြီးတော့ နည်းနည်းသူငယ်ပြန်ချင်နေပြီ၊ လုပ်ချင်တာ တစ်ခွတ်ထိုး လုပ်တတ်တယ်၊ သူ့စိတ်ကလည်း အခုတစ်မျိုး၊ တော်ကြာတစ်မျိုးဗျ"

ဟု ပြောလေရာ ဝင်းစိုးက ဝင်ရောက်၍ ...

"ခင်ဗျားအမေက အသက်ဘယ်လောက်ရှိလို့လဲဗျ"

ဟု မေးမြန်းလေရာ သူတော်က ...



www.burmeseclassic.com

www.burmeseclassic.com



"အမေ့အသက်(၇၀)ကျော်ပြီဗျ၊ အမေဟာ အိမ်အိုကြီးရဲ့ ပြတင်းပေါက်ရှေ့က ပန်းကနုတ်ထိုင်ခုံကြီးမှာပဲ နေ့နေ့ ညည ထိုင်နေလေ့ရှိတယ်၊ အခန်းအပြင်ကိုထွက်ဖို့ ခေါ်ရင်လည်း မလိုက်ချင်တော့ဘူး၊ သူ့အခန်းကို လေကောင်းလေသန့်ရအောင် ညနေစောင်းရင် အမေ့အိပ်ခန်းက ပြတင်းပေါက်ကို ဖွင့်ပေးထားရတယ်၊ ညနေဆိုရင် ပြတင်းပေါက်မှာ ထိုင်နေတဲ့ ကျုပ်အမေကို ခင်ဗျားတို့ ဗိုးတိုးဝါးတား မြင်တွေ့ရလိမ့်မယ်"

ဟု ပြောကာ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် –

"ဟား ... ဒီနေ့ည ခင်ဗျားတို့ စားသောက်ဖို့ ကျုပ်သွားစီစဉ်ရဦးမယ်၊ ခွင့်ပြုပါဗျာ"

ဟု ပြောပြီး တည်းခိုခန်းထဲမှ ထွက်ခွာသွားလေ၏။

သူထော် ထွက်ခွာသွားသောအခါ မကြာဖြူသည် နှစ်ယောက်အိပ်ခုတင်ကြီးကို မျက်လုံးစေကြည့်၍ ...





"မင်းနဲ့ ငါ လင်မယားလို့ပြောပြီး တစ်ခန်းထဲ နေလိုက်တာက တောခေါင်ခေါင်က တည်းခိုအိမ်မှာ ဘယ်လိုအန္တရာယ်မျိုးနဲ့ ရင်ဆိုင်ရမလဲ မသိဘူး၊ တို့နှစ်ယောက်တကွဲတပြားနေတာထက်စာရင် တစ်ခန်းထဲမှာ အတူတူပေါင်းပြီးနေတာ ပိုကောင်းမယ် ထင်တယ်၊ ငါတို့နှစ်ယောက် ဒီအခန်းထဲမှာ မောင်နှမလိုပဲ သဘောထားပြီး နေကြတာပေါ့၊ ညဆိုရင် ငါက ခုတင်မှာအိပ်မယ်၊ မင်းကတော့ ခုတင်အနီးက ထိုင်ခုံရှည်ကြီးမှာ နှစ်လုံးကိုဆက်ပြီး အိပ်လို့ရတယ်"

ဟု ပြောလေရာ ဝင်းစိုးက ခေါင်းညိတ်၍ ...

"ခင်ဗျား သဘောကျသလိုလုပ်ပါ၊ ဒီလမ်းမှာ ခင်ဗျားက ကျုပ်အထက်ကလူပဲ"

ဟု မခံချိမခံသာ အမူအရာနှင့် ပြောလိုက်လေ၏။

မကြာဖြူသည် ပင်ပန်းလွန်းလှသဖြင့် ရေချိုးရန်ကြံစည်ပြီး ခရီးဆောင်အိတ်ထဲမှ အဝတ်များကိုယူ၍ ရေချိုးခန်းထဲသို့ ဝင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာဖြူ ရေချိုးပြီးသောအခါ အဝတ်အစားများကို ရေချိုးခန်းမှာပင် လဲလှယ်လိုက်၏။ ပြီးနောက် ဝင်းစိုးလည်း ရေချိုးခန်းထဲသို့ဝင်၍ ရေချိုးလေတော့၏။

မကြာဖြူသည် ဝင်းစိုး ရေချိုးနေစဉ် တည်းခိုခန်း အနှံ့သို့ လိုက်လံကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုရင်း တံခါးကျည်းပေါင်အကြားရှိ သွားကြားထိုးတံလေး တစ်ချောင်းကို ဆွဲထုတ်လိုက်ပြီး သွားကြားထိုးတံကိုကြည့်ကာ အလွန်စိတ်လှုပ်ရှားသွားပြီး ...

"ဒီမှာ ငွေခင် လာတည်းတာ ဖြစ်နိုင်တယ်၊ ဘုရား ... ဘုရား ... တိုက်ဆိုင်ဆိုင် ငွေခင်နဲ့ပါ ပြန်တွေ့နေရပြီ"

ဟု ရေရွတ်လိုက်မိ၏။

သွားကြားထိုးတံလေး၏ ထိပ်ဖျားကိုချိုးပြီး တံခါးကျည်းပေါင်ထဲတွင် ထိုးထည့်ထားလေ၏။

ငွေခင်သည် သွားကြားထိုးတံကို အသုံးပြုပြီးသည်နှင့် ထိပ်ဖျားကိုချိုးပြီးမှ စွန့်ပစ်လေ့ရှိ၏။





ယခု တည်းခိုခန်းထဲတွင်လည်း သွားကြားထိုးတံထိပ်ဖျားကို ချိုးထားသော အမှတ်အသားများကို တွေ့ရ၏။

မကြာဖြူသည် သွားကြားထိုးတံများကိုကြည့်၍ လွန်စွာစိတ်လှုပ်ရှားနေမိလေ၏။

ဤအခန်းလေးထဲ၌ ညီမဖြစ်သူ တည်းခိုသွားလေသလား။

ထိုစဉ်မှာပင် ဝင်းစိုးသည် ရေချိုးပြီး ပြန်ထွက်လာ၏။ မကြာဖြူက သွားကြားထိုးတံ အကျိုးလေးများကိုပြ၍ ငွေခင်၏ စရိုက်များကို ရှင်းလင်းပြလေ၏။ မကြာဖြူ၏စကားဆုံးသည်နှင့် ဝင်းစိုးက ရယ်မော၍ ...

"မဖြစ်နိုင်တာဗျာ၊ သွားကြားထိုးတံ အကျိုးတွေ့တိုင်း ခင်ဗျားညီမ ဖြစ်နိုင်ပါ့မလား၊ ကျုပ်လည်း သွားကြားထိုးပြီးရင် သွားကြားထိုးတံကို ချိုးလေ့ရှိတာပဲ"

ဟု ပြောလေ၏။ မကြာဖြူသည် ဝင်းစိုး၏စကားကြောင့် သက်ပြင်းချ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ဆိုင်မှုလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ငါတို့ ဒီစရီးကို ထွက်လာတာ ငါ့ညီမကို ပြန်တွေ့ဖို့ ကြိုးစားနေတာ၊ ဖြစ်နိုင်စရာရှိတဲ့ အချက်အလက်တွေကို ရှာဖွေရမှာပဲ၊ မင်း ဘာဖြစ်လို့ မကောင်းမြင်ဝါဒတွေ ဖုံးလွှမ်းနေတာလဲ"

ဟု ပြောလိုက်ရာ ဝင်းစိုးကရယ်မောစ၍ ...

"အစ်မ သိပ်စိတ်ကူးယဉ်နေလို့ ပြောနေတာ၊ သွားကြား ထိုးတံအကျိုးတွေ့တိုင်း ငွေခင် ဒီမှာရှိနေမှာလား"

ဟု ပြောလိုက်လေ၏။ မကြာခဏဖြူက အံကိုကြိတ်၍ ...

"ငွေခင်ဟာ သာစည်ဝန်းကျင်မှာ ရောက်သွားတာဟဲ့၊ သူဟာ ဒီနေရာမှာ ပုန်းနိုဖို့ အကောင်းဆုံးပဲ၊ ငါသာ ငွေခင်ဆိုရင် သူ့ယောကျ်ားလက်က လွတ်အောင် ဒီနေရာမှာ ပုန်းနိုနေမှာပဲ၊ ဘာပဲဖြစ်ဖြစ် သူတော် ဆိုတဲ့ လူလာရင် ငွေခင်နဲ့ပတ်သက်ပြီး စုံစမ်းရမှာပဲ"

ဟု ပြောလိုက်လေ၏။ ခဏကြာသော် တည်းခိုခန်းပိုင်ရှင် သူတော်သည် ခြင်းကြီးတစ်လုံးထဲသို့ စားသောက်ဖွယ်ရာ





များထည့်ကာ ၎င်းကိုယ်တိုင် ညစာပြင်ဆင်ပေးလေ၏။ ထိုသို့ ပြင်ဆင်နေစဉ် မကြာခဏဖြူက ...

"ကျွန်မတို့ ခရီးထွက်လာတာ မိန်းကလေးတစ်ယောက် ပျောက်နေလို့ပါ၊ သူက ကားတစ်စီးနဲ့ အိမ်ကထွက်သွားပြီး ပျောက်ဆုံးနေတယ်၊ ငွေခင်က ကျွန်မညီမလေး"

ဟု ပြောလိုက်ရာ တည်းခိုခန်းပိုင်ရှင် သူတော်ဆိုသူသည် ထမင်းပွဲ ဟင်းပွဲများကို ပြင်ဆင်နေရာမှ မသိမသာ တုန်ယင်သွားသည်ဟု ထင်မြင်မိလေ၏။ သူတော်က ဟင်းပန်းကန်ထဲသို့ ဖွန်းထည့်ရင်း ...

"အဲဒီမိန်းကလေး ငွေခင်က ဘယ်အရွယ်ရှိလို့လဲ၊ ချစ်သူရည်းစားတွေနဲ့ ခိုးရာလိုက်ပြေးသွားတာ မဟုတ်ဘူးလား"

ဟု မေးမြန်းလိုက်၏။ မကြာခဏဖြူက သူတော်ကို ချက်ခြင်းမပြတ်ကြည့်ရင်း ...

"ကျွန်မညီမက အပျိုမ မဟုတ်တော့၊ သူ့မှာ အိမ်ထောင်ကြီးနဲ့ ရှင်၊ သူမောင်းလာတဲ့ကားက သူ့အိမ်ထောင်ရဲ့ကားပေါ့"

www.burmeseclassic.com



ဟု ပြောလိုက်ရာ သူတော် ဆိုသူသည် သိသိသာသာဖြင့် ဆတ်ခနဲ တုန်ယင်သွားကြောင်း တွေ့ရ၏။ သူတော်သည် မိမိ၏စိတ်လှုပ်ရှားမှုကို သတိပြုမိသွားပြီး ...

"ဩော် ... အိမ်ကပျောက်သွားတယ်ဆိုတော့ ကလေးသာသာ အရွယ်ကလေး အောက်မေ့နေတာ၊ အိမ်ထောင်ရှိတယ်ဆိုတော့ အံ့ဩစရာ သိပ်ကောင်းနေပြီ၊ ငွေခင် ဆိုတဲ့မိန်းကလေးဟာ အိမ်ထောင်ကိုပစ်ပြီး ထွက်သွားတယ်ဆိုတော့ အံ့ဩလွန်းလို့ပါ၊ အစစအရာရာ စည်းစိမ်ချမ်းသာနဲ့ ပြည့်စုံနေတဲ့ မိန်းကလေးဟာ ဘာများ စိတ်ညစ်စရာ ရှိလို့လဲ"

ဟု ပြန်လည်ပြောဆိုလေ၏။ မကြာမြင့်သည် သူတော်ဆိုသူ၏ စိတ်လှုပ်ရှားမှုကို သတိပြုမိသွားသဖြင့် ၎င်းကို သင်္ကာမကင်း ဖြစ်မိ၏။

သူတော် ဆိုသူသည် အကြောင်းကြောင်း အမှုအရာရှိသော်လည်း သိသာယဖြစ်ဖွယ် ကောင်းလွန်းလှ၏။





ထို့ကြောင့် သူတော်ကို မေးခွန်းအမျိုးမျိုး မေးမြန်း၍ တောခေါင်ခေါင်၌ နေထိုင်ပုံကို စုစမ်းလေ၏။

သူတော်ဆိုသူက ...

"ကျုပ်ဘဝမှာ အမေဟာ အရေးအကြီးဆုံးပဲဗျ၊ အမေ့အတွက်လည်း ကျုပ်က မရှိမဖြစ်ပဲ၊ ကျုပ်မွေးဖွားလာတာက အမေ့အတွက် ပူးဆပ်ဖို့ မွေးဖွားလာသလိုပဲ၊ တကယ်တော့ တောခေါင်ခေါင်မှာ ကျုပ် မပျော်ပါဘူး မြို့ပေါ်မှာတက်ပြီး အေးအေးဆေးဆေး စီးပွားတစ်ခု လုပ်ချင်တယ်၊ ဒါပေမဲ့ အမေစိတ်ချမ်းသာတဲ့ အလုပ်ကို ကျုပ် လုပ်ပေးနေရတယ်၊ အမေဟာ တည်းခိုခန်း ဖွင့်ရတာကို သိပ်ပျော်တယ်၊ သူ့ရဲ့လုပ်ငန်းကိုလည်း သိပ်တန်ဖိုးထားတယ်၊ ဒီနေရာမှာ သစ္စာတွင်းမရှိတော့ဘူး ခေါင်သွားပြီ၊ ကျုပ်တို့ တည်းခိုခန်းကို ပိတ်ရတော့မယ် ဆိုတဲ့အချိန်ကပြီး အမေ စိတ်ထိခိုက်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲတော့တာပဲ၊ အမေ့အတွက် ကျုပ်မလုပ်ချင်တာကို လုပ်နေရတယ်၊ ကျုပ်ဘဝကို စတေးခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

မကြာဖြူသည် သူတော်၏စကားများကို ကပေါက်တိ ကပေါက်ချာ နိုင်သည်ဟု ခံစားရ၏။

ထိုသူသည် စိတ္တဇဆန်ဆန် စကားများကိုလည်း ပြောဆိုလေ့ရှိ၏။ မိခင်အပေါ် အလွန်အချစ်ကြီးသည့် အမှုအရာလည်း ဖြစ်၏။

ထိုသူ ပြန်သွားသောအခါ မကြာဖြူက ...

"ငါတော့ သူ့ကို လုံးဝမသင်္ကာဘူး၊ ငွေခင် ဒီကိုရောက်လာမယ်လို့ ငါထင်တယ်၊ ငွေခင် ပျောက်ဆုံးနေတာဟာ ဒီလူနဲ့ ဆက်စပ်နေလိမ့်မယ်"

ဟု ပြောလေရာ ဝင်းစိုးက ခေါင်းခါယမ်း၍ ...

"သူ့ကိုကြည့်တာ အူကြောင်ကြောင်ပုံစံပဲ၊ လုံးဝအထင်ကြီးစရာမရှိဘူး၊ အရူးတစ်ယောက်လို့တောင် ထင်ရတယ်၊ ဒီလိုလူမျိုးဟာ ဒုစရိုက်အလုပ်ကို လုပ်ပါ့မလား၊ သူဟာ ခင်ဗျားညီမဆီက ငွေသိန်းပေါင်းများစွာကို ရသွားတယ်





ဆိုရင် တောခေါင်ခေါင်က နေရာလေးမှာ အစုလို ဆင်းဆင်းရဲရဲ နေထိုင်ပါ့မလား။ ဒီမှာ မကြာဖြူ လက်တွေ့ကျကျ စဉ်းစားစမ်းပါဗျာ၊ ခင်ဗျားကို ဝေဖန်ရရင် ခင်ဗျားဟာ ညီမဖြစ်သူနဲ့ ပတ်သက်ပြီး အရာရာကို သံသယကြီးနေတယ်၊ လူတိုင်းကို ငွေခင်ရဲ့ရန်သူလို မြင်နေသလိုပဲ၊ ကြာရင် ကျုပ်တောင်မှ ငွေခင်ကို သတ်တဲ့ လူသတ်သမား ဖြစ်နေမှာလား မသိဘူး"

ဟု ပြောလေရာ မကြာဖြူက အံကိုကြိတ်၍ ...

"နင် ငါ့ကို ဘယ်လိုဝေဖန်ဝေဖန် ငါဂရုမစိုက်ဘူး၊ ငါ့ညီမနဲ့ ပတ်သက်လို့ကတော့ ငါ မရ,ရအောင် စုံစမ်းသွားရမှာပဲ၊ ငါ ရင်ထဲမှာ အလိုလို သိနေတယ်၊ ဒီနေရာကို ငါ့ညီမ ရောက်ကိုရောက်ခဲ့တယ်၊ နောက်ပြီးတော့ သူ ပျောက်ဆုံးသွားခဲ့တယ်"

ဟု ပြောလေ၏။ ထိုအခါ ဝင်းစိုးက မျက်မှောင်ကြုတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အကြောင်ကြောင်လူမျိုးဟာ အကွက်ချပြီး ရက်ရက်စက်စက် လုပ်မယ်မထင်ဘူး၊ ခင်ဗျား စဉ်းစားကြည့်ပါ၊ သူ့အမေပေါ်ထားတဲ့ သဘောထားတွေကို ကြည့်ရင် သိပ်ရှင်းတယ်၊ သူဟာ အမေကို သိပ်ချစ်တယ်၊ သူ့ဘဝမှာ အမေကလွဲရင် ဘာကိုမှ အရေးမကြီးသလိုပဲ၊ တောခေါင်ခေါင်က အိမ်အိုကြီးမှာ မိခင် စိတ်တိုင်းကျနေထိုင်ရာတဲ့ သားတစ်ယောက်ကို ခင်ဗျား မတရားစွပ်စွဲနေတယ်လို့ ထင်တယ်"

ဟု ပြောလေ၏။ မကြာဖြူသည် ဝင်းစိုး၏စကားကြောင့် တွေဝေသွားပြီး သက်ပြင်းရှည်ကြီးကိုချကာ ...

"ဘာပဲဖြစ်ဖြစ် ငါ မနက်ဖြန်ကစပြီး တဖြည်းဖြည်း စုံစမ်းသွားမယ်၊ သူ့ရဲ့အတ္တကြီးတဲ့ မိခင်ကြီးကိုလည်း ငါ မရ၊ ရအောင် စကားပြောကြည့်ချင်တယ်"

ဟု ပြောကာ စကားကို ဖြတ်လိုက်လေ၏။ ထို့နောက် မကြာဖြူသည် အိပ်စက်ရန် ခုတင်ပေါ်သို့ တက်လေ၏။





ထိုအခါ ဝင်းစိုးလည်း အခန်းထောင့်ရှိ ခုံနှစ်လုံးကို ဆက်ကာ ခေါင်းအုံးနှင့်စောင်ကိုယူပြီး အိပ်စက်လေ၏။

ထိုညက မကြာဖြူသည် တစ်ညလုံး အိပ်ရာမှနိုးလိုက် ပြန်အိပ်လိုက်နှင့် သံသရာလည်နေလေတော့၏။

နံနက်မိုးလင်းကာနီး၌ အိပ်ပျော်သွားပြီး ပြန်နိုးလာသောအခါ ဝင်းစိုးသည် အိပ်ရာမှနိုးလာသော မကြာဖြူကိုကြည့်၍...

"ခင်ဗျား အတော်အိပ်တာပဲ၊ ကျုပ်ကားကိုစက်နှိုးပြီး အနီးဝန်းကျင်ကို ကြည့်မလို့လုပ်နေတာ၊ ခေတ်ဆိုတော်တော်နည်းနေပြီ"

ဟု ပြောလေ၏။ မကြာဖြူ ရေချိုးခန်းထဲသို့ ဝင်ရောက်သွားသည်အထိ အိမ်ကြီးဘက်မှ လူသံသူသံ မကြားရချေ။

✱ ○ ✱



www.burmeseclassic.com

www.burmeseclassic.com



တိုအချိန်၌ ရှေးအိမ်ဟောင်းကြီး၏ မီးဖိုဆောင်၌ သူတော်သည် ထမင်းကြော်နှင့် ကြက်ဥကြော်ကို ပြင်ဆင်ရင်း စိတ်လှုပ်ရှားနေမိ၏။

သူ တစ်ညလုံး အိပ်မပျော်ဘဲ ရှိနေသဖြင့် မျက်လုံးများ ကျိန်းစပ်နေ၏။

ယခု ရောက်ရှိနေသူများမှာ မိမိအလွန်မြတ်နိုးသော ငွေခင်၏အစ်မလည်း ပါ၏။

၎င်းတို့သည် ငွေခင် ပျောက်ဆုံးသွားသဖြင့် လာရောက်ရှာဖွေနေသည်ဆို၏။ အတ္တကြီးသော မိခင်၏ရက်စက်မှုကြောင့် ပြဿနာများ ရင်ဆိုင်ရမှာ စိုးရိမ်နေမိ၏။





၎င်းတို့သည် ရေအိုင်ကြီးအောက်သို့ ရောက်ရှိသွားသော ငွေခင်နှင့် ကားနက်ကြီးကို မတွေ့ဘဲ အမြန်ဆုံး ဤအရပ်မှ ပြန်ပါစေဟူ၍ ဆုတောင်းနေမိ၏။

ညက ငွေခင်သည် အပျိုစင်မဟုတ် အိမ်ထောင်ရှိသည်ဟု ပြောဆိုခြင်းကို မိမိ ယုံကြည်ခြင်းမရှိချေ။

ငွေခင်၌အိမ်ထောင်ရှိလျှင် မိမိတို့ သူ့မိဘများထံသို့ လာရောက်တောင်းရမ်းရန် ငွေခင် ပြောဆိုလိမ့်မည် မထင်ချေ။

ငွေခင်၏အစ်မ မကြာဖြူ ဆိုသူသည် မိမိကို မုသားပြောခြင်း ဖြစ်တန်ရာ၏။

သူတော်သည် လိမ်ညာလှည့်ဖြားတတ်သော မိန်းမများကို မုန်းတီးသူဖြစ်သဖြင့် မကြာဖြူကို ရွံမုန်းသွား၏။

သူတော်သည် မိခင်ဖြစ်သူ၏ မှီခိုနေသော အိပ်ခန်းထဲသို့ ဆန်ပြုတ်ပန်းကန်ကို ဦးစွာသွားရောက်ပို့ဆောင်ပြီး မိခင်ကို ဆန်ပြုတ်တိုက်ရာ မိခင်သည် ဆန်ပြုတ်နှစ်ခွန်းခန့်သာ သောက်လေ၏။

[illegible] ခင်မ



www.burmeseclassic.com

www.burmeseclassic.com



မိခင်၏အစားအသောက် တဖြည်းဖြည်း နည်းပါးလာကြောင်း သတိပြုမိ၏။

သူတော်သည် မိခင်ကို မပြောမဖြစ်သဖြင့် မကြာဖြူတို့အကြောင်းကို ပြောပြလိုက်၏။

"အမေ့ရဲ့မိုက်ရူးရဲလုပ်ရပ်ဟာ ဘယ်လောက် အန္တရာယ်များသလဲဆိုတာ သိပြီလား၊ ငွေခင်ရဲ့အစ်မလင်မယားကျုပ်တို့ဆီမှာလာပြီး စုံစမ်းနေပြီ၊ သူတို့လင်မယားဟာ ရေအိုင်ကြီးထဲက မငွေခင်ရဲ့ကားနက်ကြီးကို တွေ့သွားရင် ကျုပ်တို့သားအမိတော့ ဘဝပျက်မှာပဲ"

ဟု ပြောပြီး မိခင်၏မျက်လုံးများမှ စကားအဓိပ္ပာယ်ကို ရှာဖွေကြည့်၏။ မိခင်၏မျက်လုံးများ အရောင်ပြောင်းလဲလေရာ သူတော်က ...

"ဗျာ ... အမေက ပြဿနာတစ်ခု မငြိမ်းသေးဘူး၊ နောက်ထပ် မီးထတောက်အောင် လုပ်နေပြန်ပြီ၊ ငွေခင်ကိုသတ်လို့ရသလို ဒီလူတွေကို အလွယ်တကူလုပ်လို့ ရမှာမဟုတ်





ဘူး၊ အမေ ဘာပဲဖြစ်ဖြစ် ဒီလိုမလုပ်ရဘူးနော်၊ ကျွန်လုံးဝလက်မခံဘူး၊ ရက်စက်ကြမ်းကြုတ်တာတွေ မလုပ်ပါနဲ့ဗျား အမေ အသက်ကြီးနေပြီ၊ အမေ ဆန်ပြုတ်တစ်ပန်းကန်တောင် ကုန်အောင်သောက်နိုင်လို့လား"

ဟု ပြောဆိုကာ မိခင်၏မျက်လုံးများကို ကြည့်ရှုပြန်၏။ မိခင်၏ပြောင်းလဲသွားသော မျက်လုံးကိုကြည့်၍ ...

"ကျုပ်တို့သားအမိရဲ့ အေးချမ်းသာယာမှုအတွက် အမေဘာမဆို လုပ်ရဲတယ် ဟုတ်လား၊ အရေးအကြီးဆုံးကကျုပ်တို့သားအမိ မခွဲမခွာဘဲ ဒီအရပ်မှာ ပျော်ပျော်ရွှင်ရွှင်နေဖို့ ဟုတ်လား၊ အမေပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ကျုပ်တို့က မင်းမဲ့တိုင်းပြည်မှာ နေတာမဟုတ်ဘူး၊ ဘာလုပ်လုပ် ဥပဒေဘောင်ထဲကပဲ လုပ်ကိုင်သင့်တယ်၊ ကျုပ်တို့ဘဝမှာ တစ်ခါပဲ မှားဖူးတယ်၊ အခု ပြဿနာက ကျုပ်တို့အနားကို ရောက်နေပြီ၊ ကျုပ် ဟန်ဆောင်ပြီး နေရတာအလွန်စက်တယ်ဗျ၊ ကျုပ် သူတို့ရဲ့မျက်လုံးတွေကို ရင်မ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရဲဘူး၊ သူတို့ မြန်မြန်ပြန်ပါစေလို့ပဲ ဆုတောင်းနေရတယ်”

ဟု ပြောကာ မိခင်၏အိပ်ခန်းထဲမှ ထွက်ခဲ့လေ၏။ သူတော်သည် ဧည့်သည်များထံသို့ နံနက်စာ သွားပို့ရန် ဝန်လေးနေ၏။

ဧည့်သည်နှစ်ဦးအနက် မကြာဖြူဆိုသော မိန်းမသည် မိမိအပေါ် သံသယ ဝင်နေသလားမသိ။

မကြာဖြူသည် မေးခွန်းပေါင်းများစွာကို တရစပ် မေးမြန်းနေ၏။

ဤမိန်းမသည် အလွန်လှသလောက် ကြောက်မက်ဖွယ် ကောင်းသည်ထင်၏။

* ⚪ *





မကြာဖြူသည် သူတော် ဆိုသူ ထမင်းကြော်လာပို့သောအခါ “အိမ်ကြီးမှာ ရှင်နဲ့ ရှင့်အမေ နှစ်ယောက်တည်းလား၊ ဒီပြင်အလုပ်သမား မရှိဘူးလား”ဟု မေးမြန်းကြည့်ရာ သူတော်က ၎င်းတို့နှစ်ယောက်သာရှိကြောင်း ပြောလေ၏။

ဝင်းစိုးသည် သူတော်ကို စိတ်မဝင်စားဘဲ အခန်းရှေ့ထွက်၍ ထိုင်နေလေ၏။

မကြာဖြူက သူတော်၏အမေကို တွေ့လိုကြောင်း ပြောဆိုသောအခါ သူတော်သည် မဖြစ်နိုင်ကြောင်း ခါးခါးသီးသီး ငြင်းဆန်လေ၏။

သူတော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အမေက ရောဂါသည်ကြီးဗျ၊ အခန်းထဲကနေ အပြင် မထွက်တာ နှစ်တွေအတော်ကြာနေပြီ၊ သူ့ရဲ့တစ်ကိုယ်ရေ သန့်ရှင်းရေးကိစ္စတွေကိုတောင် ကျုပ်တစ်ယောက်တည်း အခန်းထဲမှာ လုပ်ပေးနေရတာဗျ"

ဟု ပြောလေရာ မကြာဖြူက ...

"ဒါဆိုရင်လည်း ရှင့်အမေရဲ့အခန်းထဲကို ကျွန်မလိုက်ကြည့်ပြီး ပြုစုပေးချင်တယ်၊ ကျွန်မ ကုသိုလ်ယူချင်လို့ပါ"

ဟု ပြောလေရာ သူတော်က ခေါင်းခါယမ်း၍ ...

"မဖြစ်နိုင်ပါဘူးဗျာ၊ အမေက ကျုပ်ကလွဲပြီး ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဗျ၊ ခင်ဗျားကိုသာ ခေါ်သွားလိုက်ရင် ကျုပ်ကို စိတ်ဆိုးလို့ဆုံးမှာ မဟုတ်တော့ဘူး၊ နောက်ပြီးတော့ အမေ ရဲ့အိပ်ခန်းဆိုတာ အသွားအိုရဲ့အခန်းဆိုတော့ သေသေချာချာ လည်း ရှင်းလင်းလို့မရဘူး၊ မွှီစော်နံနေတာပဲ၊ ခင်ဗျားကို အားနာလို့ သိပ်ကောင်းပါတယ်"





ဟု ငြင်းဆန်လေရာ မကြာဖြူသည် သူတော်၏ မိခင်ကို လိုက်လံကြည့်ရှုရန် မဖြစ်နိုင်တော့ချေ။ သူတော်သည် ၎င်း၏မိခင်နှင့် လိုက်လံတွေ့ဆုံခြင်းကို မနှစ်သက်ရုံသာမက သူ၏ရှေးအိမ်ကြီးထဲသို့ ညသည်မလာရန် တားမြစ်ထားလေ၏။

သူတော်တို့သားအမိသည် လျှို့ဝှက်လွန်းလှသည် ထင်၏။

သူတော်က မကြာဖြူကိုကြည့်၍ ...

"ကျုပ်အမေက ညနေစောင်းရင်တော့ အိမ်ကြီးရဲ့တစ်ခု တည်းသော ပြတင်းပေါက်ကို ဖွင့်ပြီးတော့ ပတ်ဝန်းကျင် ကို ကြည့်လေ့ရှိတယ်၊ ခင်ဗျားတို့ တည်းခိုဆောင်က လှမ်းကြည့်ရင် ကျုပ်အမေ ထိုင်ခုံမှာ ထိုင်နေတာကို ဝိုးတဝါး မြင်ရလိမ့်မယ်"

ဟု ပြောလေရာ မကြာဖြူသည် ညနေရောက်သော အခါ သူတော်၏မိခင်ကြီးကို သတိထားကြည့်ရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းနိုးသည် နံနက်စာကို စားသောက်ပြီးနောက် ပတ်ဝန်းကျင်အနှံ့ လမ်းလျှောက်ပြီး ပြန်လာကာ ပျင်းသည်ဟု ညည်းညူနေလေ၏။

မကြာဖြူသည် ညနေရောက်ရန်သာ စိတ်စောနေမိ၏။ နေ့လယ်သို့ရောက်သောအခါ သူတော်သည် နေ့လယ်စာကို ခြင်းတောင်းဖြင့် လာရောက်ပို့ဆောင်ပေးရင်း မကြာဖြူတို့ ဤတည်းခိုရိပ်သာ၌ မည်မျှနေမည်နည်းဟု မေးမြန်းလေ၏။

၎င်း၏မေးခွန်းသည် မိမိတို့အား ဤအရပ်၌ ထားချင်ပုံမရသဖြင့် မေးမြန်းခြင်းဖြစ်ကြောင်း ရိပ်စားမိသဖြင့် သူတော်တို့သားအမိကို ပိုမို၍ သံသယဖြစ်နေမိ၏။

ဝင်းနိုးကမူ ဤနေရာ၌ နောက်တစ်ရက် နှစ်ရက်ဆက်နေလျှင် ပျင်းလို့သေမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

မကြာဖြူသည် ဝင်းနိုးကို အဖော်ခေါ်ခဲ့ခြင်းအတွက် များစွာနောင်တရမိ၏။





ဝင်းနိုးသည် သူမအတွက် တစ်ချိန်လုံး အနှောင့်အယှက် ဖြစ်နေ၏။

ငွေခင် ပျောက်ဆုံးသွားခြင်းအတွက် သဲလွန်စရှာဖွေရန် ရက်ပေါင်းများစွာ ကြာမြင့်မည်ဟု ထင်မြင်သော်လည်း ယခုအချိန်တိုလေးအတွင်း ငွေခင်၏ သဲလွန်စကို ရရှိနေချေပြီ။

မကြာဖြူသည် ညနေစောင်းအချိန်၌ အိမ်ကြီးဆီသို့ စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်နေလေ၏။

ထိုအခိုက်မှာပင် အိမ်ကြီးဆီမှ ပြတင်းပေါက်ပွင့်သွားပြီး ပြတင်းပေါက်၌ အနီရောင်အင်္ကျီဝတ်ထားသော မိန်းမကြီးတစ်ယောက် ထိုင်နေကြောင်း တွေ့လိုက်ရလေ၏။

မကြာဖြူသည် အိမ်ကြီးနှင့် တည်းခိုခန်း ဝေးကွာနေသဖြင့် မိန်းမကြီး၏ပုံရိပ်ကို သဲသဲကွဲကွဲ မမြင်ရချေ။

သူမသည် မိန်းမကြီး၏ပုံရိပ်ကို ပိုမိုမြင်တွေ့နိုင်ရန် တည်းခိုရိပ်သာမှထွက်၍ အိမ်ကြီးနှင့် အတော်အတန်နီးသေးနေရာသို့ လျှောက်လှမ်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အိမ်ကြီးနှင့် ပိုမိုနီးကပ်သွားသော်လည်း မိန်းမကြီးသည် ပြတင်းပေါက်အနောက် အမှောင်ရိပ်ကျသော နေရာ၌ ရောက်နေသဖြင့် သူမ၏မျက်နှာကို သဲသဲကွဲကွဲ မမြင်ရချေ။

မကြာဖြူသည် မိန်းမကြီးမျက်နှာကို မြင်တွေ့ရန် စိတ်လျှော့လိုက်ပြီး တည်းခိုရိပ်သာဘက်သို့ ပြန်ထွက်လာခဲ့၏။

ထိုနေ့ညစာကို သူတော်က ကြက်သားဆီပြန်ဟင်းနှင့် ချဉ်ပေါင်ရွက်ဟင်းချို၊ ငါးပိထောင်းတို့ဖြင့် ဖွယ်ဖွယ်ရာရာ စီစဉ်ပေးလေ၏။

ဝင်းစိုးသည် ညစာကို တဝတပြ စားသောက်ပြီးနောက် ...

"ကဲ ... ဘယ်လိုလဲ မကြာဖြူ၊ ခင်ဗျားနဲ့အတူ ကျုပ် ဒီမှာဆက်ပြီး ဘယ်နရက် ဒုက္ခခံပြီး နေရဦးမှာလဲ၊ ကျုပ် တော့မခံနိုင်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ် ပြန်ချင်ပြီ"

ဟု ပြောလေရာ မကြာဖြူက ...





"ရှင့်ကို ကျွန်မနောက် လိုက်ရမယ်လို့ သူဌေးဦးဘထွားက တာဝန်ပေးထားတာ မဟုတ်လား"

ဟု ပြောလေရာ ဝင်းစိုးက အံကိုကြိတ်၍ ...

"ဘာပဲဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ဘူး၊ ဦးဘထွား မကျေနပ်ရင် ကျုပ်ကို အလုပ်ထုတ်ပစ်ပါစေ၊ ကျုပ် သည်းမခံနိုင်တော့ဘူး"

ဟု ပြောလေ၏။

မကြာဖြူက ခေါင်းညိတ်၍ ...

"ကောင်းပြီ၊ ဒါဆိုရင် ရှင် မနက်ဖြန် ပြန်နိုင်တယ်၊ ကျွန်မကတော့ ဒီမှာဆက်ပြီး နေခဲ့ဦးမယ်၊ ကျွန်မညီမရဲ့ သဲလွန်စကို မရမချင်း မပြန်ဘူး"

ဟု ပြောလေရာ ဝင်းစိုးသည် အံကိုကြိတ်၍ —

"ကောင်းပြီ၊ ကျုပ် သုံးရက်ပြည့်အောင် ဆက်နေမယ်၊ နောက်သုံးရက်ပြည့်လို့မှ အကြောင်းမထူးရင်၊ ကျုပ်ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ မကြာဖြူသည် ဝင်းစိုးကိုစကား မပြန်ဘဲ ညီမဖြစ်သူ၏အရေးနှင့် ပတ်သက်၍သာ အတွေးနယ်ချဲ့နေမိ၏။

သူတော်တို့သားအမိ နေထိုင်ရာ ရှေးဟောင်းအိမ်ကြီးသို့ သူမကိုယ်တိုင် သွားရောက်ကြည့်ရှုလိုလှ၏။

သူမသည် ညီမဖြစ်သူ၏ အရေးအတွက်သာမက သတင်းထောက်တစ်ယောက်၏ စရိုက်သဘာဝအရ ရှေးဟောင်းအိမ်ကြီးသို့ သွားရောက်ကြည့်ရှုချင်လှ၏။

မကြာဖြူသည် ထိုအခွင့်အရေးကို သူမ ရရှိမည်ဟု ယုံကြည်နေလေ၏။





ဝင်းစိုးသည် တည်းခိုအိမ် ပတ်ဝန်းကျင်သို့ လေသေနတ်တစ်လက်ဖြင့် လှည့်လည်သွားလာပြီး သတ္တဝါလေးများကို ပစ်ခတ်နေလေ၏။ ထိုလေသေနတ်ကို သူတော်ထံမှ ငှားရမ်းထားခြင်းဖြစ်၏။

ဝင်းစိုးသည် ညနေစောင်းသော တည်းခိုအိမ်သို့ ပြန်လာပြီး ...

"ကျုပ်ပြန်ဖို့ မနက်ဖြန်တစ်ရက်ပဲ ကျန်တော့တယ်၊ သန်ဘက်ခါဆိုရင်တော့ ကျုပ် ပြန်ပြီ၊ ခင်ဗျားတစ်ယောက်တည်း ပျင်းစရာကောင်းတဲ့ တောကြီးထဲမှာ နေခဲ့ပေတော့၊ ဒီလိုပြန်လို့ သူဌေးက အရေးယူရင်လည်း ကျုပ် ဂရုမစိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုနေ့ညသို့ ရောက်သောအခါ မကြာဖြူသည် အိပ်ရာထဲတွင် အိပ်မပျော်ဘဲ လူးလိမ့်နေလေ၏။ ဝင်းစိုးသည် ၎င်းအိပ်စက်သောနေရာမှထ၍ မကြာဖြူ၏ခုတင် အနီးသို့ တိုးကပ်လာလေ၏။

မကြာဖြူသည် ဝင်းစိုး၏ အပြုအမူကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ခေါင်းအုံးအောက်ရှိ ဓားမြှောင်ကို ထုတ်၍ "ရှေ့မတိုးနဲ့ နင် ဘာလုပ်မလို့လဲ"ဟု ပြောလိုက်ရာ ဝင်းစိုးသည် မီးရောင်ဖြင့် လက်သွားသော ဓားမြှောင်ကိုကြည့်၍ ထိတ်လန့်သွားပြီး ...

"ဘာမှမဟုတ်ပါဘူးဗျာ၊ ကျုပ် မနက်ဖြန်တစ်ရက် နောက် ဆုံးနေတော့မယ်ဆိုတာ ခင်ဗျားသိအောင် ပြောမလို့ပါ"

ဟု ပြောလေ၏။ မကြာဖြူသည် ဝင်းစိုး၏ မရိုးသားသော အပြုအမူကြောင့် ထိုညက ရဲရဲဝံ့ဝံ့ မအိပ်စက်ဝံ့ဘဲ ရှိလေ၏။





ဝင်းစိုးသည် နောက်တစ်နေ့သို့ ရောက်သောအခါ နံနက်စာစားပြီးသည်နှင့် လေသေနတ်တစ်လက်ကိုကိုင်၍ သစ်ငှက် လေးများအား ပစ်ခတ်ရန် ထွက်ခွာသွားလေ၏။ ထိုသို့ထွက်ခွာ ကာနီးတွင် ...

"ခင်ဗျားကတော့ ပျင်းစရာကောင်းတဲ့ အခန်းထဲမှာ နေ ပေတော့၊ ကျုပ်ကတော့ လေသေနတ်လျှောက်ပစ်မယ်၊ ပြီးရင် ရေအိုင်ကြီးမှာ ရေသွားကူးမယ်"

ဟု မထိလေးစား ပြောဆိုပြီး ထွက်ခွာသွားလေ၏။ ထိုနေ့ နေ့လယ်စာကို ဝင်းစိုး အချိန်မှီ ရောက်မလာသဖြင့် မကြာဖြူ တစ်ကိုယ်တည်း စားသောက်ရလေ၏။ ထိုအချိန်၌ ဝင်းစိုးသည် ရေအိုင်ကြီးအနီး၌ ရေကူးရန် အဝတ်အစားများကို ချွတ်ပြီး ၎င်း၏ကိုယ်ခန္ဓာ၌ ဘောင်းဘီတိုလေးသာ ကျန်ရှိသော အခါ ရေအိုင်ကြီးထဲသို့ ဆင်းလိုက်လေ၏။

ရေအိုင်ကြီးထဲ၌ ရေများအလွန်အေးစက်နေသဖြင့် ဝင်းစိုးသည် တခိုက်ခိုက် တုန်ယင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိုးသည် အားရအောင် ရေကူးပြီးနောက် ကုန်းပေါ်သို့ ပြန်တက်ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် ၎င်း၏ခြေထောက်သည် ရေအောက်မှ တစ်စုံတစ်ခုနှင့် ထိခိုက်မိလေ၏။

ထိုအရာသည် သံကဲ့သို့ မာကြောသောအရာ ဖြစ်သဖြင့် အံ့ဩပြီး ရေအောက်သို့ ငုပ်ကြည့်လိုက်ရာ ရေအောက်၌ မြင်ရသောအရာကြောင့် ဝင်းစိုးသည် အထိတ်တလန့် ဖြစ်သွားလေ၏။

ရေအောက်၌ ကားနက်ကြီးတစ်စီး နစ်မြုပ်နေပြီး ကားထဲ၌ မိန်းမတစ်ယောက်၏အလောင်း ရှိနေ၏။

ဝင်းစိုးသည် ရေပေါ်သို့ အမြန်ပြန်တက်၏။ ထိတ်လန့်ဖွယ်ဖြစ်ရပ်ကို မကြာဖြူအား ပြောရန်ကြံလေ၏။

ဝင်းစိုးသည် ကုန်းပေါ်သို့ ရောက်သောအခါ အဝတ်အစားများကိုပင် ပြန်မဝတ်တော့ဘဲ တည်းခိုအိမ်သို့ပြေးရန် ကြံလိုက်၏။





ထိုအခိုက်မှာပင် ၎င်းအနီးရှိ သစ်ပင်ကြီးအနောက်မှ ရုတ်တရက် သူတော် ထွက်လာပြီး ဝင်းစိုး၏ဗိုက်ကို ဓားဖြင့် တစ်ချက်ပြီးတစ်ချက် ဆောင့်ထိုးလိုက်ရာ ဝင်းစိုးသည် မြေပေါ်သို့ ပြိုလဲကျသွားလေ၏။

သူတော်သည် လဲကျသွားသော ဝင်းစိုးကိုကြည့်၍ အထိတ်တလန့်ဖြစ်နေပြီး ...

"ကျုပ်အမေကြီး အိုကြီးအိုမ အရွယ်ရောက်မှ ဒုက္ခရောက်မှာစိုးလို့ ခင်ဗျားကို သတ်လိုက်ရတာပါဗျာ၊ ကျုပ်ကိုခွင့်လွှတ်ပါ"

ဟု ပြောရင်း ဝင်းစိုး၏အလောင်းကို ရေအိုင်အတွင်းသို့ တွန်းချလိုက်လေ၏။

ပြီးနောက် စိတ်ထိခိုက် ကြေကွဲစွာဖြင့် ရေးအိမ်ကြီးဆီသို့ ပြန်သွားလေ၏။ မိမိတို့သားအမိနှစ်ယောက်စလုံး ရာဇဝတ်မှုများ ကျူးလွန်ခဲ့ချေပြီ။

* O *



www.burmeseclassic.com

www.burmeseclassic.com



မကြာဖြူသည် ဝင်းစိုး တစ်နေကုန် ပြန်မလာသဖြင့် ၎င်းအတွက် စိုးရိမ်သောက ဖြစ်နေလေ၏။

ရှေးအိမ်ကြီးဆီမှ သူတော်၏ အရိပ်အယောင်ကိုလည်း မတွေ့ရချေ။ မကြာဖြူသည် ညနေစောင်းသောအခါ ရှေးအိမ်ကြီးမှ ပြတင်းပေါက် ပွင့်လာမည့်အချိန်ကို စောင့်မျှော်နေလေ၏။

သို့သော် ထိုနေ့က ထူးထူးဆန်းဆန်းပင် အိမ်ကြီးမှ ပြတင်းပေါက် ပွင့်မလာခဲ့ချေ။

သူတော်၏ အပြောအရ အိမ်ကြီး၏ ပြတင်းပေါက်ကို ညနေတိုင်း မပျက်မကွက် ဖွင့်ပေးရသည်ဆို၏။

မကြာဖြူသည် အိမ်ကြီးကိုကြည့်၍ ဆုံးဖြတ်ချက် တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်လေ၏။





မကြာဖြူသည် ရေချိုးခန်းထဲသို့ဝင်၍ ရေချိုးလေ၏။ ထိုသို့ရေချိုးရင်း သူမ၏ ခြေထောက်တစ်ဖက်သည် ရေညှိများကို နင်းမိပြီး ချော်လဲလေတော့၏။

မကြာဖြူသည် အချိန်မီ ပိုက်လုံးကိုဆွဲလိုက်သဖြင့် အကျမနာခြင်းဖြစ်၏။

သူမသည် ညည်းညူပြီး ကုန်းရုန်းထရန် ပြင်လိုက်၏။ ထိုအခိုက်မှာပင် ရေပိုက်အနောက်၌ ညပ်နေသော ချောက်နီ နားဆွဲလေးတစ်ခု ထွက်လာ၏။

မကြာဖြူသည် နားဆွဲလေးကိုကြည့်ပြီး ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားလေ၏။ ထိုနားဆွဲလေးသည် ညီမဖြစ်သူ ငွေခင်၏ နားဆွဲလေးဖြစ်၏။

ငွေခင်၏ နားဆွဲလေးသည် အဘယ်ကြောင့် ဤ ရေချိုးခန်းထဲ၌ ရှိနေသနည်း။

ညီမဖြစ်သူ ခုက္ခရောက်နေပြီဟု ယုံကြည်လိုက်မိ၏။ ထိုသို့တွေးရင်း မျက်ဝန်းအစုံ၌ မျက်ရည်စို့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီဖြူသည် ဝင်းစိုး ပျောက်ဆုံးနေခြင်းနှင့်ပတ်သက်၍ စိုးရိမ်သောက ဖြစ်လာမိ၏။

ထို့ကြောင့် …

ယနေ့ညနေတွင် ရှေးအိမ်ကြီးဆီသို့ မပျက်မကွက်သွားရောက်ကြည့်ရှုတော့မည်။

ညဦး မှောင်ရီသမ်းစအချိန်သို့ ရောက်သောအခါ မကြာမီဖြူသည် ရှေးအိမ်ကြီးအနီးသို့ တရွေ့ရွေ့ တိုးကပ်သွားလေ၏။

အိမ်ကြီး၏အရှေ့ဘက် တံခါးမကြီးကို ဖြည်းညင်းစွာတွန်းဖွင့်လိုက်ရာ အိမ်ကြီးအတွင်းသို့ ရောက်သွား၏။

အိမ်ကြီး၏ ဧည့်ခန်း၌ ဟောင်းနွမ်းဆွေးမြည့်နေသော ပရိဘောဂများ ရှိနေပြီး အိမ်နံရံ၌ အမျိုးသမီးကြီးတစ်ယောက်၏ပန်းချီကားကြီးကို တွေ့ရ၏။

ထိုပန်းချီကားထဲ၌ မြင်ရသော အမျိုးသမီးကြီးသည် သူတော်၏မိခင်ကြီး ဖြစ်ပုံရ၏။





အိမ်ကြီးတစ်ခုလုံး မဟော်ကနီရောင်ဖြစ်သဖြင့် မှိုင်းညို့နေ၏။

အိမ်အပေါ်ထပ်သို့ တက်သော လှေကားကြီးကို အလွန်ရှေးကျသော ကနုတ်ပန်းခက်များနှင့် တန်ဆာဆင်ထား၏။

မကြာမီဖြူသည် အိမ်ကြီးထဲသို့ ရောက်သည်နှင့် ထိတ်လန့်တုန်လှုပ်သော ခံစားမှုတစ်မျိုးကို ခံစားနေရ၏။ သူ၏ တစ်ကိုယ်လုံးရှိ ခြေဖျားလက်ဖျားများ အေးစက်နေပြီး ရင်ခုန်နှုန်းများ မြန်ဆန်နေ၏။

မကြာမီဖြူသည် အိမ်ကြီး၏အပေါ်ထပ်သို့ တိတ်တဆိတ် တက်ရောက်ခဲ့လေ၏။

အပေါ်ထပ်သို့ ရောက်သောအခါ လူသူအရိပ်အယောင်ကို မမြင်ရဘဲ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေလေ၏။

အိမ်ကြီး၏အပေါ်ထပ်သို့ ရောက်သည်နှင့် ဤအိမ်ကြီး၌ မကောင်းသော အငွေ့အသက်တစ်မျိုး ရှိသည်ဟု ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ မကြာဖြူသည် အပေါ်ထပ်ရှိ မယော်ဂနီရောင်တံခါး ပိတ်ထားသော အခန်းတစ်ခန်းရှေ့၌ ရပ်လိုက်၏။

ထိုအခန်းထဲတွင် သူတော်၏မိခင် အတွက်ကြီးသော မိန်းမကြီးရှိနေ၏။

မကြာဖြူသည် အံကိုကြိတ်၍ တုန်ယင်သောလက်များဖြင့် တံခါးကြီးကို တွန်းဖွင့်လိုက်လေရာ တံခါးကြီးသည် ကျွီခနဲမြည်၍ တဖြည်းဖြည်း ပွင့်ဟသွား၏။

တံခါးပွင့်သွားသောအခါ မှိုစော်နံနေသော အနံ့ အသက်ကြီးသည် မကြာဖြူ၏ နှာခေါင်းထဲသို့ တိုးဝင်လာသဖြင့် ယောင်ယမ်း၍ နှာခေါင်းကိုပိတ်လိုက်၏။ အခန်းတစ်ခုလုံး အဘွား အိုတစ်ယောက်၏ ရနံ့များ ဖုံးလွှမ်းနေသလို ခံစားရ၏။

မယော်ဂနီ တံခါးမကြီးကို ကျောပေးထားသော မယော်ဂနီရောင် ထိုင်ခုံကြီး ရှိနေပြီး ထိုထိုင်ခုံ၌ အနီရောင်ကတ္တီပါ အင်္ကျီဝတ်၍ ထိုင်နေသော မိန်းမကြီးတစ်ယောက်၏ နောက်ကျော ကို မြင်တွေ့ရ၏။





ထိုမိန်းမကြီး၏ဆံပင်များ ဖွေးဖွေးဖြူနေပြီး မကြာဖြူ ကို ကျောပေးလျက် အနေအထားအတိုင်း ရှိနေ၏။

မကြာဖြူသည် အဘွားကြီးအနီးသို့ တရွေ့ရွေ့တိုး ကပ်သွားလေ၏။ သူမ၏ ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲလုမတတ် တုန်ယင်နေ၏။

မကြာဖြူသည် အဘွားကြီးအရှေ့သို့ ရောက်သွား ပြီး ရုတ်တရက် မြင်ရသော ရှုခင်းကြောင့် လိပ်ပြာလွင့်လုမတတ် ဖြစ်သွားပြီး ငယ်သံပါအောင် အော်ပစ်လိုက်လေ၏။

အဘယ်ကြောင့်ဆိုသော် အဘွားကြီးသည် သက်ရှိ ထင်ရှား လူသားတစ်ယောက် မဟုတ်ဘဲ သေလွန်ပြီးသော အလောင်းခြောက်ကြီး ဖြစ်၏။ အဘွားကြီး၏ မျက်လုံးများ ဟောက် ပက်ဖြစ်နေပြီး ပါးစပ်ကြီး ဟပြဲနေ၏။

အဘွားကြီး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း[illegible] နေပုံရ၏။ အဘွားကြီး၏ အလောင်းကို အရိုးခြောက်[illegible] မည်သို့ပြုပြင်ထားသည်မသိ၊ အဘွားကြီးသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီး ပိန်ချုံးနေသည်ကလွဲ၍ ပကတိ လူသားတစ်ယောက်ကဲ့သို့ ဖြစ်၏။ မကြာဖြူသည် မိမိစိတ်ကို မိမိထိန်း၍ ...

"အဘွားကြီးသေတာ နှစ်အတော်ကြာနေပြီ၊ ဒီအဘွားကြီးကို ဖုတ်ကောင်ကြီးလို့ဖြစ်အောင် သူ့သားလူယုတ်မာကောင် လုပ်ထားတာဖြစ်မယ်"

ဟုတွေးကာ ထိုအိမ်ကြီးမှ အမြန်ဆုံးပြေးထွက်ရန် ကြံစည်လိုက်၏။

မကြာဖြူသည် အဘွားကြီး၏ အိပ်ခန်းထဲမှ ပြေးထွက်လာပြီး အောက်ထပ်သို့ဆင်းရန် ကြံစည်လိုက်စဉ် လှေကားအတိုင်းတက်လာသော မိန်းမကြီးတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ထိုမိန်းမကြီး၏ မျက်နှာတစ်ခုလုံး ပေါင်ဒါများမြင်မကောင်းအောင် လိမ်းကျံထားပြီး ဆံပင်များ ဖွေးဖွေးဖြူနေ၏။ အနီရောင်ကတ္တီပါအင်္ကျီကို ဝတ်ဆင်ထားသော မိန်းမကြီးသည် စူးရှသော အသံဖြင့် ...





"နင်တို့မိန်းမတွေ လုံးဝမကောင်းဘူး၊ ငါ့သားကို [illegible] မြူဆွယ်ပြီး ငါနဲ့ ငါ့သားကို ရှင်ကွဲ့ကွဲအောင် လုပ်မယ့်ကောင်မတွေ၊ နင့်ညီမကိုလည်း ငါ သတ်ပြီး ရေအိုင်ထဲမြှုပ်လိုက်ပြီးပြီ၊ နင့်အကောင်ကိုလည်း ငါ့သားကသတ်ပြီး ဒီနေ့မနက်ပဲ ရေအိုင်ထဲ မြှုပ်ပစ်လိုက်တယ်၊ အခု နင့်အလှည့်ပဲ"

ဟု အော်ဟစ်ပြောဆိုလေရာ မကြာဖြူသည် မိန်းမကြီးကို အထိတ်တလန့်ကြည့်၍ ...

"ဖုတ်ကောင်ကြီး၊ ကျွန်မနား မကပ်နဲ့နော်၊ သွား ... သွားထွက်သွား"

ဟု အော်ဟစ်တားဆီးလေ၏။

သို့သော် ကတ္တီပါအင်္ကျီဝတ်ထားသော မိန်းမကြီးသည် ဓားမြှောင်ကိုဝင့်၍ ရှေ့သို့ တိုးမြဲတိုးလာပြီး ...

"အရပ်ပျက်မ၊ နင်တို့ကို လူ့လောကမှာ ထားလို့မရတော့ဘူး၊ နင်တို့ရှိနေရင် ငါနဲ့ ငါ့သားဟာ ရှင်ကွဲ ကွဲရဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့သားအမိရဲ့ ချစ်ခြင်းကို ခွဲမယ့်ကောင်မ၊ သေဖို့သာ ပြင်ပေတော့"

ဟုဆိုကာ မကြာဖြူကို ဓားဖြင့်ဝင်ထိုးလေ၏။ မကြာဖြူသည် ထိတ်လန့်တကြား အော်ဟစ်၍ အိမ်ကြီး၏အနောက် အခန်းကျယ်ကြီးဆီသို့ ပြေးလွှားခဲ့၏။

ထိုအခန်းတစ်ခုလုံး အသားခြောက်များ အပြည့် အနက်ချိတ်ဆွဲထား၏။ မိန်းမကြီးသည် စူးရှသောအသံဖြင့် အော်ဟစ်ကြွေးဝါးကာ မကြာဖြူကို ဓားဖြင့်လိုက်လံထိုးနေလေ၏။

မကြာဖြူသည် ငယ်သံပါအောင် အော်ဟစ်၍ ချိတ်ဆွဲထားသော အသားခြောက်တွဲကြီးများကြားမှ ပြေးလွှားနေရ၏။

မိန်းမကြီးသည် မကြာဖြူကို လိုက်လံထိုးနက်ရင်း သူမ၏ခေါင်းမှ အဖြူရောင်ဆံပင်တုကြီးသည် အသားခြောက်တွဲဖြင့် ချိတ်မိပြီးပြုတ်ကျသွားလေ၏။

ထိုအခါ မိန်းမကြီးသည် သူတော် ဆိုသော အု ကြောင်ကြောင်လူ ဖြစ်နေကြောင်း အံ့သြဖွယ် မြင်တွေ့လိုက်ရ၏။





မကြာဖြူသည် သူတော်အား စိတ္တဇဝေဒနာရှင်တစ်ဦးဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။

သူတော်သည် မိခင်ကို အလွန်ချစ်ပြီး မိခင်၏ဩဇာ အရှိန်အဝါကြီးမားလွန်းသဖြင့် မိခင်သေဆုံးခြင်းကို လက်မခံဘဲ ရှိနေပုံရ၏။ မိခင်သေဆုံးခြင်းကို လက်မခံသော သူတော်သည် မိခင်သက်ရှိထင်ရှား ရှိနေသည်ဟု ယူဆကာ အလောင်းခြောက်ကြီးကို နေ့စဉ်ကျွေးမွေးပြုစု၏။

သူ၏ကိုယ်၌ မိခင်စိတ်ကတစ်စိတ်၊ သားစိတ်က တစ်စိတ်ဟူ၍ စိတ်နှစ်စိတ် ဖြစ်နေပုံရ၏။ မကြာဖြူသည် သူတော်ကိုတားမြစ်ရန် ကြိုးစားလိုက်ပြီး ...

"ရှင့်အမေ သေပြီလေ၊ ရှင်က သူတော်ပါ၊ သူတော်က စိတ်ကောင်းရှိတယ်၊ ကျွန်မကို ရန်မလုပ်ဘူး၊ ရှင်က သူတော်ပါ"

ဟု ဆိုလိုက်ရာ သူတော်သည် စူးရှသောအသံဖြင့် မိန်းမကြီးတစ်ယောက်ကဲ့သို့ ရယ်မောလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ဟီး ဟီး ... နင် ငါတို့သားအမိကို သွေးခွဲဖို့ကြံနေပြီ၊ အယုတ်တမာမ"

ဟုဆိုကာ မကြာဖြူအား ဓားဖြင့်လိုက်လံထိုးနက်လေ၏။ မကြာဖြူသည် ထိတ်လန့်စွာ အော်ဟစ်ပြီး အိမ်ကြီး၏အောက်သို့ ပြေးဆင်းခဲ့၏။ အောက်ထပ်သို့ ရောက်သောအခါ တံခါးမကြီး၏ချက်ကို ထိုးပိတ်ထားသဖြင့် မကြာဖြူ ဖွင့်ရန်ကြိုးစားစဉ် အနီးသို့ သူတော် ရောက်ရှိလာပြီး ဓားဖြင့်ထိုးလိုက်ရာ ကံကောင်းထောက်မ၍ ဓားသည် တံခါး၌ စိုက်ဝင်လေ၏။

မကြာဖြူသည် အနီးရှိ ပန်းအိုးကိုယူ၍ သူတော်၏ခေါင်းကို ရိုက်လိုက်ရာ သူတော်သည် မူးဝေသွားလေ၏။

သို့သော် တံခါးကြား၌ စိုက်ဝင်နေသောဓားကိုထုတ်၍ လိုက်လံတိုက်ခိုက်ရာ မကြာဖြူသည် အိမ်ကြီး၏ မီးဖိုဆောင်သို့ ပြေးရပြန်၏။

ထိုသို့ပြေးရင်း မီးဖိုစောင်၌ တည်ထားသော ရေနွေးအိုးကိုလှမ်းယူပြီး သူတော် ရှိရာသို့ လှမ်းပက်လိုက်၏။





သူတော်သည် မျက်နှာကို ရေနွေးအိုးထိမှန်ပြီး နာကျင်လွန်းသဖြင့် ကျယ်လောင်စွာ အော်ဟစ်လေ၏။ သူတော်၏လက်တစ်ဖက်သည် မကြာဖြူ၏ဆံပင်ကို ဆွဲမိသွားပြီး အနောက်သို့ ဆောင့်ဆွဲလိုက်ရာ မကြာဖြူသည် မီးဖိုနံရံသို့ လန်ကျ၍ အုတ်နံရံနှင့် ရိုက်မိပြီး သွေးများမြင်မကောင်းအောင် ထွက်လာ၏။ မကြာဖြူ၏ခေါင်းထဲတွင် မူးဝေနေပြီး အနီးသို့ တိုးကပ်လာသော သူတော်၏ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရချေ။

သူတော်သည် အနီးရှိ ထင်းခွဲသော ပေါက်ဆိန်ကြီးကို ဆွဲယူလိုက်ပြီး မကြာဖြူကို ခုတ်ပိုင်းရန် ချိန်ရွယ်လိုက်ပြီး စူးရှသော အသံကြီးဖြင့် ...

"အရပ်ပျက်မ ... ငါနဲ့ ငါ့သားကို ဘယ်တော့မှ ခွဲလို့မရဘူး ... မှတ်ထား"

ဟုဆိုကာ ပုဆိန်ဖြင့် ခုတ်ချလိုက်၏။ မကြာဖြူသည် ရှောင်တိမ်းရန် မည်သို့မျှ မတတ်နိုင်သဖြင့် မိမိကိုခိုမိသေလှုပြီ မှတ်ယူလိုက်မိ၏။ သို့သော် မကြာဖြူ ကံကောင်းချင်

www.burmeseclassic.com



တော့ သူတော်၏ ပုဆိန်ကြီးသည် အသားခြောက်လှမ်းရန် ချိတ်ထားသော သံကြိုးကြီးဖြင့် ချိတ်မိနေ၏။

မကြာဖြူသည် ထိုအခွင့်အရေးကို လက်လွတ်မခံဘဲ မီးဖိုထဲတွင်ရှိသော သံချောင်းရှည်ကြီးဖြင့် သူတော်၏ ရင်ဝသို့ ထိုးစိုက်လိုက်ရာ သံချောင်းသည် ရင်ဝမှ ထုတ်ချင်းပေါက်ပြီး ထွက်သွားလေ၏။

မကြာဖြူသည် သူတော်၏ မျက်နှာကိုကြည့်၍ အံကိုကြိတ်၍ ...

"ဖုတ်ကောင်ကြီး သွားပေတော့"

ဟု တီးတိုးရေရွတ်လိုက်လေတော့၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

ဘာမှမသိသော

မင်းမြတ်သူရ

BURMESE CLASSIC

www.burmeseclassic.com